ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်းမရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင်ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်း မပြုရာ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)



# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး လျှပ်စစ်မီးရရှိပါက အလုပ်အကိုင်အခွင့်အလမ်း တိုးတက်လာမည်

**နေပြည်တော် မတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အသေးစားရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မည့်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်း၊ ဦးဖေဇင်ထွန်း၊ ဦးကျော်ဝင်း၊ ဦးဝင်းခိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



**စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အသေးစားရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မည့်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှာစကားပြောကြားစဉ်။**




**ပြည်သူ့အတွက် ပထမတစ်နှစ်တာ အချုပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပထမတစ်နှစ်တာ ကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။



**မောင်ဝေယံငြိမ်းနှင့် မောင်ဝေယံဟိန်းတို့အား မခွဲစိတ်မီတွေ့ရစဉ်။**

# မောင်ဝေယံငြိမ်းနှင့် မောင်ဝေယံဟိန်း ဆီးခုံချင်းဆက် အမြွှာညီအစ်ကို မန္တလေးကလေးဆေးရုံကြီး၌ ခွဲစိတ်ကုသ

**မန္တလေး မတ် ၂၃**

မန္တလေးမြို့ ခုတင် (၅၅၀)ဆံ့ ကလေးဆေးရုံကြီးတွင် တက်ရောက် ဆေးဝါးကုသမှုခံယူနေကြသည့် ဆီးခုံချင်းဆက် အမြွှာညီအစ်ကို မောင်ဝေယံငြိမ်းနှင့် မောင်ဝေယံဟိန်းတို့အား ယနေ့နံနက် ၉ နာရီမှ စတင်၍ခွဲစိတ်ကုသမှုပြုလုပ်နေပြီဖြစ်ကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာသက်ဆွေက ပြောကြားသည်။

"ကလေးတွေကို တစ်ဦးချင်းစီဖြစ်အောင် ခွဲစိတ်ဖို့ မနက် ၆ နာရီကတည်းက ကြိုတင်ပြင်ဆင်မှုတွေလုပ်ခဲ့ပါတယ်။ ခွဲစိတ်မှုကို မနက် ၉ နာရီက စတင်ခဲ့တယ်။ ခွဲစိတ်မှုက အနည်းဆုံး ၁၄ နာရီကြာနိုင်ပါတယ်။ ခွဲစိတ်မှုအားလုံးကောင်းပါတယ်"ဟု ၎င်းကပြောသည်။

အဆိုပါ ကလေးငယ်နှစ်ဦးကို မုံရွာမြို့နယ် ဗောဓိတစ်ထောင်အနီး ညောင်ပင်သာရွာမှ တောင်သူ ကိုအောင်ငြိမ်းနှင့် မမာလာစန်းတို့က ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် မုံရွာဆေးရုံ၌ မွေးဖွားခဲ့ပြီး ယင်းနေ့ညနေပိုင်းတွင် မန္တလေးမြို့ ခုတင် (၅၅၀)ဆံ့ ကလေးဆေးရုံသို့ ပြောင်းရွှေ့ကုသမှုခံယူပြီး တစ်နှစ်ကျော်အကြာတွင် ခွဲစိတ်မှုပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါခွဲစိတ်ကုသမှုကို မန္တလေးမြို့ရှိ ခွဲစိတ်ဆရာဝန်များ၊ ရန်ကုန်မြို့ဆေးရုံများမှ ခွဲစိတ်ဆရာဝန်များအပြင် ကလေးအထူးကု ဆရာဝန်ကြီးများက ပူးပေါင်းပါဝင်ခွဲစိတ်ပေးလျက်ရှိပြီး ခွဲစိတ်မှုရလဒ်အဖြေကို မတ် ၂၄ ရက်တွင် ထုတ်ပြန်ပေးသွားမည်ဟု သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

■



ကြေးမုံ

# ကောင်းမွန်သောအနာဂတ်ကို တည်ဆောက်

ယခုအခါ ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောဒေသအရေးနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်နေသည်ကိုတွေ့ရသည်။ ပြည်တွင်းမှကော်မရှင်အဖွဲ့ဝင်များသာမက နိုင်ငံတကာမှ လူ့အခွင့်အရေးဆိုင်ရာ တာဝန်ရှိသူများပါ အဆိုပါအရေးဖြစ်ပွားပြီးနောက်ပိုင်း အကြိမ်ကြိမ်အထပ်ထပ် ကွင်းဆင်းသွားရောက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီး၊ ပြုလုပ်လျက်ရှိနေကြသည်။

ထိုသို့ဆောင်ရွက်နေစဉ်တွင် နိုင်ငံတကာအချက်အလက်ရှာဖွေရေးမစ်ရှင်အဖွဲ့ မြန်မာနိုင်ငံသို့ အလျင်အမြန် စေလွှတ်ရန် ဥရောပသမဂ္ဂက ဦးဆောင်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီထံ တင်သွင်းတောင်းဆိုခဲ့သည်ဟု သိရသည်။ မောင်တောဒေသဖြစ်စဉ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများရှိသည်ဟု စွပ်စွဲပြစ်တင်ခဲ့ပြီး မြန်မာနိုင်ငံမှ စုံစမ်းစစ်ဆေးမှုများကိုလည်း အယုံအကြည်မရှိဝေဖန်ပြောဆိုကာ နိုင်ငံတကာလွတ်လပ်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့စေလွှတ်ရန် တောင်းဆိုခဲ့သည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းမှ မောင်တောဒေသဖြစ်စဉ်မှာ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်နယ်မြေဒေသအတွင်းရှိ အဆိုပါဒေသတွင် လုံခြုံရေးတာဝန်ယူဆောင်ရွက်နေသော တပ်ဖွဲ့စခန်းများအား အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များက အစီအစဉ်ရှိရှိ ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ခြင်းကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်၍နယ်မြေရှင်းလင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လက်နက်ခဲယမ်းများ ထိခိုက်ဆုံးရှုံးမှုများရှိသလို ဒေသခံပြည်သူများလည်း ထိခိုက်နစ်နာမှုများရှိခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် စစ်ဆင်ရေးနယ်မြေအတွင်း နယ်မြေရှင်းလင်းဆောင်ရွက်ရာတွင် အန္တရာယ်ရှိသောအနေအထားဖြစ်သော်လည်း ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကိုင်တွယ်ဖြေရှင်းကြရသည်။ မမျှော်မှန်းနိုင်သောအနေအထားနှင့် မမြင်နိုင်သောအန္တရာယ်များကို ရှင်းလင်းဆောင်ရွက်ရသည်မှာ သိမ်မွေ့နက်နဲပြီး လွယ်ကူသောအလုပ်မဟုတ်ချေ။

မည်သို့ပင်ဖြစ်စေ မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များ ဖြစ်ပွားခဲ့သောနယ်မြေများသို့ လက်တွေ့ကွင်းဆင်း၍ မြောက်မြားစွာသော သက်သေအထောက်အထားများကိုရှာဖွေကာ ဓမ္မဓိဋ္ဌာန်ကျကျ စုံစမ်းမေးမြန်းစစ်ဆေးမှတ်တမ်းပြုခဲ့ကြခြင်းသည် အမှန်တရားနှင့် ပိုမိုနီးစပ်သည်ဟု ဆိုချင်ပါသည်။ ရှုပ်ထွေးပွေလီသော အကြမ်းဖက်မှုပဋိပက္ခကို ကိုင်တွယ်ရာတွင် ချို့ယွင်းချက်တစ်ခုစ၊ နှစ်ခုစရှိကောင်းရှိမည်ဖြစ်သော်လည်း ရည်ရွယ်ချက်ရှိရှိ ကြီးကြီးမားမားဖောက်ဖျက်ခြင်းမရှိသည်မှာ သေချာပေသည်။

လက်ရှိတွင်လည်း ရခိုင်ပြည်နယ် မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့အနေဖြင့် ဖြစ်ပေါ်နေသော ပြဿနာများကို ညှိနှိုင်းတိုင်ပင်၍ မှန်မှန်ကန်ကန်ကိုင်တွယ်ဖြေရှင်းနိုင်ရန် ရခိုင်ပြည်နယ်အတွင်းသာမက ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည်စခန်းများသို့ပါ သွားရောက်ဆောင်ရွက်နေပေသည်။ ကော်မရှင်အနေဖြင့် ပြဿနာများကို မှန်မှန်ကန်ကန်လွှမ်းခြုံသုံးသပ်ပြီး လက်တွေ့ကျသော ဖြေရှင်းချက်များပါဝင်သည့်အကြံပြုချက်အစီရင်ခံစာကို နိုင်ငံတော်သို့ ပြန်လည်တင်ပြပြီး ပိုမိုကောင်းမွန်သောအနေအထားရောက်အောင် အမြန်ဆုံးဆောင်ရွက်နေသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မှ မောင်တောအရေးမှာ အကြမ်းဖက်မှုမှ စတင်ဖြစ်ပေါ်လာသည့်အရေးဖြစ်သည်။ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအတွင်းဖြစ်ပေါ်ခဲ့သည့်အရေးဖြစ်၍ ဝေဖန်ပြစ်တင်မှုများကြားမှ ကောင်းမွန်သည့် တည်ငြိမ်အေးချမ်းမှုရှိသော လူ့ဘောင်တစ်ခုဖြစ်ပေါ်လာအောင် အမှန်တရားကို မှန်မှန်ကန်ကန်လက်တွေ့ကျကျဆောင်ရွက်နေသည်မှာ ပေါ်လွင်ပါသည်။ တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်ငြိမ်အေးချမ်းပြီး ပြန်လည်ဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး၊ လူ့အခွင့်အရေးဖြစ်ထွန်းရေးများ ပိုမိုဖြစ်ပေါ်လာစေရန် အပြုသဘောဆောင်ကာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကောင်းမွန်သောအနာဂတ်ကို ဝိုင်းဝန်းတည်ဆောက်ခြင်းသည်သာ အမှန်တရား ဖြစ်ပါသည်။ ။

## (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

☆ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာ ခံယူလုပ်ဆောင်ရေး။

☆ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## သကြ္ကန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရေး ပညာပေးဟောပြော

**ရန်ကုန် မတ် ၂၃**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနိုင်အောင်မိုး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် မတ် ၂၂ ရက် ညနေ ၄ နာရီက သင်္ကြန်ကာလအတွင်း မှုခင်းများဖြစ်ပွားမှုမရှိစေရေးအတွက် အလုံမြို့နယ် သစ်တောရပ်ကွက် ကမ်းနားကျောက်လမ်းရှိ သစ်တောရပ်ကွက်လုံးဆိုင်ရာဓမ္မာရုံ၌ အသိပညာပေး ဟောပြောခဲ့ကာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပညာပေးဟောပြောပွဲသို့ သစ်တောရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်စိုးနှင့် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်အတွင်းရှိ ပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်ဦး (အလုံ)**

## အကျိုးခံစားခွင့်များ ပေးအပ်

**ကျိုက်ထို မတ် ၂၃**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျိုက်ထိုလူမှုဖူလုံရေးရုံးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များထုတ်ပေးခြင်းအခမ်းအနားကို မတ်လတတိယပတ်က ကျိုက်ထိုဘူတာရုံးခန်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် လူမှုဖူလုံရေးအဖွဲ့ ပြည်နယ်တာဝန်ခံ ဒေါ်သင်းသင်းဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များထုတ်ပေးသည့် ကိစ္စရပ်များနှင့်ပတ်သက်သည်များကို ရှင်းလင်းဆွေးနွေးပြီး မြန်မာ့မီးရထားမှ တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အာမခံအလုပ်သမား မောင်ဝင်းကိုသူအား အမြဲတမ်းမသန်စွမ်းမှုငွေလုံးငွေရင်းအကျိုးခံစားခွင့် ငွေကျပ် ၅၂၉၂၀၀၀ ကိုလည်းကောင်း၊ အမှတ်(၂၂)အထွေထွေအကြီးစားစက်ရုံမှ အာမခံအလုပ်သမား ဦးဇော်ဇော်အောင်အား အကျိုးခံစားခွင့် ငွေကျပ် ၄၉၁၄၀၀ ကိုလည်းကောင်း ပေးအပ်ခဲ့သည်။ **သန်းသန်းမော်(ပြန်/ဆက်)**

## သတင်းထောက်များနှင့် တွေ့ဆုံမည်

မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် သတင်းနှင့်ဓာတ်ပုံများ ပေးပို့လျက်ရှိသော ပန်းတနော်၊ ကျောင်းကုန်း၊ အိမ်မဲ၊ ကန်ကြီးထောင့်၊ သာပေါင်း၊ ပုသိမ်၊ ငပုတော၊ လပွတ္တာ၊ မြောင်းမြ၊ ဟိုင်းကြီးကျွန်းမြို့နယ်များနှင့် ပတ်ဝန်းကျင်မြို့များမှ သတင်းထောက်များ၊ သတင်းလုပ်ငန်းစိတ်ပါဝင်စားသောသူများနှင့် နိုင်ငံပိုင်သတင်းစာတိုက်မှ တာဝန်ရှိသူတို့ တွေ့ဆုံမည်ဖြစ်သည်။ အဆိုပါတွေ့ဆုံပွဲကို မတ် ၂၆ ရက် မွန်းလွဲပိုင်းနှင့် မတ် ၂၇ ရက်နှင့် မတ် ၂၈ ရက်တို့တွင် ကော့မှူး၊ ကွမ်းခြံကုန်း၊ တွံတေး၊ ဒေးဒရဲ၊ မအူပင်၊ ကျိုက်လတ်၊ ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ ဝါးခယ်မ၊ ပန်းတနော်မြို့နယ်တို့၏ နီးစပ်ရာမြို့များ၌ ပြုလုပ်မည်ဖြစ်ရာ ဖုန်း-၀၉-၃၃၆၄၄၂၀၉ နှင့် ၀၉-၄၂၀၇၆၆၃၃၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**(ကြေးမုံ)**

## စာမူရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာသို့ ပေးပို့လာသည့် ခေါင်းကြီး၊ ဆောင်းပါး၊ သတင်း၊ ကာတွန်း၊ ကဗျာနှင့်ဓာတ်ပုံများအနက် သတင်းစာများတွင် ရွေးချယ်ဖော်ပြခဲ့သော စာမူအမျိုးအစားအလိုက် စာမူခချီးမြှင့်မှုများကို သတင်းစာတွင် ဖော်ပြပြီးနောက် ရက်သတ္တတစ်ပတ်အတွင်း ထုတ်ပေးလျက်ရှိပါသည်။

စာမူရှင်များနှင့် ဆက်သွယ်ရရှိမှုအလိုက် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ လာရောက်ထုတ်ယူမှုအပေါ် မူတည်၍ စာမူခများ ထုတ်ပေးလျက်ရှိသည့်အပြင် စာတိုက်မှပေးပို့သည့် နည်းလမ်းဖြင့်လည်း ဆောင်ရွက်လျက်ရှိပါသည်။ သို့သော်လည်း ပေးပို့သည့် စာမူများ၌ ဆက်သွယ်ရမည့် လိပ်စာများမပါရှိသဖြင့် စာမူခထုတ်ပေးရာတွင် ကြန့်ကြာမှုများရှိနေပြီး စာမူခပေးရန်ကျန်ရှိနေမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

သို့ပါ၍ ကြေးမုံသတင်းစာတွင် ဖော်ပြပါရှိခဲ့သော စာမူများအလိုက် စာမူခချီးမြှင့်ငွေများကို မန်နေဂျာ၊ ကြေးမုံသတင်းစာတိုက် ရန်ကုန်/နေပြည်တော် ဖုန်း-၀၁-၈၆၁၀၆၈၅၊ ၀၁-၂၉၂၈၃၂၊ ၀၆၇-၃၆၁၂၉ တို့သို့ ဆက်သွယ်ထုတ်ယူရေး ဆောင်ရွက်နိုင်ပါရန်နှင့် နောင်တွင် စာမူများ ပေးပို့ရာ၌ ဆက်သွယ်ရမည့်လိပ်စာများ၊ ပေးပို့စေလိုသည့် နည်းလမ်းတို့အား ဖော်ပြပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**စာတည်းမှူးချုပ်**
**(ကြေးမုံသတင်းစာတိုက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၂၃**

ရန်ကုန်(ရွှေဈေး) ၈၉၉၅၀၀ - ၈၉၉၅၀၀ မန္တလေး(ရွှေဈေး) ၈၉၉၅၀၀ - ၈၉၉၅၀၀

| စက်သုံးဆီဈေးနှုန်း | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၇၀၅/၇၂၀ ကျပ်၊ | ၇၃၀/၇၅၀ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၇၃၅/၇၆၅ ကျပ်၊ | ၈၇၀/၈၈၀ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၆၉၅/၇၃၅ ကျပ်၊ | ၇၈၀/၈၀၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၄၀ ကျပ်၊ | ၇၅၀/၇၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၃၈/၆၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၄၅/၆၅၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၃၀/၆၃၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၂.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၆၈.၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၇.၈၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၉.၃၅၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၇.၆၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀.၈၀၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၂၀.၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၁.၅၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၂.၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၂.၄၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှိုင်သင်း၊ ဒေါ်စန္ဒာဝင်း

သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန်လ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ပြည်တွင်းရေးရာ

✪ ရွှေဖုံးမှ

လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေးအတွက် ဂရုစိုက်ရန်လိုပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး လျှပ်စစ်မီးရရှိပါက အလုပ်အကိုင်အခွင့်အလမ်းဖန်တီးရေးသည် တိုးတက်လာမည်ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များကလည်း အဆိုပါနေရာများတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ပိုပြီးစိတ်အားထက်သန်ကြမည်ဖြစ်ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီးသည် လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် လျှပ်စစ်ဓာတ်အားကဏ္ဍ နှစ်ဖက်စလုံးတွင် အားနည်းနေပါကြောင်း၊ မည်သည့်အတွက်ကြောင့် အားနည်းနေသည်ကို မိမိတို့ဆန်းစစ်ရန်လိုပါကြောင်း၊ ဤသို့ဖြစ်ရသည်မှာ စီမံသည့်ဘက်တွင် အားနည်းခြင်း သို့မဟုတ် အကောင်အထည်ဖော်သည့်ဘက်တွင် အားနည်းခြင်း ဖြစ်နေသည်ကို သိရှိရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် ဗဟိုနှင့်ညှိနှိုင်းဆောင်ရွက်ရန် အရေးကြီးပါကြောင်း။

အခြားတိုင်းဒေသကြီး၊ ပြည်နယ်များနှင့်နှိုင်းယှဉ်ပါက နောက်ကျနေခြင်းသည် မသင့်တော်ပါကြောင်း၊ ဗဟိုဘက်ကလည်း အတတ်နိုင်ဆုံး ကူညီမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး အစိုးရဘက်ကလည်း တတ်နိုင်သမျှတာဝန်ယူပြီး မည်သည့်နေရာများတွင် မည်သည့်အရာများ လိုအပ်သည်၊ မည်သို့ အကောင်အထည်ဖော်မည်၊ စီမံကိန်းများသည် မည်မျှအထိ အောင်မြင်သည်ဆိုသည်ကို သိရန်လိုအပ်ပါကြောင်း၊ သို့မှသာ မိမိတို့အနေဖြင့် လိုအပ်သလို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အားရရှိမှုအခြေအနေ၊ လိုအပ်ချက်နှင့် အခက်အခဲများ၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ကဏ္ဍ တိုးတက်ကောင်းမွန်ရေးအတွက် စီမံကိန်းရေးဆွဲဆောင်ရွက်ရန် စီစဉ်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်တိုးတက်ရေးအတွက် သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းနှင့် ဖောင်းပြင်-ပင်လည်ဘူးလမ်း၊ ကန့်ဘလူ-ကျွန်းလှ-ချပ်သင်း-ကောလင်း-ဝန်းသို-အင်းတော်လမ်း၊ မုံရွာ-ယာကြီး-ကလေးဝလမ်း၊ ရေဦး-ကလေးဝလမ်း၊ ဟုမ္မလင်း-ကက်သာ-အောင်ဇေယျ-မြို့သစ်-တမူးလမ်း၊ လေရှီး-ထန်ပါခွေ-လဟယ်-နန်းယွန်း-ပန်ဆောင်လမ်း၊ နန်းယွန်း-ရှင်ဗွေယန်လမ်း၊ ခန္တီး-ဖားလမုန်း-တာမခံ-ညောင်ပင်လမ်း၊ တမူး-စစ်သောင်-ဖောင်းပြင်လမ်းနှင့် မိုပိုင်းလွတ်-ရန်နွေးလမ်းတို့အား ဦးစားပေးကဏ္ဍအလိုက် စီမံကိန်းရေးဆွဲဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှစ၍ နှစ်အလိုက်တိုးတက်လာသည့် ရောင်းချယူနစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့၊ ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိမှုနှင့် ကျန်ရှိမှုအခြေအနေ၊ ၂၀၁၆-၂၀၁၇ ခုနှစ်အထိ ဓာတ်အားတိုးတက်သုံးစွဲမှု၊ တိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်မီးရရှိမှုနှင့် ကျန်ရှိမှုအခြေအနေ၊ ဓာတ်အားစနစ်ဖြင့် မီးလင်းရန်ကျန်ရှိသောမြို့များအား ဓာတ်အားရရှိရေး ဆောင်ရွက်ထားရှိမှု၊ ဓာတ်အားစနစ်အတွင်းမှ တိုင်းဒေသကြီးအတွင်း ဓာတ်အားပို့လွှတ်နိုင်ရန် ဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ဆဲ ဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံစီမံကိန်းများ၊ ဓာတ်အားတိုးတက်သုံးစွဲမှုများအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်ရန် လျာထားသော စီမံကိန်းများ၊ စူးစမ်းတိုင်းတာပြီးသော အသေးစားရေအားလျှပ်စစ်အရင်းအမြစ်များ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဖြင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်စီမံကိန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ဘဏ္ဍာငွေစီမံခန့်ခွဲမှုဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက တိုင်းဒေသကြီးအတွင်း ပြည်သူများ ဝင်ငွေတိုးတက်စေရန် စိုက်ပျိုးမြေခွဲဝေပေးမှု၊ စိုက်နည်းပညာနှင့် စိုက်ပျိုးရေးအသိပညာများ ဖြန့်ဝေပေးမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရန် အဓိကလိုအပ်နေသည့် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ကဏ္ဍ အမြန်ဆုံးတိုးတက်လာအောင် တိုင်းဒေသကြီးအစိုးရအနေဖြင့် ပြည်ထောင်စုအစိုးရ၊ ပတ်သက်ဆက်နွှယ်သည့် ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ စီမံကိန်းများရေးဆွဲပြီး မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း လမ်းညွှန်မှာကြားသည်။

(သတင်းစဉ်)

# အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ အစည်းအဝေးတက်ရောက်

**နေပြည်တော် မတ် ၂၃**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ မတ် ၂၁ ရက်တွင် ကျင်းပသည့် ပထမအကြိမ် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေးသို့ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့များ စုံညီစွာတက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် မစ္စတာ ရှရီ အာဂျစ် ဒိုဗာက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး ဒေသတွင်း လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများအကြား အချက်အလက်များမျှဝေရေးနှင့် ဆက်ဆံရေးလမ်းကြောင်းများ တည်ထောင်ရေး အပါအဝင် အကြမ်းဖက်မှု တိုက်ဖျက်ရေး၊ ဆိုက်ဘာလုံခြုံရေး၊ ပင်လယ်ရေကြောင်းလုံခြုံရေးတို့နှင့်ပတ်သက်၍ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် ဆွေးနွေးသဘောတူခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မိုဒီက ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များအား လက်ခံတွေ့ဆုံခဲ့သည်။**(ယာပုံ)**

ထို့ပြင် မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဦးသောင်းထွန်းသည် အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာ ဒုတိယအကြံပေးပုဂ္ဂိုလ် ဒေါက်တာ အာဗင် ဂုပ်တာနှင့် သီးခြားတွေ့ဆုံ၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ မဲရုံမှူး၊ ဒု-မဲရုံမှူးများအတွက် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုသင်တန်း ပို့ချပြီးစီး

**ရန်ကုန် မတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အရှေ့ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကပြုလုပ်သော ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲရုံမှူး၊ ဒု-မဲရုံမှူးများအတွက် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုသင်တန်းကို ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ အထက-(၂)အခြေခံပညာအထက်တန်းကျောင်း၌ မတ် ၁၈ ရက်မှ ၂၃ ရက်ထိကို နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီထိပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုသင်တန်း၌ ခရိုင်ကော်မရှင်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်က ရွေးကောက်ပွဲအောင်မြင်အောင် ဆောင်ရွက်ရန်အတွက် ကော်မရှင်အဖွဲ့ဝင်များအားလုံးကို နည်းလမ်းမှန်ကန်စွာ ဆောင်ရွက်စေလိုသောရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ပြီး အရှေ့ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးချစ်ဆွေ၊ သင်တန်းဆရာဦးလှဝေနှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင် ဦးတင်မော်ဦးတို့က ကြီးကြပ်ပို့ချခဲ့ကြကာ သင်တန်း၌ မဲရုံမှူး၊ ဒု-မဲရုံမှူး ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများဖြစ်သော မဲရုံ၌ လိုအပ်ပစ္စည်းများဖြစ်သည့် မဲပုံးများ၊ စာရွက်စာတမ်းများ၊ မဲစာရင်းစစ်ဆေးနည်းများ၊ မဲဆန္ဒရှင်များ၏ သက်သေခံလက်မှတ်စစ်ဆေးနည်းများ၊ ပါတီကိုယ်စားလှယ်များ၏ ကျင့်ဝတ်နှင့် လုပ်ပိုင်ခွင့်များ၊ မဲရုံအတွင်း လေ့လာစောင့်ကြည့်ကြမည့် ပြည်တွင်း၊ ပြည်ပ စောင့်ကြည့်မည့်သူများ၏ ကျင့်ဝတ်များ၊ လုပ်ငန်းစဉ်များ၊ ပုံစံ(၁၆) ကိုယ်စားလှယ်လောင်းများ၏ ရလဒ်များနှင့် ပုံစံ(၁၆)နောက်ဆုံးရေးသွင်းသည်အထိ ပုံစံများအား ပို့ချခဲ့ကြောင်း သိရသည်။



လာမည့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၌ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အတွင်းရှိ ရပ်ကွက်ပေါင်း ၆၆ ရပ်ကွက်၌ မဲရုံပေါင်း ၁၆၉ ရုံတွင် တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူး ၁၆၉ ဦးနှင့် ဒု-မဲရုံမှူး ၁၆၉ ဦးတို့ဖြင့် စုစုပေါင်း ၃၃၈ ဦးအား တစ်ရက် လျှင် ၅၆ ဦးနှုန်းဖြင့် သင်တန်းအတွက် တစ်ရက်လျှင် တစ်သုတ်ခွဲကာ ခြောက်ရက်ကြာ ပို့ချခဲ့ကြောင်း၊ မဲရုံပေါင်း ၁၆၉ ရုံ၌ မဲရုံတစ်ရုံလျှင် မဲရုံမှူးတစ်ဦး၊ ဒု-မဲရုံမှူးတစ်ဦး ထားရှိမည်ဖြစ်ပြီး မြို့နယ်ပညာရေးမှူး၏ ပံ့ပိုးမှုအစီအစဉ်ဖြင့် ပညာရေးဌာနမှ ဆရာမများအား ထားရှိမည်ဖြစ်ကြောင်း အရှေ့ပိုင်းခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- (စိုးဝင်း-MLA)**

# ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၂၃**

ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ ပဉ္စမနေ့ကို ယနေ့နံနက် ၈ နာရီမှစတင်၍ နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းဝင်းအတွင်း၌ ဆက်လက်ကျင်းပသည်။

အဆိုပါ ပြသရောင်းချပွဲတွင် နိုင်ငံသားရတနာ ကုန်သည်များက နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ကျောက်စိမ်းဝင်းအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးကြပြီး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချမည့် ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းတင်သွင်းလွှာများကို သတ်မှတ်တင်ဒါပုံးများအတွင်း ထည့်သွင်းကြသည်။

ယနေ့တွင် စတုတ္ထနေ့က ဈေးနှုန်းတင်သွင်းခဲ့သည့် ကျောက်စိမ်းအတွဲပေါင်း ၁၅၀၀ အတွက် အဆိုပြုလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကြပြီး တင်ဒါအောင်မြင်သူစာရင်းကို ကြေညာသည်။

ထို့ပြင် ကျောက်စိမ်းအတွဲအမှတ် (၃၀၀၁)မှ (၄၄၅၄)အတွက် ဝယ်ယူလိုသူများက ဈေးနှုန်းတင်သွင်းလွှာများကို သတ်မှတ်တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြရာ ဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို လိုက်လံကြီးကြပ် ဆောင်ရွက်ပေးကြသည်။

ကျောက်စိမ်းအတွဲအမှတ် (၃၀၀၁)မှ (၄၄၅၄)အတွက် တင်ဒါအောင်မြင်သူစာရင်းကို မတ် ၂၄ ရက်တွင် ကြေညာသွားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို မတ် ၂၄ ရက်အထိ နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ကျောက်စိမ်း၊ ကျောက်မျက်ရတနာများ ခင်းကျင်းပြသထားမှုတို့ကို ကျောက်စိမ်းသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူ ၂၀၀ လာရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

# ယူကရိန်းစစ်အခြေစိုက်စခန်းတစ်ခုရှိ လက်နက်သိုလှောင်ရုံ ပေါက်ကွဲမှုဖြစ်



**ကီးဗ် မတ် ၂၃**

ယူကရိန်းနိုင်ငံအရှေ့ပိုင်း ဘာလက်လီယာမြို့ရှိ လက်နက်သိုလှောင်ရုံတစ်ခု၌ ပြင်းထန်သောပေါက်ကွဲမှုဖြစ်ပေါ်ခဲ့သဖြင့် ဒေသခံပြည်သူ ၂၀၀၀၀ ခန့်ကို မြို့တော်မှ ဘေးလွတ်ရာနေရာများသို့ ပို့ဆောင်ပေးခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

မတ် ၂၃ ရက် ဒေသစံတော်ချိန် နံနက် ၃ နာရီခန့်တွင် အဆိုပါလက်နက်သိုလှောင်ရုံ၌ ပြင်းထန်သော ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

လက်နက်သိုလှောင်ရုံကို အဖျက်သမားများက ရည်ရွယ်ချက်ရှိရှိဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းဖြစ်သည်ဟု ယူကရိန်းတပ်ဖွဲ့က ဆိုသည်။ ယင်းလက်နက်သိုလှောင်ရုံတွင် ကျည်နှင့် ခဲယမ်းမီးကျောက် တန်ချိန် ၁၃၈၀၀ ခန့် သိုလှောင်ထားကြောင်း ရိုက်တာသတင်းအရ သိရသည်။

ဘာလက်လီယာမြို့သည် ယူကရိန်းနှင့် ရုရှားထောက်ခံခွဲထွက်ရေးသမားများ ပဋိပက္ခဖြစ်ပွားခဲ့သော စစ်မြေပြင်နှင့် မိုင် ၆၀ ခန့်အကွာတွင် တည်ရှိသည်။ ၂၀၁၄ ခုနှစ်တွင် ဖြစ်ပွားခဲ့သော အဆိုပါပဋိပက္ခတွင် လူပေါင်း ၉၇၀၀ ကျော် သေဆုံးခဲ့သည်။

အဆိုပါပေါက်ကွဲမှုသည် ပြင်းထန်သော်လည်း ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း ယူကရိန်း ကာကွယ်ရေးဝန်ကြီး စတီပန် ပိုလ်တိုရက်ခ်က ဆိုသည်။ ထို့ပြင် ယင်းပေါက်ကွဲမှုသည် မောင်းသူမဲ့လေယာဉ်မှ ပေါက်ကွဲစေသည့်ပစ္စည်းများ ပစ်ချထားနိုင်ခြေ ရှိ၊ မရှိ အပါအဝင် ပေါက်ကွဲမှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို အမြန်ဆုံး စုံစမ်းစစ်ဆေး ဖော်ထုတ်မည်ဖြစ်ကြောင်း ဝန်ကြီး စတီပန် ပိုလ်တိုရက်ခ်က ပြောကြားခဲ့သည်။

လွန်ခဲ့သော နှစ်နှစ်က အဖျက်သမားတစ်စုသည် မောင်းသူမဲ့လေယာဉ်များဖြင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် စစ်အခြေစိုက်စခန်းကို ပစ်မှတ်ထားခဲ့ကြောင်း ယူကရိန်း စစ်တပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ယူဇက်ဖ် ဗန်စကိုဗင့်ရှ်က ဆိုသည်။

**ရိုက်တာ။**

# ၂၀၀၅ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံးအကြမ်းဖက်တိုက်ခိုက်မှု ဗြိတိန်နိုင်ငံ မြို့တော်လန်ဒန်၌ ဖြစ်ပွား၊ သုံးဦးသေဆုံး

**လန်ဒန် မတ် ၂၃**

ဗြိတိန်နိုင်ငံ မြို့တော်လန်ဒန်ရှိ ပါလီမန်အဆောက်အအုံ အနီး၌ တစ်ကိုယ်တော် အကြမ်းဖက်သမားတစ်ဦး၏ လက်ချက်ကြောင့် လူသုံးဦးသေဆုံးခဲ့ရပြီး လူ ၄၀ ဒဏ်ရာရရှိခဲ့သည့်ဖြစ်စဉ်နှင့် ပတ်သက်၍ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနိုင်ရန် လူ ရှစ်ဦးကို ထိန်းသိမ်းထားကြောင်း၊ ယင်းလုပ်ရပ်မှာ ဗြိတိန်နိုင်ငံ၌ ၂၀၀၅ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံး အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြသည်။

အကြမ်းဖက်သမားသည် ကားတစ်စီးဖြင့် ဝက်စ်မင်စတာတံတားအတိုင်း အရှိန်မြှင့်မောင်းနှင်လာကာ လမ်းသွားလမ်းလာများကို ကားဖြင့်တိုက်ခဲ့ကြောင်း၊ ယင်းနောက်တွင် အနီးအပါးရှိ ပါလီမန်အဆောက်အအုံ၏ ဝင်ပေါက်ဂိတ်အတွင်းသို့ ပြေးဝင်လာခဲ့ပြီး ရဲတပ်ဖွဲ့ဝင်တစ်ဦးကို ဓားဖြင့်ထိုးခဲ့ကြောင်း၊ အခြားရဲတပ်ဖွဲ့ဝင်တစ်ဦးက အကြမ်းဖက်သမားကို သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ ၎င်းမှာ သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က အတည်ပြုပြောကြားသည်။

ဘာသာရေး အစွန်းရောက် အကြမ်းဖက် တိုက်ခိုက်မှုအဖြစ် ရဲတပ်ဖွဲ့က ယူဆသည်။ တစ်ကိုယ်တော် အကြမ်းဖက်သမားသည် အရပ်သူ အရပ်သားများကို အတင့်ရဲစွာ စီးနင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ နောက်ကွယ်မှ ကြိုးကိုင်သူ ရှိ၊ မရှိ သိရှိနိုင်ရန် ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။

အကြမ်းဖက်သမားသည် ငှားရမ်းလာသော ကားတစ်စီးနှင့် ဓားတစ်ချောင်းတို့ကိုအသုံးပြုကာ အကြမ်းဖက်တိုက်ခိုက်ခဲ့သည်။ အကြမ်းဖက်သမား၏ပုံပန်းသဏ္ဌာန်ကို ရဲတပ်ဖွဲ့ဝင်များက သိရှိသည်ဟုဆိုသော်လည်း မည်သူမည်ဝါဟူ၍ အတည်ပြုခြင်း မရှိသေးပေ။

ရဲတပ်ဖွဲ့၏ စုံစမ်းစစ်ဆေးမှုအတွင်း မြို့တော်လန်ဒန်၊ ဘာမင်ဂန်နှင့် နိုင်ငံအတွင်းရှိ အခြားသော မြို့များမှ မသင်္ကာဖွယ်ရာ နေရပ်ခြောက်နေရာတွင် ရှာဖွေမှုများပြုလုပ်ခဲ့ကြောင်း ရဲတပ်ဖွဲ့၏ အကြမ်းဖက်မှုတိုက်ဖျက်ရေး အကြီးအကဲရိုလီက ပြောကြားသည်။

အကြမ်းဖက်တိုက်ခိုက်မှုကို တစ်ဦးတစ်ယောက်တည်းက ပြုလုပ်သည်ဟု ယူဆရကြောင်း၊ နိုင်ငံတကာ အကြမ်းဖက်သမားများကိုအားကျ၍ အကြမ်းဖက်တိုက်ခိုက်ခဲ့သည်ဟု ယူဆရကြောင်း၊ ယခုအခြေအနေတွင် ပြည်သူလူထုအား ခြိမ်းခြောက်နေသည့် အကြမ်းဖက်မှုဖြစ်စဉ်မျိုး ထပ်မံပေါ်ပေါက်လာနိုင်သည် ဆိုသော သတင်း အတိအကျမရှိကြောင်း ရိုလီက ပြောကြားသည်။

အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရသူများတွင် ပြင်သစ်လူမျိုး အထက်တန်းကျောင်းသားသုံးဦးပါဝင်သည်။ ၎င်းတို့သည် အသက်(၁၅)နှစ် သို့မဟုတ် (၁၆)နှစ်အရွယ်ရှိကြပြီး လန်ဒန်မြို့သို့ လေ့လာရေးခရီးစဉ်တွင် ပါဝင်သူများဖြစ်ကြသည်။

အခြားထိခိုက်ဒဏ်ရာရသူများမှာ တောင်ကိုရီးယားနိုင်ငံသား ငါးဦးပါဝင်ကြောင်း မြို့တော်ဆိုးလ်ရှိ တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ထိုစဉ်အတွင်း ပါလီမန်အဆောက်အအုံ၏ လုံခြုံရေးဆိုင်ရာ အစီအမံများကို ပြန်လည်သုံးသပ်မည်ဖြစ်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီး မိုက်ကယ်ဖယ်လွန်က ပြောကြားသည်။

ဝက်စ်မင်စတာကို ရဲတပ်ဖွဲ့က ပိတ်ထားပြီး လုံခြုံရေးတင်းကျပ်ထားသည်။ အနီးအပါးရှိ ဝက်စ်မင်စတာ မြေအောက်ရထား ဘူတာရုံကိုလည်း ရဲတပ်ဖွဲ့ဝင်များက ပိတ်ထားခဲ့သည်။

ယခုအကြမ်းဖက် တိုက်ခိုက်မှုကြောင့် ဗြိတိန်နိုင်ငံ၏ ဒီမိုကရေစီစနစ်ကို ပျက်ပြားစေမည်မဟုတ်သလို မြို့တော်နေ ပြည်သူလူထု၏ ပုံမှန်သွားလာ လှုပ်ရှားမှုများကိုလည်း ထိခိုက်စေမည် မဟုတ်ကြောင်း ဝန်ကြီးချုပ် ထရီစာမေက ပြောကြားသည်။

အကြမ်းဖက် တိုက်ခိုက်မှုနှင့် ရွှေ့ပြောင်းအခြေစိုက် နေထိုင်မှုတို့ ဆက်နွှယ်ဖွယ်ရှိသည်ဟု ရွှေ့ပြောင်းအခြေစိုက်နေထိုင်မှု ဆန့်ကျင်ရေးအဖွဲ့များက ပြောကြားကြသည်။

**ရိုက်တာ။**



# ရဟတ်ယာဉ်တင် ဖျက်သင်္ဘော ဂျပန်ရေတပ်တွင် တပ်တော်ဝင်

**တိုကျို မတ် ၂၃**

ဂျပန်ကာကွယ်ရေးရေတပ်ဖွဲ့(အမ်အက်စ်ဒီအက်ဖ်)သည် အကြီးမားဆုံးရဟတ်ယာဉ်တင် ဖျက်သင်္ဘောတစ်စင်းကို မတ် ၂၂ ရက်က တပ်တော်ဝင်ခဲ့ကြောင်း၊ ယင်းသင်္ဘောကြီးကို ဒုတိယကမ္ဘာစစ်အတွင်း နာမည်ဆိုးဖြင့်ကျော်ကြားခဲ့သည့် စစ်သင်္ဘောတစ်စင်း၏အမည်နှင့်တူညီသော အမည်ကိုပေးခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တပ်တော်ဝင်ခဲ့သည့် ရဟတ်ယာဉ်တင်ဖျက်သင်္ဘောကြီးမှာ တန်ချိန် ၁၉၅၀၀ ခန့်ရှိပြီး အမည်မှာ ကာဂါဟုမှည့်ခေါ်ထားသည်။ ကာဂါသည် ဂျပန်ရှေးဟောင်းပြည်နယ်တစ်ခု၏ အမည်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်မတိုင်မီနှင့် ကမ္ဘာစစ်ကာလအတွင်း ဂျပန်ဘုရင့်ရေတပ်မတော်က အိမ်နီးချင်းနိုင်ငံများသို့ ကျူးကျော်စစ်ဆင်နွှဲခဲ့ရာတွင် အသုံးပြုခဲ့ပြီး စစ်အတွင်းက မစ်ဒ်ဝေးရေကြောင်းတိုက်ပွဲတွင် ပါဝင်တိုက်ခိုက်ခဲ့သည်။

အလျား ၂၄၈ မီတာရှည်လျားသည့် ရဟတ်ယာဉ်တင်ဖျက်သင်္ဘောကြီးသည် အီဇူမိုအမည်ရှိ ဖျက်သင်္ဘောကြီးနှင့် အရွယ်အစားတူဖြစ်ပြီး ယင်းသင်္ဘောပေါ်၌ ကြီးမားသော ပျံသန်းရေး ကုန်းပတ်တည်ဆောက်ထားကာ ရဟတ်ယာဉ် ၁၄ စင်းအထိ တင်ဆောင်နိုင်သည်။ **ဆင်ဟွာ။**

# တောင်ကိုရီးယားက ကမ္ဘောဒီးယားသို့ စစ်သုံးယာဉ်အစီး ၂၀၀ ကျော် ထောက်ပံ့

**ကမ်ပေါင်ဆီယူ မတ် ၂၃**

တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံသို့ စစ်သုံးယာဉ် ၂၂၂ စီးကို မတ် ၂၃ ရက်တွင် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ ယင်းနိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်တောင့်တင်းခိုင်မာစေရန် ထောက်ပံ့ခြင်းဖြစ်ကြောင်း ကမ္ဘောဒီးယားစစ်ဘက်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စစ်သုံးယာဉ်များအား ကမ္ဘောဒီးယားစစ်ဘက်သို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို တက်ဟိုဟွန်ဆန် စစ်ဘက်နည်းပညာတက္ကသိုလ်တွင် ကျင်းပခဲ့သည်။

ယခုထောက်ပံ့ပေးသော စစ်သုံးယာဉ်များတွင် ထရပ်ကား ၂၀၈ စီးနှင့် အင်ဂျင်နီယာလုပ်ငန်းသုံးယာဉ် ၁၄ စင်း ပါဝင်သည်။

ယခုစစ်သုံးယာဉ်များ ထောက်ပံ့မှုသည် တောင်ကိုရီးယားနိုင်ငံမှ ကမ္ဘောဒီးယားနိုင်ငံသို့ တတိယအကြိမ်မြောက်ဖြစ်ပြီး ယခုနှစ် ဇူလိုင်လတွင် စတုတ္ထအကြိမ်အဖြစ် ထောက်ပံ့ပေးအပ်မှု ပြုဦးမည်ဖြစ်ကြောင်း၊ စတုတ္ထအကြိမ် ထောက်ပံ့မှုတွင် စစ်သုံးထရပ်ကား ၁၃၄ စီး၊ အင်ဂျင်နီယာလုပ်ငန်းသုံးယာဉ် ရှစ်စီးနှင့် မြစ်တွင်းသွား ကင်းလှည့် ရေယာဉ်နှစ်စင်းတို့ ပါဝင်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**

# ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ သက်တမ်းဝက်ကာလ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများအပေါ် ဆန်းစစ်သုံးသပ်ခြင်းအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၃**

မြန်မာနိုင်ငံ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ သက်တမ်းဝက်ကာလ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများအပေါ် ဆန်းစစ်သုံးသပ်ခြင်းအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။

ဈေးဦးစွာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ မှတ်တမ်းဓာတ်ပုံများနှင့် မှတ်တမ်းဗီဒီယိုတို့ကို ကြည့်ရှုသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အတူ တာဝန်ရှိသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

ယင်းနောက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ကမ္ဘာ့ဘဏ်ဌာနေကိုယ်စားလှယ် Mr.Abdoulaye Seck တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စီမံကိန်းဒါရိုက်တာနှင့် အလုပ်အမှုဆောင်တို့က စီမံကိန်းအကောင်အထည်ဖော်နိုင်မှု အခြေအနေများနှင့် သက်တမ်းဝက်ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများအပေါ် ဆန်းစစ်သုံးသပ်ခြင်းမှ တွေ့ရှိချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးနှင့် ရှေ့ဆက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးကြပြီး ဆွေးနွေးပွဲသို့တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ယနေ့ဆွေးနွေးပွဲကို မြန်မာနိုင်ငံ၏ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ နှစ်နှစ်ခွဲကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေးရန်နှင့် ကျန်ရှိနေသည့် နှစ်နှစ်ခွဲကာလတွင် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်နိုင်စေရေး အစီအစဉ်များချမှတ်ရေးဆွဲနိုင်ရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**







# တိုင်းရင်းသားစာပေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၃**

တိုင်းရင်းသားစာပေနှင့် တိုင်းရင်းသားဘာသာစကားစာအုပ်များ ပေါ်ထွက်လာစေရေးနှင့် လွတ်လပ်စွာသင်ကြားခွင့်ရရှိစေရေးတို့အတွက် တိုင်းရင်းသားစာပေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က တက်ရောက်အမှာစကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စာပေယဉ်ကျေးမှုကော်မတီမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဈေးဦးစွာ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က အဖွင့်အမှာစကား ပြောကြားရာတွင် ပညာရေးဝန်ကြီးဌာန တာဝန်ရှိသူများနှင့် လူမျိုးစုများစွာပါဝင်သော တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ အချင်းချင်း ရင်းနှီးစွာအတွေ့အကြုံဖလှယ်ခြင်းဖြင့် ပိုမိုအကျိုးဖြစ်ထွန်းအောင် ဝိုင်းဝန်းဆောင်ရွက်ရန်၊ တိုင်းရင်းသားဘာသာအလိုက် ထုတ်ဝေထားသည့်စာပေများကို အသိအမှတ်ပြုနိုင်မည့် နည်းလမ်းကောင်းများ ရှာဖွေဖော်ထုတ်ရန်နှင့် နိုင်ငံတော်၏ ပညာရေးမူဝါဒကို ထိခိုက်မှုမရှိစေဘဲ တိုင်းရင်းသားစာပေသင်ကြားမှုကို ဟန်ချက်ညီညီ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက တိုင်းရင်းသားလူမျိုးများ၏ တိုင်းရင်းသားစာပေဖွံ့ဖြိုးတိုးတက်မှုသည်အရေးကြီးပါကြောင်း၊ ပညာရေးဝန်ကြီးဌာန အနေဖြင့် ဒေသသင်ရိုးညွှန်းတမ်းရှိပါကြောင်း၊ တိုင်းရင်းသားစာပေဖွံ့ဖြိုးမှုအတွက် ဘွဲ့ရတိုင်းရင်းသားဒေသခံများကို ဦးစားပေးခန့်ထားလိုပါကြောင်း၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံဉာဏ်များနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ သဘောထားများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် ဒေါက်တာမျိုးသိမ်းကြီးတို့သည် အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်က တိုင်းရင်းသားစာပေဘာသာရပ်စာအုပ်များ လူမျိုးအလိုက်၊ ဘာသာစကားအလိုက် ပေါ်ထွက်လာရေးကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဆွေးနွေးပွဲကို ကျင်းပရာ မွန်စာပေသင်ရိုးအဖွဲ့ခေါင်းဆောင် မင်းအောင်ဇေ၊ ဒေါက်တာဝမ်လျန်းထန်၊ စိုင်းခမ်းနွတ်နှင့် မန်ဒေးဗစ်တို့က လူမျိုးအလိုက် စာပေဘာသာစကားဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်သူဇာအေးက ပညာရေးဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြသည်။ ယင်းနောက် တိုင်းရင်းသားစာပေဖော်ထုတ်ရာတွင် ပါဝင်သင့်သည့် အကြောင်းအရာကဏ္ဍများကို အစုအဖွဲ့များဖွဲ့၍ ဆွေးနွေးကြသည်။

တိုင်းရင်းသားစာပေဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကို မတ် ၂၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မွေးကြူဇင်(သတင်းစဉ်)**

# နိုင်ငံတကာရုပ်ရှင်နှင့် မြန်မာရုပ်ရှင်ဇာတ်ကားများ အင်တာနက်မှတိုက်ရိုက်ကြည့်ရှုနိုင်မည်

**ရန်ကုန် မတ် ၂၃**

မြန်မာနိုင်ငံတွင် နိုင်ငံတကာရုပ်ရှင်နှင့် မြန်မာရုပ်ရှင်များကို အင်တာနက်မှနေ၍ တိုက်ရိုက်ကြည့်ရှုနိုင်သည့် ပထမဆုံးဝန်ဆောင်မှုကို iflix ကုမ္ပဏီက စတင်ဆောင်ရွက်လိုက်ပြီဖြစ်ကြောင်း iflix Myanmar ၏ Country Manager, Adeana Greenlee ထံမှ သိရသည်။

iflix ကို မတ်လဒုတိယပတ်က မြန်မာနိုင်ငံတွင် စတင်ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံသားများအနေဖြင့် သီးသန့်တီဗွီရှိုးများ၊ ဆုရတီဗွီစီးရီးများ၊ စံချိန်တင် အောင်မြင်မှုရသည့် လူကြိုက်များသည့်ရုပ်ရှင်များ၊ ဒေသတွင်းရုပ်ရှင်များ၊ ကလေးများအတွက် အစီအစဉ်များနှင့် ဘန်ကောက်မှ မန္တလေးသို့ ၊ Charm ၊ ရွှေမိုးငွေမိုး သွန်းဖြိုးလို့ရွာ ၊ Wut Yee Food House စသည်တို့အပါအဝင် လူကြိုက်များသည့် မြန်မာရုပ်ရှင်များကို ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက "အခကြေးငွေပေးပြီး အင်တာနက်ကနေ ကြည့်ရှုနိုင်တဲ့ ဝန်ဆောင်မှုကို မြန်မာနိုင်ငံမှာ ပထမဆုံးမြင်ခွင့်ရပြီး အတူတူလက်တွဲလုပ်ကိုင်ရတဲ့အတွက်ဝမ်းသာမိပါတယ်။ iflix ဟာ မြန်မာရုပ်ရှင်တွေကို ကြည့်ရှုနိုင်မယ့် အသုံးပြုရလွယ်ကူတဲ့၊ ဈေးသက်သာတဲ့ တရားဝင်ဝန်ဆောင်မှုတစ်ခုကို ပရိသတ်တွေကြည့်ရှုနိုင်အောင်ပြုလုပ်ပြီးတော့ မြန်မာ့ရုပ်ရှင်ဖြန့်ချိမှုပုံစံကို တိုးတက်စေမယ့် Platform တစ်ခုကို ဖန်တီးပေးထားတာပါ"ဟု ၂၀၁၆ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရသူများအတွက် ဂုဏ်ပြုညစာစားပွဲတွင် ပြောကြားခဲ့သည်။

နိုင်ငံတကာရုပ်ရှင်နှင့် မြန်မာရုပ်ရှင်များကို အင်တာနက်မှ တိုက်ရိုက်ကြည့်ရှုနိုင်သည့် iflix ၏ ဝန်ဆောင်မှုကို စတင်သုံးစွဲသူများအနေဖြင့် စတင်သုံးစွဲသည့်နေ့မှ ရက်ပေါင်း ၃၀ အထိ အခမဲ့ကြည့်ရှုခွင့်ရမည်ဖြစ်သည်။ အခမဲ့သုံးစွဲကြည့်ရှုခွင့် တစ်လပြည့်ပြီးနောက်ပိုင်းတွင် လစဉ် တစ်လလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ဝယ်ယူကြည့်ရှုရမည်ဖြစ်ကြောင်းသိရသည်။

ရက်ပေါင်း ၃၀ စာ အခမဲ့အသုံးပြုခွင့်ရရှိနိုင်ရန်အတွက် iflix ကို Facebook ၊ အီးမေးလ်နှင့် တယ်လီဖုန်းများမှတစ်ဆင့် ဝင်ရောက်နိုင်မည်ဖြစ်ပြီး ကွန်ပျူတာမှတစ်ဆင့်ဝင်ရောက်မည်ဆိုပါက iflix.com မှ ဝင်ရောက်နိုင်မည်ဖြစ်သည်။ iflix အပလီကေးရှင်းကို App Store ၊ Google Play Store မှလည်း ဒေါင်းလုဒ်ရယူနိုင်ကြောင်း သိရသည်။

"အဓိကက ခိုးကူးခွေတွေရန်က ကာကွယ်နိုင်အောင် လုပ်တဲ့သဘောမို့ ဒေါင်းလုဒ်လုပ်ပြီးသွားတာနဲ့ ရုပ်ရှင်ကားတွေက iflix ရဲ့ အပလီကေးရှင်းထဲမှာပဲရှိနေမယ်။ ဖုန်းနဲ့ကြည့်လို့ရမယ်။ ကွန်ပျူတာနဲ့ ကြည့်လို့ရမယ်။ နိုင်ငံခြားကားတွေကို မြန်မာစာတန်းထိုးထားပါတယ်။ ဒါကအဓိကရည်ရွယ်ချက်ပါ။ အခုလောလောဆယ်တော့ လူကြိုက်များပြီး လူကြည့်များတဲ့ကားတွေကို မြန်မာစာတန်းထိုးနေပါတယ်။ နောက်ပိုင်းအချိန်ကြာလာတာနဲ့ အမျှတော့ ရုပ်ရှင်ဇာတ်ကားဇာတ်လမ်းတွဲအားလုံးကို စာတန်းထိုးမှာပါ။ မြန်မာစာတန်းထိုးကို ဇော်ဂျီဖောင့်နဲ့ရောယူနီကုတ်နဲ့ပါ အဆင်ပြေအောင်လုပ်ပေးထားပါတယ်" ဟု iflix Myanmar ၏ မန်နေဂျာ Adeana Greenlee က ပြောကြားသည်။



**ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်း။**

မြန်မာရုပ်ရှင်ကားများကို ရွေးချယ်ပြသရာတွင် ရုပ်ရှင်အစည်းအရုံးအနေဖြင့် အနည်းဆုံးခြောက်လခန့် ရုံတင်ပြီးမှ ပြန်လည်ပြသခွင့်ပြုသောကြောင့် ရုပ်ရှင်ဇာတ်ကားတိုင်းကို ရွေးချယ်မည်မဟုတ်ဘဲ ပြည်သူအကြိုက်များသည့် ရုပ်ရှင်ဇာတ်လမ်းများကို ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

"အခုလက်ရှိမှာတော့ မြန်မာနိုင်ငံမှာရှိတဲ့ ထိပ်တန်းထုတ်လုပ်ရေးကုမ္ပဏီတွေကနေ ရုပ်ရှင်ဇာတ်ကားတွေဝယ်ယူဖို့ ညှိနှိုင်းနေပါတယ်။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ Media-7 ၊ မြန်မာနိုင်ငံမှရုပ်ရှင်ထုတ်လုပ်သူ၊ ဒါရိုက်တာ စတာတွေနဲ့ လက်တွဲလုပ်ဆောင်နေပါတယ်။ မြန်မာနိုင်ငံက အနုပညာနဲ့ပတ်သက်တဲ့ လုပ်ငန်းရှင်တွေအတွက်လည်း အကျိုးအမြတ်ရရှိအောင် လုပ်ဆောင်ပေးပါမယ်"ဟု Adeana Greenlee က ပြောသည်။

လက်ရှိတွင် မြန်မာနိုင်ငံတွင် iflix ကိုအသုံးပြု၍ နိုင်ငံတကာရုပ်ရှင်နှင့် မြန်မာရုပ်ရှင်များကို အင်တာနက်မှနေ၍ တိုက်ရိုက်ကြည့်ရှုသူပေါင်း ၁၁၀၀၀ ကျော်ခန့် ရှိနေပြီဖြစ်သည်။

မြန်မာ့ရုပ်ရှင်လောကနှင့်ပတ်သက်၍ iflix သည် ခိုးကူးပုံ့နှံ့မှုပြဿနာကို ရင်ဆိုင်ဖြေရှင်းရာတွင် ပြည်တွင်းပြည်ပရုပ်ရှင်များကို အခကြေးငွေပေးပြီး ကြည့်ရှုသည့် အသိုင်းအဝန်းတစ်ခုဖြစ်အောင် အားပေးမြှင့်တင်ခြင်းဖြင့် ပြည်တွင်းရုပ်ရှင်နှင့် ရုပ်မြင်သံကြားနယ်ပယ်ကို အထောက်အကူပေးလျက်ရှိသည်။ iflix သည် မူပိုင်ခွင့်၊ မြန်မာ့ရုပ်ရှင်လောက အလုံးစုံဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် ပတ်သက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကဲ့သို့ အဖွဲ့များကို အထောက်အကူပေးရသည့်အတွက်လည်း ဂုဏ်ယူမိပါသည်ဟု ယင်းတို့၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**သတင်း-ရဲခေါင်ညွှန့်**
**ဓာတ်ပုံ-ဖိုးထောင်**

# အခိကာ၊ သာမညနှင့် ကာလ

မိမိုးအေး
(ဘားအံတက္ကသိုလ်)

**လောကသည် မြဲ၏။**
**လောကသည် မမြဲ။**
**လောကသည် အဆုံးရှိ၏။**
**လောကသည် အဆုံးမရှိ။**
**ထိုအသက်သည်ပင် ထိုကိုယ်တည်း။**
**အသက်သည်တခြား ကိုယ်သည် တခြားတည်း။**
**သတ္တဝါသည်သေသည်မှနောက်၌ ဖြစ်၏။**
**သတ္တဝါသည်သေသည်မှနောက်၌ မဖြစ်။**
**သတ္တဝါသည်သေသည်မှနောက်၌ ဖြစ်လည်း ဖြစ်၏၊ ဖြစ်လည်းမဖြစ်။**
**သတ္တဝါသည်သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်းမဟုတ်။**

အထက်မှာဖော်ပြထားတဲ့ အချက်တွေကတော့ ဘုရားလက်ထက်က မာလုကျပုတ္တလို့ခေါ်တဲ့ ရဟန်းတစ်ပါးက ဗုဒ္ဓကိုမေးလျှောက်တဲ့ အချက်တွေပဲဖြစ်ပါတယ်။ ဒါ့အပြင် မာလုကျက ဒီအချက်တွေကို မဖြေဆိုပေးဘူးဆိုရင် လူထွက်တော့မယ်လို့လည်း အကျပ်ကိုင်ပါတယ်။ အဲဒီအခါမှာ ဗုဒ္ဓက မာလုကျ မေးမြန်းတဲ့အချက်တွေဟာ အကျိုးမရှိလို့၊ အရေးမကြီးလို့ မဖြေတာဖြစ်ကြောင်း ပြောပါတယ်။ တစ်ဆက်တည်းမှာပဲ ဗုဒ္ဓက မာလုကျကို ရဟန်းဘဝမှာနေပြီး အရေးကြီးတဲ့အရာတွေကိုမလုပ်ဘဲ မလိုအပ်တဲ့နေရာတွေမှာ အချိန်ကုန်နေတဲ့အတွက် အချည်းအနှီးသာဖြစ်တယ်လို့ ဆုံးမပါတယ်။

ဒီလိုအကျိုးမရှိ အချည်းအနှီးဖြစ်တာကို ဗုဒ္ဓက မြားမှန်ခံရတဲ့ လူတစ်ယောက်ရဲ့ ဥပမာနဲ့ မာလုကျကို ရှင်းပြခဲ့တယ်။ အဆိပ်လူးမြားနဲ့ အပစ်ခံရတဲ့လူဟာ ကိုယ့်အသက်ရှင်ဖို့အတွက် အရေးကြီးတဲ့ အဆိပ်လူးမြားကို အရင်နုတ်ရမယ့်အစား အရေးမကြီးတဲ့ မြားပစ်လိုက်သူရဲ့ အနွယ်၊ အမည်၊ ဇာတိ၊ အဆင်း၊ ပြီးတော့ ပစ်လိုက်တဲ့မြားတံရဲ့ အမျိုးအစား၊ လေးရဲ့ အမျိုးအစား၊ ညှို့ရဲ့ အမျိုးအစား ဒါတွေကိုမသိရရင် မြားတံကို မနုတ်ဘူးလို့ ဆိုတယ်။ နောက်ဆုံးမှာတော့ အဲဒီလူဟာ သူသိချင်တာတွေကိုမသိရဘဲ မြားဆိပ်တက်ပြီး သေဆုံးသွားနိုင်ပါတယ်။ ဒီဥပမာလိုပဲ မာလုကျဟာ သူသိချင်နေတာကိုမသိရလို့ တရားမကျင့်ဘူးဆိုရင် မြတ်တဲ့အကျင့်ကိုမကျင့်ဖြစ်ဘဲ သေဆုံးသွားနိုင်တယ်လို့ ဗုဒ္ဓက ဆိုပါတယ်။ ဗုဒ္ဓက မိမိမဟောကြားတာကို မဟောကြားတဲ့အတိုင်း၊ ဟောကြားတာကို ဟောကြားတဲ့အတိုင်း မှတ်သားလိုက်နာကျင့်ကြံဖို့ မာလုကျကို ဆုံးမခဲ့ပါတယ်။

ဗုဒ္ဓက ဒီအဗျာကတလို့ခေါ်တဲ့ မဟောကြားအပ်တဲ့တရားကို အကျိုးမရှိလို့ မဟောတာဘဲဖြစ်ပြီး အကျိုးနဲ့အကြောင်းဖြစ်တဲ့ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ၊ ရလဒ်နဲ့ နည်းလမ်းဖြစ်တဲ့ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာဆိုတဲ့ သစ္စာလေးပါးကိုသာ အကျိုးရှိတာဖြစ်လို့ မာလုကျကို ဟောကြားခဲ့ပါတယ်။ ဗုဒ္ဓပေးခဲ့ တဲ့ဥပမာဟာ အင်မတန်သိသာပေါ်လွင်ထင်ရှားပါတယ်။ ကိုယ့်အသက်မသေဖို့ အရေးကြီးတဲ့အဆိပ်လူးမြားတံကို အရင်မနုတ်ဘဲ အရေးမကြီးတဲ့အချက်တွေကိုမေးမြန်းရင်း အချိန်ကုန်ခဲ့ရလို့အသက်ဆုံးရှုံးသွားမှာဖြစ်ပါတယ်။

စူဠမာလုကျပုတ္တလို့ခေါ်တဲ့ ဒီသုတ်လေးဟာ ကျွန်မတို့ ဘာသာရပ်သင်ရိုးထဲမှာပါတဲ့ ကောက်နုတ်ချက်လေးတစ်ခုပဲဖြစ်ပါတယ်။ မဇ္ဈိမနိကာယ် မဇ္ဈိမပဏ္ဏာသထဲမှာပါရှိပါတယ်။ ကလေးတွေကို ကျွန်မတို့က ဒီသုတ်နဲ့ပတ်သက်ပြီး လေ့လာစေတဲ့အခါ အဗျာကတတရားတွေကိုမဟုတ်ဘဲ မြားမှန်ခံရတဲ့လူရဲ့ ဥပမာကို လေ့လာဆန်းစစ်စေပါတယ်။ ဒီနေရာမှာ သူတို့ကို ဘာရစေချင်တာလဲဆိုရင် အခိကကျတဲ့အရာနဲ့ အခိကမကျတဲ့အရာကို ခွဲခြားတတ်ဖို့ကိုပါ။ တစ်ဆက်တည်းမှာပဲ အချိန်ဆိုတာ အရေးကြီးတယ်ဆိုတာကိုပါ သိစေချင်တာပါ။ ဆရာတစ်ယောက်ဖြစ်တဲ့ ကျွန်မကလူငယ်တွေဖြစ်ကြတဲ့ ကျွန်မတို့ရဲ့ ကလေးတွေအတွက် အထူးပြုပြီးပြောခဲ့တာဖြစ်ပေမယ့် လူတိုင်းလူတိုင်း အခိကနဲ့ သာမညကို ခွဲခြားတတ်ဖို့ အလွန်အရေးကြီးပါတယ်။

ပညာသင်ချိန်မှာ သူတို့အတွက် အခိကမကျတဲ့ မူးယစ်ဆေးဝါးသုံးစွဲမှု၊ လောင်းကစားမှု စတဲ့အပျော်အပါးတွေထဲမှာ အချိန်ကုန်မခံသင့်ပါဘူး။ ကိုယ့်ဘဝအတွက် အကျိုးမရှိနိုင်မယ့်အရာတွေကို အချိန်ကုန်နေမယ့်အစား ကိုယ့်အတွက် အကျိုးရှိနိုင်မယ့်အလုပ်တွေကို လုပ်ကိုင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ လူငယ်တွေဟာ ကိုယ့်ရဲ့အနာဂတ်အတွက် လက်ရှိအချိန်ကို တန်ဖိုးထားတတ်ရမယ်။ မိမိဘဝအတွက် ရည်မှန်းထားတဲ့ပန်းတိုင်ရောက်ဖို့ အချိန်ကိုအကျိုးရှိစွာ အသုံးပြုတတ်ဖို့ အရေးအကြီးဆုံးဖြစ်ပါတယ်။

ဒီနေ့ခေတ်မှာ မာလုကျပုတ္တလိုပဲ အရေးကြီးတဲ့၊ အခိကကျတဲ့ကိစ္စတွေကို ဆောင်ရွက်လုပ်ကိုင်မှုမရှိဘဲ မိမိအတွက်လည်း အကျိုးမရှိ၊ အများအတွက်လည်း အထောက်အကူမပြုတဲ့ကိစ္စတွေကိုပဲ လုပ်ကိုင်ပြောဆိုပြီး အချိန်ကုန်နေတဲ့ လူတွေရှိနေပါတယ်။ မိမိတို့ရဲ့ နေ့စဉ်ဘဝဖြတ်သန်းမှုထဲမှာ အရေးမကြီးတဲ့၊ အခိကမကျတဲ့အရာများနဲ့ အချိန်မကုန်သင့်ပါဘူး။ အထူးသဖြင့် လူငယ်တွေဟာ အချိန်ကို တန်ဖိုးထားတတ်ရမယ်။ ကိုယ့်ဘဝအတွက် ဘယ်ဟာက အခိကကျတဲ့အချက်လဲ၊ ဘယ်ဟာက အကျိုးမရှိတဲ့အလုပ်လဲဆိုတာကို ကိုယ်တိုင်ရွေးချယ်ပြီး ဆောင်ရွက်လုပ်ကိုင်ရမှာဖြစ်ပါတယ်။ အခိကနဲ့ သာမညကို ကိုယ်တိုင်သိရှိရုံနဲ့မပြီးပါဘူး။ သိပြီးရင် ကျင့်ရမှာဖြစ်ပါတယ်။ အရေးကြီးတာက အသိနောက်ကို အကျင့်လိုက်ဖို့ပါပဲ။

ကျွန်မတို့ရဲ့ လူမှုပတ်ဝန်းကျင်နေရာတော်တော်များများမှာလည်း အခိကမကျတဲ့အချက်တွေကိုပဲ လုပ်ကိုင်ပြောဆို ကြံစည်နေကြတာကို နေ့စဉ်နဲ့အမျှ တွေ့မြင်ကြားသိနေရပါတယ်။ နေရာဌာနအတော်များများမှာ အချိန်တို အတွင်း ပြီးစီးရမယ့်ကိစ္စတွေမှာ မလိုအပ်တဲ့မေးခွန်းတွေကြောင့်၊ အခိက မကျတဲ့ အချက်အလက်တွေကြောင့် နှောင့်နှေးကြန့်ကြာကြရပါတယ်။ ဒီနေ့မှာတော့ ဒါကို ရစ်တယ်လို့ပြောကြပါတယ်။ ရုံးဌာနတွေမှာလည်း တချို့ သိပ်ပြီးအရေးမကြီးတဲ့ ဖြေလျှော့လို့ရတဲ့အချက်တွေ ဖြေလျှော့လိုက်မယ်ဆိုရင် မြန်ဆန်ပြီး လုပ်ငန်းပိုပြီးတွင်ကျယ်သွားမှာပါ။

အချိန်ဟာ သက်ရှိသတ္တဝါတွေကို ဝါးမျိုနေတယ်ဆိုတာကို မူလပဏ္ဏာသ အဋ္ဌကထာမှာ "ကာလောဃသတိဘူတာနိ, သဗ္ဗာနေဝ သဟတ္တနာ။ ယောစ ကာလဃသောဘူတော, သ ဘူတပစနိံ ပစီယတိ"ဆိုပြီး ဖွင့်ဆိုထားပါတယ်။

ကိုယ်ရရှိထားတဲ့အခွင့်အလမ်းကို အဖိုးတန်လှတဲ့ အချိန်မှာ မိမိရရ အသုံးချတတ်ရင် အောင်မြင်မှုရရှိမှာဖြစ်ပါတယ်။ ပြန်ပြီးပြင်ဆင်လို့မရတဲ့ အတိတ်ကာလနဲ့ မသေချာသေးတဲ့ အနာဂတ်ကာလအတွက် အချိန်ကုန်မခံဘဲ လက်ရှိပစ္စုပ္ပန်အချိန်ကိုသာ အကျိုးရှိအောင် အသုံးချရမှာဖြစ်ပါတယ်။ ပစ္စုပ္ပန်အချိန်ဟာ တန်ဖိုးအရှိဆုံးဖြစ်တဲ့အတွက် ကိုယ့်အတွက် ပညာ၊ ဥစ္စာ၊ ကုသိုလ်ကောင်းမှုတစ်ခုခုကို ရအောင်ယူနိုင်ရမှာဖြစ်ပါတယ်။

ကျွန်မအပါအဝင် မိသားစုတစ်စုကနေအစ၊ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်၊ ပြည်နယ်၊ တိုင်းဒေသကြီး အလယ်၊ နိုင်ငံတော်အဆုံး လူ့အဖွဲ့အစည်း နယ်ပယ်အသီးသီးမှာ အကျိုးမရှိ အချည်းအနှီးအရာများမှာ အချိန်ကုန်ပြီး ပင်ပန်းနေကြတာထက် အခိကကျပြီး လက်တွေ့အကျိုးရှိမယ့်အရာများမှာ အချိန်ကို အကျိုးရှိရှိအသုံးချ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အထူးသဖြင့် ကျွန်မတို့ရဲ့ တိုင်းပြည်မှာ ငြိမ်းချမ်းရေးတည်ဆောက်နေတဲ့အချိန်၊ ငြိမ်းချမ်းရေးရမှ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ကြိုးပမ်းနေကြတဲ့ ခုလိုအချိန်မျိုးမှာ အခိကမကျတဲ့အချက်တွေကို လျစ်လျူရှု ထားရမှာဖြစ်ပါတယ်။ အခိကမကျတဲ့ အချက်တွေကိုလုပ်နေရင်၊ ပုံကြီးချဲ့နေရင် တိုးတက်မှုနောက်ကျသွားမှာပဲဖြစ်ပါတယ်။ အောင်မြင်မှုနဲ့ ဝေးနေဦးမှာပဲဖြစ်ပါတယ်။

ကျွန်မတို့ရဲ့ ဘုရားရှင်ဟာလူသားတွေအတွက် ကောင်းမွန်မှန်ကန်တဲ့နည်းလမ်းတွေကို အမြဲတမ်းပဲညွှန်ပြခဲ့ပါတယ်။ ဒီစူဠမာလုကျသုတ်မှာလည်းပဲ အခိကနဲ့ သာမညကို ခွဲခြားတတ်ဖို့၊ အချိန်ကိုမဖြုန်းတီးဖို့ ဆုံးမထားပါတယ်။ ကျွန်မတို့အားလုံး မြားပစ်သူကိုလိုက်ရှာမနေကြဘဲ မြားကိုသာ အရင်ဆုံးနုတ်နိုင်အောင် ကြိုးစားကြရင်း ကိုယ့်အတွက်အရေးကြီးတဲ့ ကောင်းမှုတွေ ပြုလုပ်ရမှာဖြစ်ပါတယ်ရှင်။ ။

**အထူးသဖြင့် ကျွန်မတို့ရဲ့တိုင်းပြည်မှာ ငြိမ်းချမ်းရေး တည်ဆောက်နေတဲ့အချိန်၊ ငြိမ်းချမ်းရေးရမှ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ကြိုးပမ်းနေကြတဲ့ ခုလိုအချိန်မျိုးမှာ အခိကမကျတဲ့အချက် တွေကို လျစ်လျူရှုထားရမှာဖြစ်ပါတယ်။ အခိကမကျတဲ့ အချက်တွေကိုလုပ်နေရင်၊ ပုံကြီးချဲ့နေရင် တိုးတက်မှု နောက်ကျသွားမှာပဲဖြစ်ပါတယ်။ အောင်မြင်မှုနဲ့ဝေးနေဦး မှာပဲဖြစ်ပါတယ်. . .**

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ဆောင်းပါး

# တီဘီရောဂါတိုက်ဖျက်ရေး

၂၀၁၇ ခုနှစ် မတ်လ ၂၄ ရက်နေ့သည် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ဖြစ်သည်။ လူတစ်ဦး၏ ကျန်းမာရေးသည် ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာမှုပေါ်တွင် မူတည်သည်။ ကိုယ်ခန္ဓာကျန်းမာရေးနှင့်ပြည့်စုံရန် လုံလောက်သောအာဟာရနှင့် ပြည့်စုံရန်လိုအပ်သည်။ အာဟာရနှင့်ပြည့်စုံပါမှ ရောဂါများ၏ဒဏ်ကို ခံနိုင်ပေမည်။ အာဟာရနှင့်ပြည့်စုံရန် သားငါးသီးနှံ ပြည့်စုံစွာစားသောက်ရန်လိုအပ်သည်။ ထိုသို့ သားငါး သီးနှံပြည့်စုံစွာ မစားသောက်ပါက ဗီတာမင် အေ၊ ဘီ၊ စီ၊ ဒီ၊ အီး စသော သက်စောင့်ဓာတ်များ ပြည့်စုံနိုင်မည် မဟုတ်ပေ။ ကူးစက်ရောဂါများသည် ကိုယ်ခန္ဓာ အာဟာရမပြည့်ဝမှုကြောင့် ကိုယ်ခံစွမ်းအားနည်းပါးမှုကို အကြောင်းခံကာ ကူးစက်ရောဂါများ ဝင်ရောက်လာတတ်သည်။

တစ်ကိုယ်ရေသန့်ရှင်းရေး အားနည်းသောကြောင့်လည်း ကျန်းမာရေးဆိုင်ရာ ကူးစက်ရောဂါများ ခံစားရတတ်သည်။ တစ်ကိုယ်ရေသန့်ရှင်းရေးဟူရာ၌ ခန္ဓာကိုယ်သန့်ရှင်းသန့်ပြန့်နေရုံမျှမက အသုံးအဆောင်ပစ္စည်း၊ ဝတ်ဆင်သော အဝတ်အထည်၊ စားသောက်သော ပန်းကန်၊ လက်ဖက်ရည်ပန်းကန်၊ ရေခွက် စသည်တို့သည်လည်း သန့်ရှင်း၍ ကျန်းမာရေး နှင့်ပြည့်စုံရန် လိုအပ်သည်။

ကမ္ဘာတစ်ဝန်းတွင် လူသားတို့အား ခြိမ်းခြောက်လျက်ရှိသော ရောဂါများရှိကြသည်။ ယင်းတို့တွင် တီဘီရောဂါ၊ ကင်ဆာရောဂါ၊ အသည်းရောင်အသားဝါရောဂါနှင့် အေအိုင်ဒီအက်(စ်)ရောဂါ (ခေါ်) ခုခံအားကျဆင်းမှုကူးစက်ရောဂါတို့ဖြစ်သည်။ လူအများစုအား ခြိမ်းခြောက်လျက်ရှိသောရောဂါမှာ တီဘီ (ခေါ်) အဆုတ်နာရောဂါပင်ဖြစ်သည်။

တီဘီရောဂါပိုးသည် လေထဲမှတစ်ဆင့် ကူးစက်ပျံ့နှံ့နိုင်သည်။ တီဘီရောဂါသည် ရောဂါဝေဒနာရှိသောသလိပ်၊ တံတွေးတို့မှတစ်ဆင့် လေထဲသို့ ပျံ့နှံ့ရောက်ရှိကာ အခြားကိုယ်ခံစွမ်းအားနည်းသူများထံသို့ ရောက်ရှိသွားတတ်သည်။ ရောဂါရှိသူနှင့် ထိတွေ့ဆက်ဆံစကားပြောဆိုရာ၌ သတိရှိအပ်သည်။ ရောဂါရှိသူနှင့် မျက်နှာချင်းဆိုင် စကားပြောရာမှ ရောဂါပိုးကူးစက်နိုင်သည်။ ဆေးလိပ်၊ အရက် စသည်တို့ကို အလွန်အကျွံသောက်သုံးမှုကြောင့် အဆုတ်အားနည်းကာ တီဘီရောဂါပိုး အဆုတ်အတွင်းသို့ ဝင်ရောက်လျက် တီဘီရောဂါဖြစ်ပွားနိုင်သည်။ တီဘီရောဂါပိုးရှိသူ၏ မျက်နှာသုတ်ပဝါ၊ တဘက် စသည်များ၊ ခြင်ထောင်၊ ခေါင်းအုံးစသည့် အိပ်ရာအသုံးအဆောင်များကို စနစ်တကျ ပိုးသေစေရန် ပြုတ်၍လျှော်ဖွတ်ခြင်း ပြုလုပ်သင့်သည်။

တီဘီရောဂါဖြစ်ပွားပါကလည်း နီးစပ်ရာကျန်းမာရေးဌာနသို့ ပြသ၍ စနစ်ကျသော ကုသမှုကို ခံယူအပ်သည်။ ကျန်းမာရေးပညာပေးမှုများ လိုက်နာကျင့်သုံးလျက် စနစ်တကျဆေးဝါးကုသပါက ခြောက်လအတွင်း ပျောက်ကင်းနိုင်သောရောဂါဖြစ်သည်။

ထိုသို့မဟုတ်မူ ရောဂါကို စနစ်တကျမကုသပါက ရောဂါဒဏ်ကို ကြာရှည်စွာခံစားရလျက် အဆုတ်ပျက်စီးကာ အသက်အန္တရာယ်ကို ထိခိုက်နိုင်သည်။ တီဘီရောဂါဖြစ်ပွားသူသည် ပိုးကို တိုက်ဖျက်၍ ကုသရသောပိုးသတ်ဆေးများကို စားသုံးရသောကြောင့် တစ်ဖက်မှလည်း အာဟာရပြည့်စုံစွာစားသုံးရန်လိုအပ်သည်။ အသား၊ ငါး၊ နို့၊ ကြက်ဥ၊ အသီးအနှံစုံစသည်အားဖြင့် ပြည့်စုံစွာ စားသုံးသင့်သည်။ သို့မှသာ ဆေးဝါး၏ ဒဏ်၊ ရောဂါ၏ဒဏ်များကို ခံနိုင်ရည်ရှိလျက် ပြန်လည်ကျန်းမာလာနိုင်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီအစဉ်ဖြင့် တီဘီရောဂါတိုက်ဖျက်ရေးဆေးဝါးများကို ဆေးပေးခန်းများ၊ ကျန်းမာရေးဌာနများမှ အခမဲ့ရရှိနိုင်သောကြောင့် ကျန်းမာရေးသတိ၊ အသိဖြင့် ရောဂါဖြစ်ပွားလာပါက ကြိုးစား၍ ပျောက်ကင်းအောင်ကုသသင့်သည်။ ထိုသို့ကုသခြင်းသည် ရောဂါကို မပြန့်ပွားအောင်ကာကွယ်ခြင်းလည်းဖြစ်သည်။

ထို့ကြောင့် တီဘီရောဂါဆိုးမဖြစ်ပွားရန် အရက်၊ ဆေးလိပ်စသည်တို့အလွန်အကျွံမသောက်သုံးခြင်း၊ လုံးဝမသုံးစွဲခြင်းကို ပြုလုပ်သင့်သည်။ ကောင်းမွန်သော လေကောင်းလေသန့်များကိုရှူရှိုက်သင့်သည်။ သင့်လျော်သော ကိုယ်လက်လှုပ်ရှားမှုများကိုလည်း ပြုလုပ်ပါက ဤသို့သော ရောဂါဆိုးများမဖြစ်ပွားနိုင်ပေ။ တီဘီရောဂါ ရရှိသူများကလည်း "တံတွေးတစ်စက်၊ အဏုမြူဗုံးတစ်ချက်" ဟူသော စကားကိုသိရှိလျက် လက်လွတ်စပယ်တံတွေးထွေးခြင်းကို ရှောင်ရှားသင့်သည်။

တီဘီရောဂါ၊ အဆုတ်ရောဂါ တစ်မျိုးတည်းနှင့်ပင် ကမ္ဘာ့လူသားများစွာသည် အသက်ဆုံးရှုံးလျက်ရှိသည်။ လေထဲတွင် ပျံ့နှံ့လျက်ရှိသော တီဘီရောဂါပိုးမှတစ်ဆင့် လူများဆီသို့ကူးစက်ပြီး အဆင့်ဆင့်ပြန့်ပွားသွားနိုင်သော ရောဂါဆိုးကြီးဖြစ်သည်။ ထို့ကြောင့် တံတွေးမှတစ်ဆင့် ကူးစက်နိုင်သော ရောဂါဖြစ်သည်နှင့်အညီ တံတွေးကို လွယ်ကူစွာ စည်းမဲ့ကမ်းမဲ့ထွေးခြင်းကို ရှောင်ရှားသင့်သည်။ လူများစွာရှိနေသောနေရာများသို့ သွားလာခြင်း၊ သွားလာ၍နှာချေသောအခါမျိုးတွင်လည်း လက်ကိုင်ပဝါများကို စနစ်တကျသုံးလျက် နှာချေခြင်းဖြင့် အခြားသောလူများကို ကူးစက်ခြင်းမှ ကင်းဝေးနိုင်သည်။

ကိုယ်ခံစွမ်းအားနည်း၍ ကူးစက်ဖြစ်ပွားပါကလည်း စနစ်တကျဆေးဝါးကုသမှုကို ခံယူသင့်သည်။ ဆေးဝါးစနစ်တကျစားခြင်း၊ လုံလောက်သော အာဟာရနှင့်ပြည့်စုံအောင် စားသောက်ခြင်းဖြင့် ထိုရောဂါဆိုးကို တွန်းလှန်ကာကွယ်နိုင်သည်။ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးစီမံချက်ဖြင့် နီးစပ်ရာဆေးခန်းများတွင် ဆေးဝါးများ အခမဲ့ပေးဝေခြင်းဖြင့် ကာကွယ်မှုဖြစ်စေသည်။ ထို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများကို ခြိမ်းခြောက်လျက်ရှိသော တီဘီရောဂါဆိုးကို ကာကွယ်နိုင်ပေသည်။

သို့ဖြစ်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက တီဘီရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ထုတ်ပြန်ထားသော "တီဘီရောဂါကာကွယ်ဖို့၊ အားလုံးပူးပေါင်းဆောင်ရွက်စို့" ဆောင်ပုဒ်အရ ကမ္ဘာ့ကူးစက်ရောဂါဖြစ်သော တီဘီရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ရန် လူသားအားလုံး ကျန်းမာရေးအသိ၊ သတိဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ပေသည်။ ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ သတ်မှတ်သော ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့သည် လူသားတို့အတွက် ထူးခြားသောနေ့ပင်ဖြစ်ပါတော့သည်။ ။

မောင်လွမ်းရည်(ရွှေတောင်)

# မော်လမြိုင် ကလေးစာပေပွဲတော်ကျင်းပရန် ပြင်ဆင်မှုများ စတင်ဆောင်ရွက်

**မော်လမြိုင် မတ် ၂၃**

ကလေးစာပေပွဲတော်ကျင်းပမည့် မော်လမြိုင်မြို့ မော်လမြိုင်တက္ကသိုလ် (ဘက်စုံခန်းမ) အဆောက်အအုံ၌ သက်ဆိုင်ရာပြခန်းများအလိုက် ခင်းကျင်းပြသနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ယနေ့နံနက်ပိုင်းမှ စတင်၍ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရှိရသည်။

ကလေးစာပေပွဲတော်၏ အဓိကရည်ရွယ်ချက်ဖြစ်သည့် ကလေးစာပေများ ခင်းကျင်းပြသနိုင်ရန် စာအုပ်စင် ၃၀ နှင့် ဆရာကြီး မင်းသုဝဏ်၏ စာပေမှတ်တမ်း၊ စာအုပ်များနှင့် ဓာတ်ပုံပြခန်းကို တက္ကသိုလ်ခန်းမထဲ၌ ပြသနိုင်ရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ကလေးစာပေပွဲတော်ကို ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အတွေးအခေါ် အယူအဆများ ထက်မြက်လာစေရန်၊ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်၊ စာပေနှင့် ရင်းနှီးပြီး စာဖတ်ခြင်းဓလေ့တွင် ပျော်မွေ့တတ်လာစေရန်နှင့် ကလေးများ၏ ပျော်ရွှင်မှုကို ဖန်တီးပေးရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မွန်ပြည်နယ်ဦးစီးမှူး၏ ပြောကြားချက်အရ သိရသည်။



ထို့နောက် မွန်ပြည်နယ် အထက (၆) မှ အလယ်တန်းပြ ဆရာမတစ်ဦးက ကလေးများအတွက် သင့်တော်ကြောင်း၊ ယခုကဲ့သို့ ပွဲတော်မျိုးလုပ်ပေးသင့်ကြောင်း၊ ယခုလို ပွဲတော်ကျင်းပပေးသည့်အတွက် ကလေးများအနေဖြင့် စာဖတ်သည့် အလေ့အကျင့်ရသွားမည်ဖြစ်ကြောင်း၊ ကလေးစာပေပွဲတော်တွင် ဂိမ်းကစားခြင်း၊ ဆေးရောင်ခြယ်ခြင်းစသည့် ဖျော်ဖြေရေးအစီအစဉ်များစွာ ပါဝင်သည့်အပြင် မိမိလိုချင်သည့် စာအုပ်များစွာ ဝယ်ယူရရှိနိုင်ကြောင်း၊ ထို့အတွက်ကြောင့် ကလေးများအနေဖြင့်လည်း စာဖတ်သည့် အလေ့အကျင့်ကိုရသွားနိုင်ကြောင်း၊ စာဖတ်ခြင်းသည် ကလေးများအတွက် ကောင်းမွန်သည့် အလေ့အကျင့်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဖျော်ဖြေရေးနှင့် ပြိုင်ပွဲအသီးသီးတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ကျောင်းသား ကျောင်းသူများကလည်း ဝတ်စုံပြည့် လေ့ကျင့်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သန်းမင်းအောင်)**

## ပျော်ရွှင်နွဲ့ပျော် ကလေးစာပေပွဲတော်

- ညီထွေးလေးက ဆေးရောင်ခြယ်
  ကိုကို ဂိမ်းကစားမယ်။
  ညီမလေးကွယ် အိမ်တွေဆောက်
  မမ စက္ကူခေါက်။
- ကာတွန်းပြပွဲ ကြည့်ကြမယ်
  ပန်းချီပြိုင်ပွဲလည်း ပါသေးတယ်။
  ကဗျာရွတ်ဆို ပုံပြင်ပြော
  စာရေးဆရာတွေ စာပေဟော။
- ၃၈ ဖြာ မင်္ဂလာ
  ရွတ်ဆိုပြိုင်ပွဲမှာ
  ကလေးများတို့ရေ နားထောင်ကြ
  ယဉ်ကျေးလိမ္မာ အသိဉာဏ်ရ။
- စာအုပ်ပြပွဲလည်း လေ့လာမယ်
  သားသား မီးမီးအတွက် စာအုပ်ဝယ်
  ကလေးစာပေဖွံ့ဖြိုးရေး
  အားလုံးဝိုင်းဝန်း ကြိုးပမ်းပေး။
- ပျော်ရွှင်ကြမည့် သည်ပွဲတော်
  တို့ကလေးများက နွဲ့လို့ပျော်
  ဖေဖေမေမေ လိုက်ပို့ပေး
  တို့ကလေးများရဲ့ အခွင့်အရေး။
  အနာဂတ်ကို ဆောင်ကြဉ်းပေး။

(ဇင်ခန့်နိုင်)

# မော်လမြိုင်မှာကျင်းပမည့် ကလေးစာပေပွဲတော် အတွေးစိတ်ကူးများဖြင့် နွဲ့ပျော်

**မော်လမြိုင် ဇန်နဝါရီ ၂၃**

ကလေးစာပေပွဲတော် (မော်လမြိုင်)ကို မွန်ပြည်နယ် မော်လမြိုင်မြို့ မော်လမြိုင်တက္ကသိုလ် (ဘက်စုံခန်းမ)၌ မတ် ၂၅ ရက်မှ ၂၇ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ပွဲတော်၏ ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ဖျော်ဖြေကြမည့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများသည် ဝတ်စုံပြည့် ဇာတ်တိုက်လေ့ကျင့်နေမှုများကို ယနေ့နံနက် ၉ နာရီက ယင်းတက္ကသိုလ်တွင် ကျင်းပလျက်ရှိသည်။ ကလေးစာပေပွဲတော်တွင် ပါဝင်ဆင်နွှဲကြမည့် ဆရာ ဆရာမများနှင့် ကျောင်းသားလူငယ်များ၏ စာပေပွဲတော်နှင့် ပတ်သက်၍ အမြင်များကို ယခုလိုတွေ့ဆုံမေးမြန်းခဲ့ပါသည်။



မဝင့်ရတီမင်း



ဒေါ်ငွေငွေလှိုင်



မဆုမြတ်မွန်

**မဝင့်ရတီမင်း အထက (၈) မော်လမြိုင်**

ကလေးစာပေပွဲတော် လာရောက်ကျင်းပပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အခုလိုမော်လမြိုင်မှာ လာလုပ်တဲ့အတွက်ကြောင့်ပျော်ပါတယ်။ စာအုပ်တွေလည်း လာရောင်းမယ်ဆိုတော့ စာအုပ်တွေဖတ်ပြီးတော့ ကိုယ့်အတွက်လည်း ဗဟုသုတတွေရလိမ့်မယ်လို့ ထင်ပါတယ်။ ကလေးစာပေပွဲတော် လုပ်တဲ့အတွက် အလွန်ပျော်ပါတယ်။ နောက်နှစ်တွေမှာလည်း အခုလိုမျိုး ဆက်လက်ကျင်းပနိုင်ပါစေလို့ ပြောချင်ပါတယ်။

**ဒေါ်ငွေငွေလှိုင် အလယ်တန်းပြ အထက (၆)**

ကလေးစာပေပွဲတော်ကို အခုလို မော်လမြိုင်မှာ လာရောက်ကျင်းပတာဟာ ကလေးတွေအတွက် သင့်တော်ပါတယ်ရှင်။ အခုလို ကလေးစာပေပွဲတော်မျိုး လုပ်ပေးသင့်တာကြာပါပြီ။ ပွဲတော်ကျင်းပပေးတဲ့အတွက် ကလေးတွေအနေနဲ့ စာဖတ်တဲ့အလေ့အကျင့်ရသွားမှာ ဖြစ်ပါတယ်။ ပွဲတော်မှာက ဂိမ်းကစားတာ၊ ဆေးရောင်ခြယ်တာစတာတွေ အစုံပါတယ်လေ။ ကိုယ်လိုချင်တဲ့ စာအုပ်တွေဝယ်လို့ရတယ်။ ဒါကြောင့် သူတို့အတွက်က စာဖတ်တဲ့အလေ့အကျင့်လည်း ဒီကနေတစ်ဆင့် ရသွားနိုင်ပါတယ်။ ကလေးတွေအတွက် ကောင်းတဲ့အလေ့အကျင့်ဖြစ်ပါတယ်။

ကလေးစာပေပွဲတော်ကို ကျောင်းဖွင့်တဲ့အချိန်မှာ ကျင်းပတာ ပိုပြီးအဆင်ပြေမယ်လို့ ထင်ပါတယ်။ သွားလာရတဲ့အခါမှာ တစုတစည်းတည်းကောင်းတာပေါ့။ အခုလိုကျတော့ ရောက်လာဖို့သိပ်ပြီးမလွယ်ဘူးလေ။ တချို့ကျတော့ ခရီးထွက်မယ်။ မိဘတွေနဲ့ မိသားစုလိုက် ဘုရားဖူးထွက်တာတို့၊ နယ်ဘက်ကိုအလည်သွားတာတို့ အဲလိုမျိုးလေးတွေ ရှိတဲ့အခါကျတော့ ကျောင်းချိန်အတွင်းမှာဆို သူ့အတန်းလိုက် သွားကြည့်လို့ အဆင်ပြေတာပေါ့။ စုစည်းလို့ရတာပေါ့။ အခုပွဲမှာစီစဉ်ထားတဲ့ ပြကွက်တွေက သင့်တော်ပါတယ်။

**မဆုမြတ်မွန် အထက (၆) မော်လမြိုင်**

အခုလို လာရောက်ကျင်းပတဲ့အခါမှာ ကျွန်မအနေနဲ့ ပျော်ပါတယ်။ ကလေးတွေအတွက်လည်း ပျော်ပါတယ်။ ကလေးတွေအနေနဲ့လည်း ဉာဏ်ရည်တိုးတက်စေပါတယ်။ စာပေပညာဗဟုသုတတွေ အများကြီးရလိမ့်မယ်လို့ မျှော်လင့်ပါတယ်ရှင်။ စာဖတ်ရတာကိုလည်း ဝါသနာပါပါတယ်။ ဒီလိုပွဲတော်မျိုးကို ကျောင်းဖွင့်ချိန်မှာ ပြုလုပ်ရင်လည်း ကောင်းပါတယ်။ ဒါပေမယ့် ကျောင်းဖွင့်ချိန်ကတော့ စာဖတ်ရတာသိပ်ပြီးအဆင်မပြေပါဘူး။ ကျောင်းပိတ်ချိန်ကတော့ ပိုကောင်းပါတယ်။ ကျွန်မအနေနဲ့က နောက်နှစ်တွေမှာလည်း လုပ်ပေးစေချင်ပါတယ်။ အမြဲတမ်းစာဖတ်နေရတော့ ပိုကောင်းပါတယ်။

**သတင်းနှင့် ဓာတ်ပုံ - အောင်မင်းဟန်နှင့်အဖွဲ့**

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်
## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၂၂-၃-၂၀၁၇ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၂၇-၂-၂၀၁၇ ရက်နေ့မှ ၃-၃-၂၀၁၇ ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ တစ်ဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူဂျာနယ်နှစ်ဦး၊ မဂ္ဂဇင်းသုံးဦးနှင့် အထွေထွေနှစ်ဦး ပေါင်းခုနစ်ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၄၁၆ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၀၆၇ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၆၀ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၅၄၃ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# မူခင်းအသိပညာပေး လုပ်ငန်းများဆောင်ရွက်

**ရန်ကုန် မတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က မူခင်းပညာပေးပြခန်းယာဉ် ဖွင့်လှစ်ကာ နယ်လှည့် အသိပညာပေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ မတ် ၂၀ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ မူခင်းအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မူခင်းပြခန်းယာဉ်ပေါ်တွင် မြို့နယ်ရဲတပ်ဖွဲ့ ဒု-ရဲမှူးအောင်သိန်းက မူခင်းဖြစ်ပွားမှုမရှိစေရေး အသိပညာပေး ဟောပြောခြင်းကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု (၄၁)မှ ရဲအုပ်မြတ်ဖုန်းက မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် အမှတ်(၆) တပ်ဖွဲ့စုမှ ရဲအုပ်သိန်းငွေက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာများ၊ ယာဉ်ထိန်းတပ်ဖွဲ့စုမှ ရဲတပ်ကြပ်ကြီး ခိုင်ဝင်းကိုကိုက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းအရာများကိုလည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြောင်းသိရသည်။

မူခင်းပညာပေးပြခန်းယာဉ်ဖြင့် ဆောင်ရွက်ရခြင်းမှာ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများအနေဖြင့် ရဲတပ်ဖွဲ့က ဆောင်ရွက်နေသည့်ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစနစ်ကို သိရှိစေရန်၊ ပြစ်မှုများကျူးလွန်ခြင်း မခံရစေရန်၊ မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းစေရေးနှင့် ကလေးငယ်များ၊ အမျိုးသမီးများ လူကုန်ကူးမှုအန္တရာယ်ကင်းရှင်းစေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရန်အတွက် အသိပညာပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ မူခင်းပညာပေးပြခန်းယာဉ်သို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ လာရောက်ကြည့်ရှုခဲ့ကြောင်းသိရသည်။

**(ဝင်းမင်း)**

# (၇)ကြိမ်မြောက် ဂျပန်ဖလား ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၂၃**

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးနှင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၇ ခုနှစ်၊ (၇)ကြိမ်မြောက် ဂျပန်ဖလား ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ ကျင်းပသည်။

အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဝါတာနာဘေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှတာဝန်ရှိသူများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးတို့မှတာဝန်ရှိသူများ၊ ရန်ကုန်တပ်နယ်မှ အရာရှိစစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဂျပန်သံအမတ်ကြီးက အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားပြီး အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ ထို့နောက် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။




ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ၊ သံအမတ်ကြီးနှင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

ထို့နောက် အားကစားသမားများက အားကစားနည်းများအလိုက် သရုပ်ပြသကြပြီး ပြိုင်ပွဲပထမနေ့ကို စတင်ယှဉ်ပြိုင်ကစားကြသည်။

ယနေ့ကျင်းပသည့် ဂျပန်ဖလား ကရာတေးဒို ပြိုင်ပွဲကို မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးနှင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်တို့ ပူးပေါင်း၍ နှစ်စဉ်ကျင်းပလျက်ရှိပြီး ယခုပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၈ သင်း၊ ပြိုင်ပွဲဝင် အားကစားသမား ၁၉၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ပြိုင်ပွဲဒုတိယနေ့နှင့် ဆုပေးပွဲအခမ်းအနားကို မတ် ၂၄ ရက်တွင် အဆိုပါ အားကစားရုံ၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဓမ္မာစရိယစာမေးပွဲ ဒုတိယနေ့ ကျင်းပ

**နေပြည်တော် မတ် ၂၃**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၁၇ ခုနှစ်၊ ဓမ္မာစရိယစာမေးပွဲကို မတ် ၂၃ ရက်(ဒုတိယနေ့)တွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၂ ဌာနတို့၌ စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်းသွင်း ၁၇၇၆၃ ပါးအနက် ၁၃၉၀၄ ပါးဖြေဆိုပြီး ပျက်ကွက် ၃၈၅၉ ပါးရှိ၍ ၇၈ ဒသမ ၂၈ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

### ❒ အာရှဖလားမှ

မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလားခြေစစ်ပွဲယှဉ်ပြိုင်ရန် ပဏာမကစားသမား ၂၆ ဦးဖြင့် စတင်လေ့ကျင့်ပြင်ဆင်ခဲ့ပြီး မတ် ၂၁ ရက်တွင် အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် အဝေးကွင်း၌ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားခဲ့သည်။ မြန်မာအသင်းသည် အင်ဒိုနီးရှားနိုင်ငံမှ မတ် ၂၂ ရက်တွင် ပြန်လည်ရောက်ရှိလာခဲ့ပြီး မတ် ၂၃ ရက်မှစ၍ ပြန်လည်လေ့ကျင့်နေခြင်း ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အင်ဒိုနီးရှားအသင်းနှင့် ခြေစမ်းပွဲအတွက် ရွေးချယ်ထားသည့် ကစားသမား ၂၁ ဦး၊ ယင်းပွဲတွင် ပါဝင်သွားခြင်းမရှိသည့် ကစားသမား ငါးဦး စုစုပေါင်း ၂၆ ဦးဖြင့် လေ့ကျင့်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် အိန္ဒိယလက်ရွေးစင်အသင်းတို့၏ အာရှဖလားခြေစစ်ပွဲကို မတ် ၂၈ ရက်တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အာရှဖလားခြေစစ်ပွဲတွင် အုပ်စု (က)၌ ကာဂျစ္စတန်၊ မကာအို၊ အိန္ဒိယတို့နှင့် ကျရောက်လျက်ရှိသည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှဖလားတတိယအဆင့် ခြေစစ်ပွဲကို လေးသင်းခြောက်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်စုစီမှ ထိပ်ဆုံးနှစ်သင်းစီ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် ခြေစစ်ပွဲအောင်မြင်ရန် အခွင့်အရေးရှိနေသည်။ မြန်မာအသင်းသည် အာရှဖလားနောက်ဆုံးအဆင့်ပြိုင်ပွဲတွင် တစ်ကြိမ်သာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပြီး ၁၉၆၈ ပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့ကြောင်း သိရသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

# ၂၀၁၇ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း တိုင်းဒေသကြီးလွှတ်တော်တွင် တင်သွင်း

**ရန်ကုန် မတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၇ ခုနှစ် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းကို တိုင်းဒေသကြီးလွှတ်တော်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ယနေ့တင်သွင်းလိုက်သည်။

၂၀၁၇ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို မတ် ၂၃ ရက်က ကျင်းပသည့် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (ဒုတိယနေ့)အစီ အစဉ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက တင်သွင်းခဲ့ခြင်း ဖြစ်သည်။

"၂၀၁၇ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းကို ဘယ်လိုအကောင်အထည်ဖော်ခဲ့လဲဆိုတာကို ပထမဆုံးရှင်းပြချင်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ရဲ့ မူလဘဏ္ဍာငွေလျာထားချက်ကို ၃၃၆ ဘီလီယံလျာထားခဲ့ပါတယ်။ အဲဒီမှာ ပြန်ပြီးတော့ စက်တင်ဘာ၊ အောက်တိုဘာလမှ ဖြည့်စွက်အသုံးပြုခွင့်ရခဲ့တာက ၁၆၈ ဘီလီယံဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးရဲ့ အစိုးရအဖွဲ့ကို ပြည်ထောင်စု အစိုးရကနေ သီးသန့်ပံ့ပိုးငွေ တစ်ဘီလီယံ ရရှိခဲ့တဲ့အတွက် စုစုပေါင်း ၁၆၉ ဘီလီယံ ထပ်ရရှိခဲ့တဲ့အတွက် ၃၃၆ ဘီလီယံ အပေါင်း ၁၆၉ ဘီလီယံဖြစ်တဲ့အတွက် ၅၀၅ ဘီလီယံရရှိခဲ့ပါတယ်။ တိုင်းဒေသကြီးရဲ့ ပိုလျှံငွေကိုလည်း ပြန်ပြီးတော့ ဥပဒေနဲ့အညီ အပ်ခဲ့ပြီးဖြစ်ပါတယ်။ ထပ်မံတိုးရတဲ့ငွေထဲမှာ ထူးခြားတာကတော့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ အများပြည်သူပို့ဆောင်ရေး အသုံးပြုဖို့အတွက် မော်တော်ယာဉ်တွေ ဝယ်ယူဖို့ ဘီလီယံ ၇၀ ကိုလည်း လျာထားသတ်မှတ်ထားပါတယ်။ ဒါကိုလည်း အမြန်ဆုံး ဘတ်ဂျက်နှစ်မကုန်ခင်မှာ အကောင်အထည်ဖော်ဖို့ ဖြစ်ပါတယ်။ ထို့အပြင် ဆောက်လုပ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့၊ မြို့ပြအိမ်ရာဆောင်ရွက်ဖို့ကို ၆၄ ဘီလီယံ ရှိပါတယ်။ လယ်ယာမြေဖော်ထုတ်ဖို့ ခုနစ်ဘီလီယံရှိပါတယ်။ ဒီအပိုင်းကို ထူးခြားမှုအနေနဲ့ ၅၀၅ ဘီလီယံထဲက ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ မဆောင်ရွက်နိုင်ခဲ့တဲ့ ၄၁ ဘီလီယံကို ပြန်လည်အပ်နှံခဲ့ရတဲ့အတွက် ၄၆၄ ဘီလီယံကိုပဲ သုံးစွဲနိုင်ခဲ့ တဲ့အနေအထားရှိပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ရဲ့ ထူးခြားချက်ကလည်း လုပ်ငန်းဆောင်ရွက်နေတဲ့ စီမံကိန်းတွေ တချို့ဟာတွေ ဖြည့်စွက်ခွင့်ပြုငွေဟာ ဒီဇင်ဘာလမှစပြီး တချို့လုပ်ငန်းတွေစရတဲ့အတွက် တချို့လုပ်ငန်းတွေဟာ မပြီးပြတ်ခဲ့ပါဘူး။ မတ်လစာရင်း ပိတ်ပင်ပိတ်ငြားသော်လည်း ထပ်ပြီးတော့ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနဲ့အညီ ဇွန် ၂၄ ရက်အထိ တိုးမြှင့်လုပ်သွားနိုင်တယ်ဆိုတာကို တင်ပြလိုပါတယ်။ စာရင်းဇယားအသေးစိတ်ကို ကိုယ်စားလှယ်ကြီးတွေကို ကြိုတင်ပေးထားပြီးဖြစ်ပါတယ်"ဟု စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးက လွှတ်တော်သို့ တင်သွင်းဖတ်ကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။



ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (ဒုတိယနေ့) ကျင်းပစဉ်။

ဆက်လက်၍ ၂၀၁၇ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်ပတ်သက်၍ ၎င်းက ဆက်လက်တင်သွင်းခဲ့သည်။ ၂၀၁၇ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်ကို ၄၂၄ ဒသမ ၂၈ ဘီလီယံလျာထားပြီး ရငွေနှင့် သုံးငွေကို Balance Budget အဖြစ် ရေးဆွဲထားမှုအား တင်ပြခဲ့သည်။

"၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီးရဲ့ ရသုံးခန့်မှန်းခြေ ငွေစာရင်းလျာထားချက်ကို ပြည်ထောင်စု ထောက်ပံ့ငွေက ၄၁ ဒသမ ၆၉ ဘီလီယံကျော်ခွဲဝေပေးပါတယ်။ ရန်ကုန်တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနရဲ့ သာမန်ရငွေမှ ခွဲဝေတဲ့ အခွန်ဝေစုက ၁၂၁ ဒသမ ၆၀ ဘီလီယံရရှိပါတယ်။ အဲဒါကိုလည်း တိုင်းဒေသကြီးရဲ့ သာမန်ရငွေမှာ ထည့်သွင်းထားပြီးဖြစ်ပါတယ်။ အဖွဲ့အစည်းအနေနဲ့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ထဲမှာ ၂၅ ဖွဲ့ရှိပြီး အခုထပ်ပြီး ဗဟိုစာရင်းအင်းအဖွဲ့ တိုးလာတဲ့အတွက် ၂၆ ဖွဲ့ဖြစ်လာပါတယ်။ အစိုးရအဖွဲ့ရဲ့ ဘတ်ဂျက်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ငွေလုံးငွေရင်းလျာထားချက်ပါ ထည့်သွင်းရေးဆွဲထားခဲ့တဲ့အတွက် တိုင်းဒေသကြီးရဲ့ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ စုစုပေါင်းရငွေကလည်း ခန့်မှန်းထားတာက ၄၂၄ ဒသမ ၂၈ ဘီလီယံအရဖြစ်ပါတယ်။ အသုံးကလည်း ဘက်ညီဘတ်ဂျက်ရေးဆွဲထားခြင်းဖြစ်တဲ့အတွက် အသုံးကလည်း ၄၂၄ ဒသမ ၂၈ ဘီလီယံဖြစ်ပါတယ်။ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီးရဲ့ ရသုံးမှန်းခြေငွေစာရင်းနဲ့ ၂၀၁၇ ခုနှစ်က ရန်ကုန်တိုင်းဒေသကြီးရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေမူကြမ်းကို မတ် ၁၃ ရက်က ပြုလုပ်ခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစည်းအဝေးအမှတ်စဉ်(၁၀/၂၀၁၇)ဆုံးဖြတ်ချက်အရ သဘောတူညီခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီနောက်မှာ မတ် ၁၇ ရက်က ပြုလုပ်ခဲ့တဲ့ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေးမှာလည်း တိုင်းဒေသကြီး/ပြည်နယ်ဘဏ္ဍာငွေ ထောက်ပံ့ငွေတွေ ပါဝင်တဲ့ ၂၀၁၇ ခုနှစ် ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကိုလည်း ပြည်ထောင်စုက အတည်ပြုပြီးဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေမူကြမ်းကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်မှာ အတည်ပြုဖို့ တင်သွင်းခြင်းဖြစ်ပါတယ်"ဟု ၎င်းကဥပဒေကြမ်းတင်သွင်းရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ ဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းကို လာမည့်မတ် ၂၈ ရက်(အင်္ဂါနေ့) ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (တတိယနေ့) အစီအစဉ်တွင် ဆက်လက်ဆွေးနွေးမည်ဖြစ်သည်။

**(၀၀၁)၊ ဓာတ်ပုံ- စောသိန်းဝင်း**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်သင်တန်းဆင်း

**ကွမ်းခြံကုန်း မတ် ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးတို့အတွက် အသက်မွေးဝမ်းကျောင်း ပညာရပ်များကို ကျေးရွာများအရောက် ဖြန့်ဝေသင်ကြားပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် တော်ကူးအရှေ့ကျေးရွာတွင် သက်မွေးပညာရပ်တစ်ခုအနေဖြင့် စက်ချုပ်သင်တန်းကို ဇန်နဝါရီ ၂၀ ရက်မှစတင်ကာ နှစ်လကြာဖွင့်လှစ်ပို့ချခဲ့ပြီး မတ် ၂၀ ရက်တွင် သင်တန်းဆင်းပွဲကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၃၀ တက်ရောက်ခဲ့ပြီး သင်တန်းဆင်းပွဲနေ့တွင် ကိုယ်တိုင်ချုပ်လုပ်ထားသော အဝတ်အထည်များကို ပြသနိုင်ခဲ့ကာ အထည်စက်ရုံတွင် အလုပ်လုပ်လိုသူများအတွက်လည်း စက်ရုံနှင့်ချိတ်ဆက်၍ အလုပ်ရရှိရေးကို တစ်ပါတည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သရဖီ(ကွမ်းခြံကုန်း)**

# စပါးခွံလျှပ်စစ်ဓာတ်အားပေးစက်ရုံများကို ဆန်စက်ရှိရာဒေသများတွင် တည်ဆောက်နိုင်ပါက ကျေးလက်လျှပ်စစ်မီးရရှိလာနိုင် ဧရာဝတီ၊ ပဲခူး၊ စစ်ကိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင်လည်း စပါးခွံလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တိုးချဲ့ရေးစီစဉ်

**နေပြည်တော် မတ် ၂၃**

စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်းကျေးရွာရှိ မြန်မာနိုင်ငံ လယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်ဝင်းအတွင်း၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံ၏ လျှစ်စစ်ဓာတ်အား အမြင့်ဆုံးလိုအပ်ချက်မှာ မဂ္ဂါဝပ် ၃၁၀၀ ခန့်ရှိလာနိုင်သည်ဟု ခန့်မှန်းထားကြောင်း၊ ထုတ်လုပ်နိုင်မှုမှာ ၂၈၅၆ မဂ္ဂါဝပ်ရှိသဖြင့် ၂၄၄ မဂ္ဂါဝပ် ဓာတ်အားလိုအပ်ချက်ဖြစ်ပေါ်နေပါကြောင်း၊ စပါးခွံလျှပ်စစ်ဓာတ်အားပေးစက်ရုံများကို ဆန်စက်များစွာတည်ရှိရာ ဒေသများတွင် တည်ဆောက်နိုင်ပါက ကျေးလက်ဒေသများ လျှပ်စစ်မီးရရှိလာနိုင်မည်ဖြစ်ကြောင်း၊ အလားတူစီမံကိန်းများ ဆောင်ရွက်မည်ဆိုပါက ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့်အကူအညီများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကူညီပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံ လယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်ဥက္ကဋ္ဌ ဦးချစ်ခိုင်က လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို စွန့်ပစ်ပစ္စည်းစပါးခွံမှ ထုတ်ယူသုံးစွဲခြင်းဖြစ်သည့်အတွက် မဟာဓာတ်အားလိုင်းမှ ဓာတ်အားရယူသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ စပါးခွံများ မီးရှို့ဖျက်ဆီးပါက သဘာဝပတ်ဝန်းကျင် ညစ်ညမ်းထိခိုက်ပါကြောင်း၊ ယခုစက်ရုံသည် စပါးခွံများကို စနစ်တကျ အဆင့်မြင့်နည်းပညာဖြင့် လောင်ကျွမ်းစေခြင်းဖြစ်သည့်အတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့ချနိုင်ပါကြောင်း၊ စက်ရုံမှ လျှပ်စစ်ဓာတ်အား သုည ဒသမ ၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားကို မြန်မာနိုင်ငံ လယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်၏ ဆန်စက်လည်ပတ်ရာတွင် အသုံးပြုမည်ဖြစ်ကာ ပိုလျှံဓာတ်အားကို အနီးဝန်းကျင်များသို့ ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြသည်။

ဂျပန်နိုင်ငံ Yanmar ကုမ္ပဏီမှ တာဝန်ရှိသူများက စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အားထွက်ရှိနိုင်မည့်မဂ္ဂါဝပ်နှင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုလျှော့ချနိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒေါက်တာသန်းမြင့်၊ မြန်မာနိုင်ငံ လယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက် ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် ဂျပန်နိုင်ငံ Yanmar ကုမ္ပဏီမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် တာဝန်ရှိသူများက စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြပြီး စက်ရုံ၏ ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဒုတိယသမ္မတသည် စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံအား လှည့်လည်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လျှပ်စစ်ဓာတ်အား ထုပ်လုပ်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်အား ရှင်းလင်းတင်ပြကြသည်။

မြန်မာနိုင်ငံတွင် စပါးခွံများကို မြစ်ချောင်းများအတွင်း အလွယ်တကူ စွန့်ပစ်မှုကြောင့် ရေထုညစ်ညမ်းပြီး ရေနေသတ္တဝါများသေဆုံးခြင်း၊ စပါးခွံများကို ကွင်းပြင်တွင် မီးရှို့ခြင်းကြောင့် လေထုညစ်ညမ်းခြင်းများဖြစ်ပေါ်နေကြောင်း၊ စပါးခွံများ ပေါ်များစွာရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင်လည်း စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တိုးချဲ့တည်ဆောက်နိုင်ရေးစီစဉ်နေကြောင်းနှင့် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့တွင် တည်ဆောက်နေသော ၂ ဒသမ ၂ မဂ္ဂါဝပ်ထွက်ရှိမည့် စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်မှုမှာလည်း ၉၉ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယနေ့ဖွင့်လှစ်ပေးလိုက်သည့် စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံကို ဂျပန်နိုင်ငံ၏နောက်ဆုံးပေါ်နည်းပညာဖြင့် တည်ဆောက်ထားပြီး လျှပ်စစ်ဓာတ်အား သုည ဒသမ ၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်းကျေးရွာရှိ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက် ဝင်းအတွင်း၌ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် ဖွင့်လှစ်ပေးစဉ်။



မတ် ၂၃ ရက်က မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ်ညစာစားပွဲအခမ်းအနား တက်ရောက်လာသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ဇနီး ဒေါက်တာဒေါ်နန်းခမ်းမိုင်တို့အား မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Ehsan Ullah Batth ကြိုဆို နှုတ်ဆက်စဉ်။ (သတင်းစဉ်)

## ကျိုက်ထိုမြို့နယ် ကျိုက္ကသာကျေးရွာတွင် ရှေးဟောင်းပစ္စည်းဟုယူဆရသည့် ရွှေပြားများတွေ့ရှိ

**ကျိုက်ထို မတ် ၂၃**

ကျိုက်ထိုမြို့နယ် ကျိုက္ကသာကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သည့် ကျေးရွာပတ်လမ်းအား မြေသားခင်းရန် ကျိုက္ကသာကျေးရွာနေ ဦးထွန်းရီ(ခ) ဆယ့်တစ်ပါး(၆၂)နှစ်၏တောခြံမှ မြေသားများကို မတ် ၁၇ ရက် ညနေ ၄ နာရီခွဲတွင် ဘက်ဟိုးယာဉ်ဖြင့် တူးယူစဉ် အချင်း ၆ လက်မ လုံးပတ် ၂၀ လက်မခန့်ရှိ မြေအိုးတစ်လုံးအားထိခိုက်မိ၍ မြေအိုးကွဲကာ မြေအိုးအတွင်းမှ ဝိုင်း၍ခုံးနေသောရွှေပြား ၃၉၀ ကို တွေ့ရှိခဲ့သည်။

အဆိုပါရွှေပြားများမှာ တစ်ပြားလျှင်အလေးချိန် တစ်မတ်သားခန့်ရှိပြီး အနားများတွင်အပေါက်ငယ်လေး ပေါက်ပါရှိသည်။ စုစုပေါင်းအလေးချိန်မှာ ၁ ပိဿာ ၁၀ သားရှိ၍ ခြံပိုင်ရှင် ဦးထွန်းရီက ထိန်းသိမ်းထားကာ ရှေးဟောင်းပစ္စည်းဟုယူဆရ၍ သက်ဆိုင်ရာမှတစ်ဆင့် ရှေးဟောင်းသုတေသနဦးစီးဌာနသို့ ဆက်သွယ်အကြောင်းကြားထားကြောင်းသိရသည်။ **ဝင်းမောင်(ကျိုက်ထို)**

## (၇၂)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တာဝေးစက်ဘီးစီးပြိုင်



**ပဲခူး မတ် ၂၃**

(၇၂)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ စက်ဘီးစီးအဖွဲ့ချုပ်နှင့် Joy Trading Co.,Ltd တို့ ပူးပေါင်းကျင်းပသည့် ပဲခူး-ကျိုက်ထို-ဘားအံ-ပဲခူး မိုင် ၂၆၀ တာဝေးစက်ဘီးစီးပြိုင်ပွဲကို မတ် ၂၃ ရက် နံနက် ၆ နာရီခွဲက ပဲခူးမြို့ ရွှေမော်ဓော ဘုရားလမ်း တိုင်းအားကစားကွင်းရှေ့၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများအား လိုက်လံနှုတ်ဆက်ပြီး ဝန်ကြီးချုပ်က သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးခဲ့သည်။

အဆိုပါစက်ဘီးစီးပြိုင်ပွဲတွင် အားကစားဝါသနာရှင် ၇၂ ဦးပါဝင်ကာ မတ် ၂၃ မှ ၂၆ ရက်အထိ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးသင်တန်း မန္တလေးမြို့၌ ဖွင့်လှစ်

**မန္တလေး မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစေတနာ့ဝန်ထမ်းများ မူးယစ်ကြီးကြပ်ရေးမှူးအသင်းတို့ပူးပေါင်း၍ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်းဖွင့်ပွဲကို မတ် ၂၂ ရက် နံနက်ပိုင်းက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးစန်းယု၊ မြို့နယ်ဥပဒေအရာရှိ ဦးဇော်လွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းနိုင်၊ အမှတ်(၈) မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ခင်မောင်သိန်း၊ ကျောင်းအုပ် ဆရာမကြီး၊ နယ်ထိန်းတာဝန်ခံနှင့် မြို့နယ်အတွင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အဖွဲ့ဝင်များနှင့် ချမ်းအေးသာစံမြို့နယ်ရှိ ရပ်ကွက် ၂၀ မှ သင်တန်းသား ၄၀ တို့ တက်ရောက်ခဲ့ကြသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ခေတ်မီဆန်းသစ်လှပခိုင်ခံ့သော ပရိဘောဂပြပွဲခင်းကျင်းပြသ

**ရန်ကုန် မတ် ၂၃**

မြန်မာ့နှစ်သစ်ကူးအကြို (The 15th Yangon International Lifestyle Furniture Fair)ပရိဘောဂပြပွဲဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော် ခန်းမ၌ ကျင်းပခဲ့သည်။



ပြပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌဦးလင်းနိုင်မြင့်၊ မြန်မာ့သစ်လုပ်ငန်း အထွေထွေမန်နေဂျာများဖြစ်ကြသည့် ဦးမောင်ငွေနှင့် ဦးခင်မောင်စိုး၊ ကုန်သည်စက်မှုအသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန်နှင့် Thousand Islands Business Group မှ ဥက္ကဋ္ဌဦးမင်းသိန်းတို့ တက်ရောက်ကြပြီး ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ပြပွဲကို Thousand Islands Business Group မှ ကြီးမှူးကာ မတ် ၂၃ ရက်မှ ၂၇ ရက်အထိ ငါးရက်တိုင်တိုင် ဖွင့်လှစ်ကျင်းပမည်ဖြစ်ပြီး ပြပွဲတွင် ပြည်ပရောင်းတန်းဝင် ကျွန်းသစ်မာပရိဘောဂများ၊ ဧည့်ခန်း၊ အိပ်ခန်း၊ မီးဖိုချောင်၊ မျက်နှာကြက်၊ နံရံနှင့် ကြမ်းခင်းများတွင် သပ်ရပ်ခိုင်ခံ့လှပစွာ တပ်ဆင်အသုံးပြုနိုင်မည့် ခေတ်မီ Decoration ပစ္စည်းများအပြင် ပြည်ပမှ တင်သွင်းဖြန့်ဖြူးရောင်းချသော ခေတ်မီဆန်းသစ်လှပခိုင်ခံ့သော ပရိဘောဂမျိုးစုံတို့ကို အထူးဈေးနှုန်းများဖြင့် ခင်းကျင်းပြသမည်ဖြစ်သည်။

ထို့ပြင် ကုမ္ပဏီပေါင်း ၃၈ ခုမှ ပြခန်းပေါင်း ၁၉၁ ခန်း ပါဝင်ပြသရောင်းချမည်ဖြစ်ပြီး ဝယ်ယူသူများအား LED 32" TV တစ်လုံးနှင့် အခြားဆုမဲပေါင်းများစွာကို ကံစမ်းမဲဖောက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**






ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် မတ် ၁၉ ရက် နံနက်က T&Y Foundation (Tyy Group of Companies) မိသားစုက ငွေကျပ် ၁၅၁၀၀၀၀၊ ဆန်ခုနစ်အိတ်၊ ဆီခုနစ်ပုံးနှင့် Used Inject Needle Melting Device အပ်ဖြတ်စက် စုစုပေါင်း တန်ဖိုးငွေကျပ် ၂၈၁၃၉၀၀ ကို ပေးအပ်လှူဒါန်းရာ တိုက်ကြီးမြို့နယ်မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။

(ကြေးမုံ)

## သားသတ်လုပ်ငန်းများအား ထုတ်လုပ်ရောင်းချခွင့် လက်မှတ်စနစ်ဖြင့် ခွင့်ပြုချထားပေး

**သီပေါ မတ် ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စည်ပင်သာယာရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် သားသတ်လုပ်ငန်းများအား ထုတ်လုပ်ရောင်းချခွင့် လက်မှတ်စနစ်ဖြင့် ခွင့်ပြုချထားပေးခြင်းအခမ်းအနားကို မတ် ၂၂ ရက် နံနက် ၁၀ နာရီက မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းခွန်ဇော်ဦးက သားသတ်လုပ်ငန်းနှင့်စပ်လျဉ်းသော စည်းမျဉ်းစည်းကမ်းများ၊ ပေးသွင်းရမည့်အခွန်နှုန်းထားများကို မပျက်မကွက်ပေးသွင်းရေး၊ အသားများကို စားသုံးသူပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်စေရန်၊ သန့်ရှင်းလတ်ဆတ်ပြီး သတ်မှတ်ထားသော ဈေးနှုန်းအတိုင်းရောင်းချရေး စသည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အသားထုတ်လုပ်ရောင်းချခွင့်လက်မှတ်စနစ်ဖြင့် တစ်မြို့နယ်လုံးတွင် သားသတ်လုပ်ငန်းလုပ်ကိုင်ရန် လျှောက်ထားသူ ၁၃ ဦးအား သားသတ်လုပ်ငန်း ၁၇ ခုကို အသားထုတ်လုပ်ရောင်းချခွင့်လက်မှတ်များချထားပေးခဲ့ပြီး ထိုလုပ်ငန်းများမှ ဌာနရန်ပုံငွေသိန်း ၁၅၀၀ ကျော် ရရှိမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း (သီပေါ)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

## လက်ပံတောင်းမြေ ဆားလင်းကြီးဒေသတွင် အချက်သုံးချက်ပါတားမြစ်မိန့် ထုတ်ပြန်

**ဆားလင်းကြီး မတ် ၂၃**

အများပြည်သူ အသက်အိုးအိမ် စည်းစိမ်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် ဆားလင်းကြီးမြို့နယ်တွင် ရဟန်းရှင်လူ ပြည်သူတစ်ရပ်လုံး လိုက်နာရန်အတွက် အချက်သုံးချက်ပါသည့် တားမြစ်မိန့်အမှတ် (၁/၂၀၁၇)ကို စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၏ လက်မှတ်ဖြင့် မတ် ၂၂ ရက်က ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါတားမြစ်မိန့်တွင် ဆားလင်းကြီးမြို့နယ် မိုးကြိုးပြင်တောင်ကျေးရွာ၊ မိုးကြိုးပြင်အလယ်ရွာနှင့် မိုးကြိုးပြင်မြောက်ရွာအနီး မုံရွာ-ပုသိမ်လမ်းမကြီးပေါ်တွင် လူစုလူဝေးများအနေဖြင့် ဖြတ်သန်းသွားလာနေသော မော်တော်ယာဉ်များကို အတားအဆီးပြုလုပ်၍ ပိတ်ဆို့တားဆီးခြင်း၊ ယာဉ်နှင့်လူများကို ထိန်းသိမ်းထားခြင်း၊ ခွင့်ပြုချက်မရှိဘဲစုဝေးခြင်း၊ စိတ်နှောင့်ယှက်ဖြစ်စေသည့်ဆောင်ရွက်မှုများကို ပြုလုပ်နေသည့်အတွက် အမိန့်ထုတ်ပြန်ရခြင်းဖြစ်ကြောင်း သိရသည်။ တားမြစ်မိန့်တွင် မည်သူကမျှ အမိန့်တစ်စုံတစ်ရာမရှိဘဲလမ်းများပေါ်တွင် ဆူပူလှုံ့ဆော်လိုသော ရည်ရွယ်ချက်ဖြင့် လူငါးဦးနှင့် ငါးဦးထက်ပို၍စုဝေးခြင်း၊ လမ်းလျှောက်ခြင်း၊ စီတန်းလှည့်လည်ခြင်း၊ ဟောပြောခြင်း၊ အော်ဟစ်ကြွေးကြော်ခြင်း၊ လှုံ့ဆော်ခြင်း၊ ရှုန်းရင်းဆန်ခတ်မှုပြုခြင်း၊ တုတ်ဓားလက်နက်၊ လောက်လေးခွနှင့် မီးလောင်စေသောအရာများ ကိုင်ဆောင်ခြင်းမပြုလုပ်ရဟူ၍ပါဝင်သည်။ ထို့အပြင် မည်သူမျှ ဆားလင်းကြီးမြို့နယ်အတွင်းရှိ ပုသိမ်-မုံရွာ ကားလမ်းမကြီးတစ်လျှောက်တွင် အတားအဆီးပြုလုပ်၍ ပိတ်ဆို့ခြင်း၊ လူစုလူဝေးဖြင့် ပိတ်ဆို့ခြင်းမပြုလုပ်ရဟု ပါဝင်သလို မည်သူမျှလုံခြုံရေးတာဝန်ထမ်းဆောင်နေသူများကို နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်း မပြုလုပ်ရဟုပါဝင်သည်။

အဆိုပါ တားမြစ်မိန့်ကို လိုက်နာရန်ပျက်ကွက်သူကို လုံခြုံရေးတာဝန်ထမ်းဆောင်သူတို့က အင်အားသုံးဖမ်းဆီး၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း မတ် ၂၂ ရက်က ဆားလင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးတံဆိပ်ခတ်နှိပ်၍ ဆားလင်းကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်း လက်မှတ်ရေးထိုး၍ ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ဆီဆိုင်ဆောက်လုပ်မှု ကျေးရွာပြည်သူများ ကန့်ကွက်

**ပွင့်ဖြူ မတ် ၂၃**

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာအုပ်စု ကုလားကုန်းကျေးရွာရှိ မင်းထက်ကြွယ်ဆီဆိုင်ဆောက်လုပ်မှုအား ကျေးရွာနေပြည်သူများက မီးဘေးအန္တရာယ်စိုးရိမ်သဖြင့် ကန့်ကွက်ပွဲကို မတ် ၂၃ ရက် မွန်းတည့် ၁၂ နာရီတွင် ကုလားကုန်းကျေးရွာ အမကကျောင်းဝင်းအတွင်း ကျင်းပခဲ့သည်။

အဆိုပါကန့်ကွက်ပွဲသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ဆွေးနွေးညှိနှိုင်းမှုဖြင့် ကျေးရွာနေပြည်သူ ၈၀ ရာခိုင်နှုန်း၏ကန့်ကွက်မှုကြောင့် မင်းထက်ကြွယ်ဆီဆိုင် ဆောက်လုပ်မှုအား ရပ်ဆိုင်းခဲ့ကြောင်း၊ ကန့်ကွက်ပွဲသို့ ကုလားကုန်းကျေးရွာနေ ဒေသခံပြည်သူ ၄၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**



## မြန်မာ GAP Protocol နှင့် သီးနှံ ၁၅ မျိုး၏ GAP Guidline အတွက် ဆွေးနွေး

**မန္တလေး မတ် ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ မတ် ၂၀ ရက်က ဟိုတယ်မန္တလေး၌ ကျင်းပသော မြန်မာ GAP Protocol နှင့် သီးနှံ ၁၅ မျိုး၏ GAP Guidline (တတိယမူကြမ်း) ဖြည့်စွက်ပြင်ဆင်နိုင်ရန် ညှိနှိုင်းဆွေးနွေးပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်အမှာစကားပြောကြားခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်သူလယ်သမားများ စိုက်ပျိုးလျက်ရှိသော သီးနှံများ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ GAP စိုက်ပျိုးနည်းစနစ်များနှင့်အညီ စိုက်ပျိုးထုတ်လုပ်ရမည်ဖြစ်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲမှ ပို့ချပေးသော နည်းပညာများကို တောင်သူများထံသို့ ဆက်လက်ပညာပေးဖြန့်ဖြူးပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်နှင့် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျင်မောင်တို့က ဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်၊ မြို့နယ် ခြံဦးစီးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# MNDAA လက်နက်ကိုင်အဖွဲ့များ သိမ်းပိုက်ထားသည့် ဘီပီ ၁၂၆ နှင့်ဘီပီ ၁၂၇ အကြားရှိ တောင်ကုန်းများနှင့် ပွိုင့် ၁၀၅၂ တောင်ကုန်းတို့အား တပ်မတော်စစ်ကြောင်းများ သိမ်းပိုက်ရရှိ

**နေပြည်တော် မတ် ၂၃**

MNDAA လက်နက်ကိုင်အဖွဲ့များ သိမ်းပိုက်ထားသည့် ဘီပီ ၁၂၆ နှင့်ဘီပီ ၁၂၇ အကြားရှိ တောင်ကုန်းများနှင့်ပွိုင့် ၁၀၅၂ တောင်ကုန်းတို့အား တပ်မတော်စစ်ကြောင်းများက သိမ်းပိုက်ရရှိကြောင်း သိရသည်။

MNDAA လက်နက်ကိုင်အဖွဲ့များသည် တပ်မတော်မှ အမြောက်လက်နက်ကြီးနှင့် လေကြောင်းမှ ပစ်ကူပေးရန် ကန့်သတ်ချက်ရှိသည့် တောင်ကုန်းများတွင် ခြေကုပ်ယူ၍ လောက်ကိုင်မြို့ရှိ တပ်စခန်းများ၊ ရဲစခန်းများနှင့် အရပ်ဘက်ပစ်မှတ်များကို မတ် ၆ ရက် နံနက်အစောပိုင်းက တိုက်ခိုက်ခဲ့သော်လည်း ကြိုတင်သတင်းရရှိထားသည့် တပ်မတော်စစ်ကြောင်းများ၏ တုံ့ပြန်တိုက်ခိုက်မှုများကြောင့် လောက်ကိုင်မြို့သိမ်းတိုက်ပွဲတွင် ရည်ရွယ်ချက် ပျက်ပြားခဲ့ပြီး အဆိုပါနေ့တွင် တရုတ်နိုင်ငံနယ်စပ်အနီးတောင်ကုန်းများ၌ အင်အားများ ဖြန့်ခွဲ၍ ယာယီခံစစ်ဆင်နွှဲခြင်း၊ လောက်ကိုင်မြို့အတွင်းသို့ ၁၀၇ မမဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်နှောင့်ယှက်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။


တပ်မတော်စစ်ကြောင်းများကလည်း လောက်ကိုင်မြို့အတွင်းနှင့် နှစ်နိုင်ငံနယ်စပ် အမြန်ဆုံးတည်ငြိမ်အေးချမ်းရေးအတွက် အမြောက်၊လက်နက်ကြီးပစ်ကူအားများဖြင့် MNDAA လက်နက်ကိုင်အဖွဲ့များ ခြေကုပ်ယူထားသည့်တောင်ကုန်းများကို မတ် ၈ ရက်မှစတင်၍ ရည်မှန်းချက်အလိုက် တိုက်ခိုက်ချေမှုန်းခဲ့ရာ မတ် ၁၅ ရက်တွင် ပွိုင့် ၁၂၆၉ တောင်ကုန်း၊ မတ် ၁၆ ရက်တွင် ပွိုင့် ၁၀၅၂ တောင်ကုန်းနှင့် မတ် ၁၇ ရက်တွင် ပွိုင့် ၁၀၈၈တောင်ကုန်းတို့ကို သိမ်းပိုက်ရရှိခဲ့သည်။

ဆက်လက်ပြီး တပ်မတော်စစ်ကြောင်းများက နှစ်နိုင်ငံ နယ်စပ်အနီး ဘီပီ ၁၂၆ နှင့် ဘီပီ ၁၂၇ အကြားရှိ ရန်ကျန်းထင်ကျေးရွာအနီး တောင်ကုန်းများ၌ နောက်ဆုံးခြေကုပ်ယူထားသည့် MNDAA လက်နက်ကိုင်အဖွဲ့များကို မတ် ၂၀ ရက်မှစ၍ အမြောက်၊ လက်နက်ကြီးပစ်ကူရယူ၍တိုက်ခိုက်ခဲ့ရာ ခန့်မှန်းမြေပုံညွှန်း MG -၈၁၅၂၁၅ နေရာရှိတောင်ကုန်းကို ယနေ့ မွန်းတည့် ၁၂ နာရီခန့်တွင်လည်းကောင်း၊ ခန့်မှန်းမြေပုံညွှန်း MG -၈၁၃၂၁၇ နေရာရှိ တောင်ကုန်းကို မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် လည်းကောင်း၊ ခန့်မှန်းမြေပုံညွှန်း MG -၈၁၇၂၁၈ နေရာရှိ တောင်ကုန်းကို မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်တွင်လည်းကောင်း သိမ်းပိုက်ရရှိခဲ့သည်။

မတ် ၆ ရက်မှ ယနေ့ နောက်ဆုံးသိမ်းပိုက်ပြီးချိန်အထိ အလောင်း ၂၈ လောင်း၊ လက်နက်မျိုးစုံ ၅၉ လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းမျိုးစုံနှင့် စိတ်ကြွရူးသွပ်ဆေးပြား တစ်သိန်းသုံးသောင်းကျော် သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ပွိုင့်-၁၀၅၂ တောင်ကုန်းနှင့် ဆက်စပ်တောင်ကုန်းများ တိုက်ပွဲဖြစ်စဉ်ပြပုံ**




■ **မောင်တောခရိုင်မှ**

ဘူးသီးတောင်မြို့နယ် တောင်ဘဇာနယ်မြေ၊ တင်းမေကျေးရွာအနီးတွင် မသင်္ကာဖွယ်လူတစ်စု ရောက်ရှိနေကြောင်း သတင်းအရ မတ် ၇ ရက် ညနေပိုင်းက နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များက သွားရောက်ရှင်းလင်းရာ ကျေးရွာအနီး လျှိုမြောင်အတွင်း၌ လူနေတဲအကြီးတစ်လုံး၊ အသေးသုံးလုံး တွေ့ရှိသဖြင့် ဆက်လက်ရှာဖွေရာ အနီးဝန်းကျင်တွင် ရောက်ရှိနေသော ကျောင်းတောင်ကျေးရွာမှ မော်လဝီ အဒူလာမိန် (၃၂) နှစ်နှင့် တင်းမေကျေးရွာနေ မာမတ်ဇူဘိုင် (၂၀) နှစ် တို့အား မသင်္ကာဖွယ်တွေ့ရှိသဖြင့် ခေါ်ယူစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

မာမတ်ဇူဘိုင်အား စစ်ဆေးမေးမြန်းရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နေထိုင်သည့် ဦးလေးဖြစ်သူထံ တရားမဝင်ဆင်းကတ်ဖြင့် ဖုန်းဆက်ရန် ဖုန်းလိုင်းမိသည့် မဲဇလီကုန်းသို့ သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည့်အတွက် ၎င်းအား ပို့ကုန်/သွင်းကုန် ဥပဒေဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ဆက်လက်၍ အဒူလာမိန်အား စစ်ဆေးချက်အရ ၎င်းသည် အကြမ်းဖက်သင်တန်းသားဖြစ်သည်ကို သိရှိရပြီး ဆက်လက်ဖော်ထုတ်ချက်အရ တင်းမေကျေးရွာ တင်းမေ (၃) ရပ်ကွက်နေ ရွာခန့်ကျောင်းဆရာ မာဆောင်းသည် ကျီးကန်းပြင် အကြမ်းဖက်ဖြစ်စဉ်တွင် ပါဝင်ပတ်သက်ခဲ့ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ပြေးတိမ်းရှောင်သွား၍ အကြမ်းဖက်သင်တန်းများ တက်ရောက်ခဲ့ပြီး ကူလူပါလောင် ဒုက္ခသည်စခန်းတွင် နေထိုင်သူ ငါးဦးအား အကြမ်းဖက်သင်တန်းပို့ချရန် ဖေဖော်ဝါရီ ဒုတိယပတ်တွင် ဘူးသီးတောင်မြို့နယ် တင်းမေကျေးရွာသို့ ခေါ်ဆောင်ခဲ့ကြောင်း။

မာဆောင်းသည် တင်းမေ (၃) ရက်ကွက်နေ ရော်ဖီး၊ ရှောင်ရှူးအာလောင်၊ မော်လဝီ အဒူကော်ရိန်၊ မော်လဝီ မာမောက် (ခ) အီနုစ်တို့နှင့် တွေ့ဆုံပြီး ၎င်းတို့၏ လူ့အခွင့်အရေးနှင့် ပြောဆိုခွင့်များ ပြန်လည်ရရှိအောင် အကြမ်းဖက်တောင်းဆိုရေး၊ တောင်းဆိုရာတွင် လူတိုင်းပါဝင်ရန် တာဝန်ရှိသည်ဟု စည်းရုံးဟောပြောခဲ့ကြောင်း။

ထိုသို့ ဟောပြောသဖြင့် မော်လဝီ အဒူကော်ရိန်နှင့် မော်လဝီ မာမောက် (ခ) အီနုစ်တို့သည် ကျေးရွာအတွင်း ငွေကြေးတတ်နိုင်သူများထံမှ သင်တန်းအတွက် ကုန်ကျမည့်ငွေများကို ပံ့ပိုးပေးရမည်ဟုဆိုပြီး အဘူလာရှိန်း၊ ရာမန်၊ မော်လဝီ အီဆု၊ နိုရာမိန်၊ မော်လဝီ မာဆောင်း၊ မာမောက်ရော်ဖီး၊ ဇာဘော၊ ရော်ဖီး၊ မော်လဝီလော်တီ၊ မော်လဝီ နူရ်ရူလာမိန်၊ မော်လဝီ အဒူကော်ရိန်တို့အပြင် အခြားသူများထံမှ ငွေကြေးများ လက်ခံရယူခဲ့ကြောင်း။

ထို့နောက် သင်တန်းသားတစ်ဦးလျှင် တစ်နေ့ ထောက်ပံ့ငွေကျပ် ၃၀၀၀ ပေးမည်။ တက်ညီလက်ညီ တိုက်ပွဲဝင်ရမည်ဟု ရော်ဖီးနှင့် ရှောင်ရှူးအာလောင်တို့က ပြောဆိုစည်းရုံးခဲ့သဖြင့် သင်တန်းသား ၃၆ ဦးရရှိကာ ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် အကြမ်းဖက်သင်တန်းဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းဖြစ်မြောက်ရေးအတွက် ရော်ဖီး၊ ဟာဘတ်ဆီးရာ၊ ရှောင်ရှူးအာလောင်တို့က သင်တန်းသားများ စုဆောင်းပေးခဲ့ကြပြီး နိုရာမိန်၊ အဘူလာရှိန်းတို့က ငွေကြေးထောက်ပံ့ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် အဒူလာမိန်နှင့် အပေါင်းပါများအား မတရားအသင်းအက်ဥပဒေဖြင့် အမှုဖွင့် အရေးယူထားကြောင်းသိရသည်။

ဖမ်းဆီးရမိသူ နိုရာမိန်၊ အဘူလာရှိန်းနှင့် သင်တန်းသား နူရိုလ်အာမိန်တို့အား ထပ်မံစစ်ဆေးရာ အဘူလာရှိန်းသည် ငွေကျပ်တစ်သိန်းကို မော်လဝီ ဆော်လီမူလာထံသို့လည်းကောင်း၊ နိုရာမိန်သည် ငွေကျပ်တစ်သိန်းကို မော်လဝီမာမောက်(ခ)အီနုစ်ထံသို့လည်းကောင်း အကြမ်းဖက်သင်တန်းတွင် အသုံးပြုရန်အတွက် ပေးခဲ့သည်ဟု ထွက်ဆိုခဲ့ကြပြီး အခြားငွေကြေးထောက်ပံ့သူများသည် တင်းမေရွာ မြောက်ဘက်တစ်ဝိုက် တောင်ကုန်းများတွင် ရှောင်တိမ်းနေကြောင်းသိရှိရသဖြင့် တပ်မတော်နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းပိတ်ဆို့ ဖမ်းဆီးခဲ့ရာ မတ် ၁၉ ရက် ညနေပိုင်းတွင် မသင်္ကာသူ ၁၃ ဦးကို ထပ်မံဖမ်းဆီးနိုင်ခဲ့သည်။

ဖမ်းဆီးရမိသည့် မသင်္ကာသူ ၁၃ ဦးအား မတရားအသင်းအက်ဥပဒေနှင့် ငြိစွန်းမှုရှိ၊ မရှိ စစ်ဆေးလျက်ရှိရာ မသင်္ကာတရားခံ ၁၃ ဦးအနက် ဆော်လီမူလာ၊ အဒူရော်ကိန်း၊ ကေဖာဒူလာ၊ မာမောက်၊ အဒူဆလာမ်၊ အဒူရော်ရှီးတို့ ခြောက်ဦးမှာ အကြမ်းဖက်သင်တန်းတက်ရောက်နေသူများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပြီး ကျန် ခုနစ်ဦးအား ဆက်လက်စစ်ဆေးလျက်ရှိပြီး ပါဝင်ပတ်သက်သည့်သူများအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အကြမ်းဖက်သင်တန်းတက်ရောက်သူများအား ကိုယ်ခံပညာ၊ အခြေခံစစ်ပညာ၊ အကြမ်းဖက် တိုက်ခိုက်နည်းသင်တန်းများ ပို့ချကြောင်း၊ သင်တန်းပြီးပါက ရွာအတွင်း ပြန်လည်နေထိုင်ပြီး လိုအပ်ပါက မာဆောင်း၏ အစီအစဉ်ဖြင့် တစ်ဖက်နိုင်ငံမှ လက်နက်များ ယူဆောင်တပ်ဆင်ပေးကာ လုံခြုံရေးတပ်ဖွဲ့စခန်းများကို အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုကြံစည်သူများ၏ ဝန်ခံပြောကြားချက်အရ အကြမ်းဖက်သင်တန်း လေ့ကျင့်ရာနေရာများကို တင်းမေကျေးရွာ၊ ငမြင်းဘော်ကျေးရွာ၊ ယင်းမကျောက်တော်ကျေးရွာ၊ အင်းချောဘဒနာကျေးရွာစသည့် နေရာလေးနေရာတွင် ဖွင့်လှစ်ရန် ကြံစည်ခဲ့ခြင်းဖြစ်ပြီး အကြမ်းဖက်သင်တန်း ပထမဆုံးစတင်ဖွင့်လှစ်ခဲ့သည့် တင်းမေကျေးရွာ၌ လုံခြုံရေးတပ်ဖွဲ့များက ဖော်ထုတ်တားဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**



မော်လဝီ အဒူလာမိန်



တင်းမေကျေးရွာအနီး အကြမ်းဖက်သင်တန်းလေ့ကျင့်သူများ၏ အသုံးအဆောင်ပစ္စည်းများ။

# တရုတ်နိုင်ငံမှ တင်သွင်းလာသော တရားဝင်အထောက်အထားမပြနိုင်သည့် အကောက်ခွန်မဲ့ လူသုံးကုန်နှင့် စားသောက်ကုန်များ၊ ဘီယာများ သိမ်းဆည်းရမိ



**ရန်ကုန် မတ် ၂၃**

တရားမဝင်ကုန်စည်များ ကူးသန်းရောင်းဝယ်နေမှုများကို အဓိက ကုန်စည်သယ်ပို့ရေးလမ်းကြောင်း နှစ်ခုဖြစ်သည့် မြန်မာနိုင်ငံအထက်ပိုင်း မန္တလေး-မူဆယ်လမ်းပေါ်ရှိ ရေပူစစ်ဆေးရေးဂိတ်စခန်းနှင့် မြန်မာနိုင်ငံအောက်ပိုင်းရှိ ရန်ကုန်-မြဝတီလမ်းကြောင်းပေါ်ရှိမရမ်းချောင် စစ်ဆေးရေး စခန်းတို့တွင် တားဆီးစစ်ဆေးအရေးယူလျက်ရှိရာ မြန်မာနိုင်ငံတွင်းသို့ တရားမဝင် သယ်ဆောင်လာသည့် လူသုံးကုန်၊ စားသောက်ကုန်နှင့် ဘီယာများကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မတ် ၂၂ ရက်တွင် မူဆယ်မှလားရှိုးသို့သွားရောက်မည့် Canter ခြောက်ဘီးယာဉ်အမျိုးအစားကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဆပ်ပြာမှုန့်၊ ခေါက်ဆွဲခြောက်၊ ဘီယာနှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်သုံးစီးအပါအဝင် စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၃ ဒသမ ၇ သန်းခန့်ကို သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အဆိုပါ စစ်ဆေးရေးဂိတ်စခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးလျက်ရှိရာ မတ် ၂၂ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တရားမဝင် ကုန်သွယ်နေမှုကို တားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုး ကျပ် ၄၃ ဒသမ ၇ သန်းခန့်)နှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၈ ဒသမ ၁၈၆၈ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မတ် ၁ ရက်မှစတင်ကာ ရေပူစစ်ဆေးရေး ဂိတ်စခန်းနှင့် မရမ်းချောင် စစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ ပါဝင်သည့်အဖွဲ့များက တရားမဝင် ကုန်သွယ်မှုများကို တားဆီးစစ်ဆေးအရေးယူလျက်ရှိရာ မတ် ၂၂ ရက်တွင် မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၂၅ စီး၊ သွင်းကုန် ၇၀၆ စီး၊ ရန်ကုန်- မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၉ စီး၊ သွင်းကုန် အစီး ၂၀၀ ဖြင့်ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **(၀၀၁)**

## လုယက်မှုကျူးလွန်သူများကို ဝိုင်းဝန်းဖမ်းဆီးရာမှ စုံတွဲများထံမှလုယက်မှုများ ထပ်မံပေါ်ပေါက်

**ရန်ကုန် မတ် ၂၃**

လှိုင်သာယာမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်း နေ့၊ ည လှည့်ကင်းများဖြင့် ဆောင်ရွက်လျက်ရှိစဉ် မတ် ၁၆ ရက်တွင် လုယက်မှု ကျူးလွန်သူများသည် ဆိုင်ကယ်တစ်စီးဖြင့် လှည့်လည်သွားလာကာ လှိုင်သာယာမြို့နယ် အမှတ်(၅)ရပ်ကွက် ဗိုလ်ချုပ်လမ်းအတိုင်း မောင်းနှင်လာကြောင်း သတင်းအရ လိုက်လံဖမ်းဆီးခဲ့ရာ သုခမ္မာလမ်းအတိုင်းမောင်းနှင်ထွက်ပြေးသွားသဖြင့် ရှေ့တွင် အသင့်စောင့်နေသော ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ ချိတ်ဆက်၍ ဝိုင်းဝန်းပိတ်ဆို့ဖမ်းဆီးခဲ့ရာ ည ၉ နာရီခွဲတွင် လှိုင်သာယာမြို့နယ်နေသူများဖြစ်သည့် ဇော်မိုး (၃၂)နှစ်၊ တင်ထွန်း (၅၁)နှစ်၊ သူရိန် (၂၂)နှစ်တို့ သုံးဦးအား Lucky အမျိုးအစား ဆိုင်ကယ်တစ်စီး၊ လေးခွ တစ်လက်၊ သံကုံးသီး ငါးလုံး၊ Oppo အမျိုးအစား လက်ကိုင်ဖုန်း တစ်လုံး၊ အရိုးအသွား ၁၂ လက်မခန့်ရှိ ဓားဦးချွန် တစ်ချောင်း၊ အလေးချိန် ခြောက်ပဲခုနစ်ရွေးခန့်ရှိ ရွှေဆွဲကြိုးအပြတ် တစ်ကုံးတို့နှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ငင်းတို့အားစစ်ဆေးရာ အဆိုပါရွှေဆွဲကြိုးကို ယင်းနေ့ ည ၇ နာရီခွဲခန့်က လှိုင်သာယာမြို့နယ် ရွှေလင်ဗန်းစက်မှုဇုန်ရှိ လမ်းဘေးတွင် စကားပြောနေသော စုံတွဲတစ်တွဲထံမှ လုယက်ယူဆောင်ခဲ့သော ပစ္စည်းများဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် လှိုင်သာယာမြို့မရဲစခန်းက (ပ)၇၆၇/၂၀၁၇၊ ရာဇသတ်ကြီး ပုဒ်မ- ၃၈၂/၃၄ ဖြင့် အမှုဖွင့် စစ်ဆေးဆောင်ရွက်ခဲ့သည်။

ဖမ်းဆီးရမိသူများအား အခြားခိုးမှု၊ လုယက်မှုများ ကျူးလွန်ထားခြင်းရှိ၊ မရှိစစ်ဆေးခဲ့ရာ ငင်းတို့သုံးဦးသည် လွန်ခဲ့သောတစ်လခန့်က ညပိုင်းအချိန်တွင် လှိုင်သာယာမြို့နယ် စက်မှုဇုန်(၁)လမ်းဘေးတွင် စကားပြောနေသော စုံတွဲတစ်တွဲထံမှ X-Bo အမျိုးအစားလက်ကိုင်ဖုန်းကိုလည်းကောင်း၊ မတ် ၂ ရက် ည ၇ နာရီခွဲခန့်တွင် လှိုင်သာယာမြို့နယ် ဘုရားလမ်းမှတ်တိုင်နှင့် ဆောက်လုပ်ရေးမှတ်တိုင်ကြားရှိ မင်းကြီးမဟာမင်းခေါင်လမ်းဘေးတွင် စကားပြောနေသော စုံတွဲတစ်တွဲထံမှ ရွှေနားကပ်တစ်ရံကိုလည်းကောင်း၊ မတ် ၅ ရက် ည ၈ နာရီခန့်တွင် ရန်ကုန်-ပုသိမ်ချဉ်းကပ်လမ်းဘေး စကားပြောနေသော စုံတွဲတစ်တွဲထံမှ ရွှေလက်စွပ်တစ်ကွင်းအားလည်းကောင်း၊ မတ် ၁၃ ရက် ည ၇ နာရီခွဲခန့်တွင် ယင်းနေရာ အနီး၌ပင် စကားပြောနေသော စုံတွဲတစ်တွဲထံမှ ရွှေဆွဲကြိုးတစ်ကုံးကိုလည်းကောင်း အသီးသီးလုယက်ယူဆောင်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းနိုင်ခဲ့ပြီး လှိုင်သာယာမြို့မရဲစခန်းတွင် အမှုများအသီးသီးဖွင့်ကာ ငင်းတို့လုယက်ခဲ့သောပစ္စည်းများကို ဝယ်ယူထားသူ လှိုင်သာယာမြို့နယ်နေ မောင်နိုင်ကိုလည်း အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





## အင်းတော်မြို့နယ် သက္ကယ်ကျင်းကျေးရွာတွင် ထမင်းအိုးတည်ရာမှ မီးလောင်မှုဖြစ်ပွား

**အင်းတော် မတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် သက္ကယ်ကျင်းကျေးရွာရှိနေအိမ်တစ်အိမ်တွင် မတ် ၂၂ ရက် ညနေ ၄ နာရီခန့်က ထမင်းအိုးတည်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဦးဖိုးဆောင်း ပိုင်ဆိုင်သည့်နေအိမ်တွင် ထမင်းအိုးတည်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ရာ အင်းတော်မြို့နယ် မီးသတ်တပ်ဖွဲ့မှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးလှမျိုးလွင် ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ် နှစ်စီး၊သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ရှစ်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ငါးဦးနှင့် ကျေးရွာသူ ရွာသားများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့မှုကြောင့် ဦးဖိုးဆောင်းပိုင်နေအိမ်တစ်လုံးသာ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ဖြစ်စဉ်နှင့်ပတ်သက်၍ မီးပေါ့ဆစွာအသုံးပြုသူ ဦးဖိုးဆောင်းအား အင်းတော်မြို့မရဲစခန်း၌ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**



## အရက်မူးပြီး ကန်ထဲရေဆင်းချိုးရာမှ ရေနစ်သေဆုံး

**ပေါင်းတည် မတ် ၂၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် ဆင်လူးကျေးရွာအုပ်စု တောင်ကုန်းရွာတွင်မတ် ၂၁ရက် နံနက်၉နာရီခွဲခန့်တွင် အမျိုးသားတစ်ဦး ရေနစ်သေဆုံးနေကြောင်း သတင်းရရှိသဖြင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် အောင်ကျော်နိုင်နှင့်အဖွဲ့သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးကြည့်ရှုရာ ဦးညွန့်ဝင်း(၄၇)နှစ် တောင်ကုန်းရွာဆင်လူးအုပ်စု ပေါင်းတည်မြို့နေသူသည် (အလျား ပေ ၄၀၊ အနံ ပေ ၂၀၊ အနက် ၁၀ ပေ)ခန့် ရှိသော အများသုံးရေကန်အတွင်းတွင် ပြင်ပဒဏ်ရာမရှိဘဲ သေဆုံးနေသည်ကို တွေ့ရသည်။

သေဆုံးမှုနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းရာ အရက် သေစာသောက်စားတတ်သူဖြစ်ပြီး အရက်မူး၍ရေဆင်းချိုးရာမှ သေဆုံးခြင်းဖြစ်ကြောင်း သိရှိရသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဒုရဲအုပ် အောင်ကျော်နိုင်က အမှုဖွင့်အရေးယူထားပြီး ရဲအုပ်မျိုးကျော်သူကစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၀၇၁)**

■

## ဖြူးမြို့နယ်တွင် တရားမဝင်သစ်များ ဆက်တိုက်သိမ်းဆည်းရမိ

**ဖြူး မတ် ၂၃**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် အတွင်း၌ ယနေ့ နံနက်ပိုင်းတွင် ဖြူးမြို့နယ်သစ်တောဌာနက တရားမဝင်သစ်များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်များမှာ ဖြူးမြို့နယ် မင်းဂံရိုးအုပ်စု ဒိုင်းတရာကျေးရွာအနီး ဖြူးတမံလမ်းဘေးတွင် သစ်များစုပုံထားကြောင်း သတင်းအရ ဖြူးမြို့နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ သွားရောက်သိမ်းဆည်းရာ လမ်းဘေးဝဲ၊ယာတွင် စုပုံထားသော ပျဉ်းကတိုးခွဲသားဆိုဒ်စုံ ၂၄ ချောင်း(၁ ဒသမ ၂၅ တန်)၊ ကညင်ခွဲသား ဆိုဒ်စုံ ၈၇ ချောင်း (၃ ဒသမ ၇၅ တန်) သိမ်းဆည်းရမိခဲ့သည်။



အလားတူ ညောင်ပင်သာ ကွန်းချောင်းရေအားလျှပ်စစ်သို့ ဆက်သွယ်ထားသော လမ်းဘေး စိမ့်ကြီးကျေးရွာအနီး လယ်ကွင်းအတွင်း၌ တရားမဝင်သစ်များရှိကြောင်း သတင်းအရ ဖြူးမြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ သွားရောက်သိမ်းဆည်းရာ ပျဉ်းကတိုးသစ်ခွဲသားဆိုဒ်စုံ ၃၂ ချောင်း (၃ ဒသမ ၁၂၂၂ တန်)ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ယင်းနေ့ တစ်ရက်တည်းတွင် ဖြူးမြို့နယ် အတွင်း၌ သစ်စုစုပေါင်း ရှစ်တန်ကျော် သိမ်းဆည်းရမိခဲ့ပြီး ငွေကျပ် ၂၈ သိန်းဖိုးခန့် သိမ်းဆည်းရမိခဲ့ကြောင်း၊ အဆိုပါသိမ်းဆည်းရမိသော သစ်များကို ညောင်ပင်သာ ပျိုးဥယျာဉ်သို့ သယ်ဆောင်ကာ တရားခံ ဖမ်းဆီးရမိရေးနှင့် တရားမဝင်သစ်များ ပိုင်ဆိုင်သူကို တရားဥပဒေအရအမှုဖွင့် အရေးယူရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“သိမ်းဆည်းတာကတော့ ဟုတ်ပါတယ်။ ခုသိမ်းဆည်းရမိတဲ့သစ်တွေကိုကားတွေနဲ့တိုက်နေကြပါပြီ။ ကျွန်း၊ ပျဉ်းကတိုး နဲ့ အင်၊ ကညင်သစ်တွေပါ။ ဆိုင်ကယ် သုံးစီးလည်းပါတယ်။ လောလောဆယ်ကတော့ သစ်တွေတိုက်နေတုန်းပါ”ဟု မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး မိုးကျော်သူက ပြောကြားသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

## အားကစား

# မက်ပီ ဘယ်လဲဆိုတာ



မိုနာကို လူငယ်ကစားသမားလေး မက်ပီကို ဥရောပအသင်းကြီးတွေက ခေါ်ယူဖို့ ကြိုးပမ်းနေပြီး အမည်မဖော်ပြတဲ့ ပရီမီယာလိဂ် အသင်းကြီးတစ်ခုက ပေါင် ၉၅ သန်းနဲ့ ကမ်းလှမ်းခဲ့တာကို မိုနာကိုဘက်က ပယ်ချခဲ့တယ်လို့ သိရပါတယ်။ ဒီသတင်းဟာ ဘယ်လောက်အထိ ခိုင်မာမလဲဆိုတာ မသိပေမယ့် မန်စီးတီးနဲ့ ချန်ပီယံလိဂ်ပွဲစဉ်အပြီး မှာကတည်းက အားကစားစာမျက်နှာ တွေထက်မှာ မက်ပီရဲ့ နာမည်ဟာ ရှောင်လို့မလွတ်အောင်တွေ့လာရတာ တော့ အမှန်ပဲဖြစ်ပါတယ်။ ဒါပေမယ့် မိုနာကိုအသင်းကတော့ မက်ပီဟာ အရောင်းစာရင်းမှာ မပါတဲ့ ကစားသမားဖြစ်ပြီး ပြီးခဲ့တဲ့ နွေဈေးကွက်ကမှ မက်ပီနဲ့ မိုနာကို စာချုပ်သက်တမ်း တိုးထားခဲ့တာဖြစ်လို့ တုံ့ပြန်လိုက်ပါတယ်။ ဒါကြောင့် သူ့ရဲ့ ပြောင်းရွှေ့ကြေးဟာ ပေါင် ၁၂၄ သန်းအထိ ရောက်ရှိလာမယ်လို့ ခန့်မှန်းမှုတွေလည်း ထွက်နေ ပါတယ်။

မက်ပီဟာ ယခုနှစ် ဘောလုံးရာသီမှာ မိုနာကို အသင်းအတွက် သွင်းဂိုး ၁၉ ဂိုးအထိ သွင်းယူထားနိုင်သလို ပြင်သစ်လက်ရွေးစင် အသင်းကြီးအတွက်ပါ ရွေးချယ်ခံခဲ့ရပါတယ်။ မက်ပီရဲ့ နိုင်ငံလက်ရွေးစင်အသင်း ပွဲဦးထွက်ကို လာမယ့် စနေနေ့ လူဇင်ဘတ်အသင်း၊ အင်္ဂါနေ့ စပိန်အသင်းတို့ကို ရင်ဆိုင်မယ့်ပွဲမှာ မြင်တွေ့ကြရမှာဖြစ်ပြီး နိုင်ငံတကာအဆင့်မှာ မက်ပီ ဘယ်လောက်အထိ စွမ်းဆောင်ပြမလဲဆိုတာလည်း စိတ်ဝင်စားဖို့ ကောင်းပါတယ်။

မက်ပီကို အလိုရှိနေတယ်လို့ ထိပ်ဆုံးက သတင်းပြေးနေတဲ့အသင်းတွေကတော့ အပြောင်းအရွှေ့ဈေးကွက်ကို ကိုင်လှုပ်နေကျ ရီးယဲလ်မက်ဒရစ်၊ အာဆင်နယ်၊ မန်ယူတို့ ဖြစ်တယ်လို့ ဆိုပါတယ်။ အာဆင်နယ်နည်းပြ ဝင်းဂါးက ပြီးခဲ့တဲ့ နွေဈေးကွက်အတွင်း မက်ပီကို ခေါ်ယူဖို့ ကြိုးပမ်းခဲ့ပေမယ့် မအောင်မမြင်ဖြစ်ခဲ့တာပါ။ မန်ယူကတော့ လက်ရှိအချိန်မှာ ဂရစ်ဇ်မန်းထက် မက်ပီကိုတောင် ပိုအာရုံစိုက်လာတဲ့ အနေအထားဖြစ်နေပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းက ဆိုရင် မက်ပီဟာ ဒီအဆင့်နဲ့ ရပ်တန့်နေမယ့် ကစားသမားမဟုတ်ဘဲ စီရိုနယ်လ်ဒိုလို ကမ္ဘာ့ထိပ်တန်း ကြယ်တစ်ပွင့် ဖြစ်လာမယ်လို့ ယူဆထားတာပါ။ မက်ပီက သူ့ရဲ့ အိပ်မက်အသင်းကို ရွေးချယ်ရာမှာလည်း ဂိုးသမားနေရာအတွက် ဘတ်ဖွန် (ဂျူဗင်တပ်)၊ နောက်တန်းရောဘတ်တိုကာ လို့ စ် (ရီးယဲလ်)၊ မာလ်ဒီနီ (အေစီမီလန်)၊ ရာမို့စ် (ရီးယဲလ်)၊ ကာဖူး (အေစီမီလန်)၊ ကွင်းလယ်- ဇီဒန်း (ရီးယဲလ်)၊ ရိုနယ်လ်ဒင်ဟို(ဘာစီလိုနာ)၊ တောင်ပံတိုက်စစ် - မက်ဆီ (ဘာစီလိုနာ)၊ နေမာ (ဘာစီလိုနာ)၊ ဗဟိုတိုက်စစ်-စီရိုနယ်လ်ဒို (ရီးယဲလ်)၊ ရိုနယ်လ်ဒို (ရီးယဲလ်)တို့ကို ထုတ်နုတ်ပေးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် မက်ပီရဲ့ ရွေးချယ်မှုမှာ ရီးယဲလ်ကစားသမား ငါးဦးအထိ ပါဝင်နေတာကြောင့် သူဟာ ရီးယဲလ်ရဲ့ အမာခံပရိသတ်ဖြစ်တယ်ဆိုတာ ထင်ရှားသလို သူ့အခန်းနံရံမှာ ရီးယဲလ်စတားတွေရဲ့ ပုံတွေက အပြည့်နေရာယူထားတာကိုကြည့်ပြီး အဖြေထုတ်မယ်ဆိုရင်လည်း သူအသင်းပြောင်းမယ်ဆိုရင် ရီးယဲလ်ကိုသာ ရွေးချယ်မယ်ဆိုတာ မေးစရာမလိုတဲ့အဖြေ ဖြစ်နေပြီးသားပါ။

လာမယ့်နွေ ရီးယဲလ်မက်ဒရစ်အသင်းရဲ့ အားကစားဒါရိုက်တာအဖြစ် စတင်တာဝန်ယူမယ့် မွန်ချီဟာ လူငယ်ကစားသမားတွေကို ဦးစားပေးဝယ်ယူတတ်သူဖြစ်သလို ရီးယဲလ်နည်းပြ ဇီဒန်းနဲ့ မက်ပီဟာ အယ်လ်ဂျီးရီးယားနွယ်ဖွား ပြင်သစ်လူမျိုးတွေဖြစ်တဲ့အတွက် မက်ပီနဲ့ ရီးယဲလ် လက်တွဲမှု ရုပ်လုံးကြွလာတော့မယ်လို့ ခန့်မှန်းမှုတွေလည်း ရှိနေပါတယ်။ ဒါ့အပြင် ဇီဒန်းဟာ သူ့မိခင်နိုင်ငံက ကစားသမားတွေကို ဦးစားပေးခေါ်ယူချင်တဲ့သူဖြစ်သလို မက်ပီကို ရီးယဲလ်လူငယ်အသင်းအတွက် ခေါ်ယူဖို့ ကြိုးပမ်းဖူးတယ်လို့ အေအက်စ်သတင်းဌာနက ဆိုပါတယ်။

ဖေဖော်ဝါရီ ၁ ရက်ကနေစပြီး မတ်လကုန်ခါနီးအထိ ရေတွက်ရင် ဥရောပလိဂ်တွေမှာ သွင်းဂိုးအမြင့်ဆုံး ကစားသမားက မက်ပီဖြစ်ပြီး သူ့ရဲ့ သွင်းဂိုးအရေအတွက်က ၁၃ ဂိုး အထိရောက်ရှိကာ သူဟာ ဘာစီလိုနာ တိုက်စစ်မှူး မက်ဆီထက် တစ်ဂိုး၊ ဘိုင်ယန်တိုက်စစ်မှူး လီဝန်ဒေါစကီးထက် နှစ်ဂိုးတောင် ပိုသွင်းထားနိုင်ပါတယ်။ ဒါပေမယ့် မက်ပီကတော့ "ကျွန်တော်ဟာ အံ့မခန်း စွမ်းဆောင်ရည်ရှိတဲ့ ကစားသမားမဟုတ်သေးပါဘူး။ အံ့ဖွယ်ကစားသမားဆိုတာ တစ်ရာသီ ဂိုး ၆၀ လောက်သွင်းနိုင်တဲ့ ကစားသမားဖြစ်ပါတယ်"လို့ သူ့အရည်အချင်းနဲ့ ပတ်သက်ပြီး ထိန်းထိန်းသိမ်းသိမ်း ဖြေကြားသွားခဲ့ပါတယ်။

သတင်းရင်းမြစ်တွေရဲ့ အဆိုအရတော့ မိုနာကိုဟာ မက်ပီကို ဆက်လက်ထိန်းထားဖို့ ကြိုးပမ်းမှာဖြစ်ပြီး တကယ်လို့ မဖြစ်မနေထုတ်ရောင်းရမယ့်အခြေအနေ ဆိုရင်တောင် ပေါင်သန်း ၁၀၀ အထက်ရမှသာ ရောင်းမှာဖြစ်ပါတယ်။ ဒါကြောင့် ဈေးကြီးတဲ့ ကစားသမားဆိုလက်ရှောင်တဲ့ အာဆင်နယ်ကိုတော့ ဘယ်လိုမှ ရောက်လာစရာ အကြောင်းမရှိတော့ဘူးလို့ သုံးသပ်ရမှာဖြစ်ပြီး မက်ပီ ရရှိရေးပြိုင်ပွဲမှာ ရီးယဲလ်မက်ဒရစ်နဲ့ မန်ယူတို့သာ တင်ကျန်ရစ်နိုင်ပါတယ်။ မန်ယူက ငွေသုံးကြမ်းပေမယ့် အောင်မြင်မှုအရ၊ အစဉ်လာအရ ရီးယဲလ်မက်ဒရစ်အသင်းကို မယှဉ်နိုင်တာကြောင့် တကယ်လို့ မက်ပီအသင်းပြောင်းမယ်ဆို အဲဒီအသင်းဟာ "ရီးယဲလ်မက်ဒရစ်" ဆိုတာကလွဲလို့ အခြားအသင်းမဖြစ်နိုင်ဘူးလို့ မြင်ပါတယ်။

ဒါပေမယ့် အသက်(၁၈)နှစ်အရွယ် ကစားသမားတစ်ဦးရဲ့ ခြေစွမ်းဟာ မှန်းဆဖို့ စောလွန်းသေးသလို ငွေကြေး၊ အောင်မြင်မှု၊ နာမည်ဂုဏ်သတင်းတွေက ဆယ်ကျော်သက်ကစားသမားတစ်ဦးအတွက် လေးလံတဲ့ ဝန်ထုတ်ဝန်ပိုးတစ်ခုသာ ဖြစ်စေမှာဖြစ်တာကြောင့် မက်ပီအနေနဲ့ လက်ရှိ ကလပ်အသင်း မိုနာကိုအသင်းမှာ ဆက်ရှိနေခြင်းက အကောင်းဆုံးရွေးချယ်မှုဖြစ်လာနိုင်ပါတယ်။ ဘာလေ့ာတယ်လီ၊ ပါတို၊ ဒီပိုင်းတို့ဟာ မက်ပီအတွက် အတုယူစရာအကောင်းဆုံး ဥပမာတွေ ဖြစ်နိုင်ပေမယ့် ဘာတွေဖြစ်လာမလဲဆိုတာတော့ လာမယ့်နွေဈေးကွက်ရောက်မှသာ စောင့်ကြည့်ရတော့မှာပါ။

## အသင်းကြီးများလွှမ်းမိုးမှုကို တားဆီးရန်အတွက် အပြောင်းအရွှေ့မူဝါဒပြုပြင်ပြောင်းလဲရန် ယူအီးအက်ဖ်အေဥက္ကဋ္ဌ ဆန္ဒရှိ

ချမ်းသာကြွယ်ဝ ခြေစွမ်းကောင်း ကစားသမားကောင်းများကို စုဆောင်းထိန်းထားသည့် ပုံစံဖြင့် လည်ပတ်နေသော လက်ရှိ အပြောင်းအရွှေ့စနစ်ကို ပြုပြင်ပြောင်းလဲရန် ယူအီးအက်ဖ်အေအကြီးအကဲက ဆန္ဒရှိနေပြီဖြစ်သည်။ အသင်းကြီးများအပေါ် အခွန်စနစ်နှင့် ကစားသမားအင်အား ကန့်သတ်လိုက်ခြင်းက ပြိုင်ပွဲများတွင် အသင်းကြီးများ၏ လွှမ်းမိုးနေမှုကို ရပ်တန့်နိုင်မည်ဟု ယူအီးအက်ဖ်အေဥက္ကဋ္ဌ အလက်ဇန္ဒြာဆက်ဖရင်က မျှော်လင့်နေခြင်းဖြစ်သည်။

ယူအီးအက်ဖ်အေ၏ တာဝန်မှာ အင်အားကြီးကလပ်အသင်းများ တိုးတက်ရေးမဟုတ်ဘဲ ဘောလုံးလောကတစ်ခုလုံးကို ကာကွယ်ပေးနိုင်ရန်ဖြစ်ကြောင်း ဆက်ဖရင်က လစ္စဘွန်းမြို့တွင် ပြုလုပ်သည့် ကွန်ဖရင့်တွင် ထည့်သွင်းပြောကြားခဲ့သည်။

"အပြောင်းအရွှေ့ဈေးကွက်ဟာ ကျွန်တော်တို့အနေနဲ့ အကောင်းဆုံး လုပ်ဆောင်နိုင်သလားဆိုတာ အကဲဖြတ်ဖို့ လိုပါတယ်။ ဒါကို မတို့ရဲ မထိရဲစရာအကြောင်းလည်း မရှိပါဘူး။ ဒါ့အပြင် အခွန်ကိစ္စ၊ ကစားသမားတွေ သိုလှောင်ထားတဲ့ ပုံစံမျိုးကို ရှောင်ရှားနိုင်ဖို့ မျှတတဲ့အပြောင်းအရွှေ့မူဝါဒနဲ့ ကစားသမားအင်အားကန့်သတ်တာမျိုးတွေ လုပ်ဆောင်ဖို့ လိုပါတယ်"ဟုလည်း ဆက်ဖရင်က ရှင်းလင်းပြောကြားခဲ့သည်။


သို့သော် ၎င်းက အခွန်ကိစ္စနှင့် အပြောင်းအရွှေ့မူဝါဒကို မည်သို့ မည်ပုံဆောင်ရွက်မည်ဆိုသည်ကို အသေးစိတ်ရှင်းလင်းခဲ့ခြင်းမရှိသလို အပြောင်းအရွှေ့စနစ်ကို ပြောင်းလဲရန် ယူအီးအက်ဖ်အေအနေဖြင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် ပူးပေါင်း၍ ဆောင်ရွက်မည်လား(သို့မဟုတ်) မိမိတို့ ကိုယ်ပိုင်လိုင်စင်လုပ်ငန်းစဉ်ဖြင့်ပင် သီးခြားဆောင်ရွက်မည်လားဆိုသည်ကိုလည်း တိတိကျကျပြောကြားခဲ့ခြင်းမရှိပေ။

အချို့ ဥရောပအသင်းငယ်များက အသင်းကြီးများသည် ပါရမီရှင် ကစားသမားလေးများကို လက်မှတ်ရေးထိုးခေါ်ယူကာ အခြားအသင်းများတွင် အငှားချကစားခြင်းဖြင့် အပြောင်းအရွှေ့ ဈေးကွက်ကြီး တစ်ခုလုံးကို လက်ဝါးကြီးအုပ်ခြယ်လှယ်နေကြခြင်းအပေါ် စောဒက တက်ခဲ့ကြပြီးဖြစ်သည်။ ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းသည် ကစားသမား ၃၀ ကျော်ကို အငှားချထားသလို စီးရီးအေအင်အားကြီး ဂျူဗင်တပ်တွင်လည်း အငှားချ ကစားသမားအင်အား ၅၀ ကျော်အထိ ရှိနေသည်။

ထို့ပြင် ဆက်ဖရင်က တားမြစ်ဆေးပြဿနာ၊ အဂတိလိုက်စားမှု၊ အကြမ်းဖက်မှုနှင့် ပွဲစဉ်ဇယားရေးဆွဲမှုတို့ကို ပြန်လည်သုံးသပ်ရန်အတွက် "ကစားပွဲများ ကာကွယ်ရန်" ဟူသော ခေါင်းစဉ်ဖြင့် နောင်လာမည့် ကွန်ဖရင့်တွင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဆိုခဲ့သည်။

# လက်ရွေးစင်ကစားသမားဘဝကို အကောင်းဆုံးနှုတ်ဆက်နိုင်ခဲ့တဲ့ ပိုဒေါစကီး

မေလဲ့သင်း
ရေးသားသည်



ဂျာမနီနှင့် အင်္ဂလန်အသင်းတို့ ချစ်ကြည်ရေးခြေစမ်းပွဲတွင် ဂျာမနီအသင်းရရှိသည့် တစ်လုံးတည်းသော အနိုင်ဂိုးကို တိုက်စစ်မှူး ပိုဒေါစကီးက သွင်းယူခဲ့ပြီး လက်ရွေးစင်ကစားသမားဘဝကို အကောင်းဆုံးပုံစံဖြင့် နှုတ်ဆက်လိုက်ပြီဖြစ်သည်။ ပိုဒေါစကီးမှာ အဆိုပါပွဲစဉ်တွင် အသင်းခေါင်းဆောင်အဖြစ်တာဝန်ယူခဲ့ပြီး အသက်(၃၁)နှစ်သာ ရှိသေးသော်လည်း ဂျာမနီအသင်းအတွက် ပွဲ ၁၃၀ ပြည့်မြောက်သည့် ပွဲစဉ်အပြီးမှာပင် လက်ရွေးစင်ကစားသမားဘဝမှ အနားယူသွားခဲ့ခြင်းဖြစ်သည်။

ဂျာမနီအသင်းသည် အင်္ဂလန်အသင်းကို ဘောလုံးပိုင်ဆိုင်မှု၊ ဂိုးဖန်တီးမှု အပိုင်းတွင် အသာရအောင်မကစားနိုင်ခဲ့သော်လည်း ပွဲချိန်၆၉မိနစ်တွင် သွင်းယူခဲ့သည့် ပိုဒေါစကီး၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အင်္ဂလန်ဂိုးသမား ဂျိုးဟတ်က မိမိ၏ သွင်းဂိုးမှာ ကောင်းမွန်ပြည့်စုံလွန်းသည့် ရင်သပ်ရှုမောဖွယ်ကောင်းသည့် သွင်းဂိုးဟု ချီးကျူးစကားဆိုခဲ့ကြောင်း ပိုဒေါစကီးက ပွဲအပြီးတွင် ထည့်သွင်းပြောကြားခဲ့သည်။ ပိုဒေါစကီးမှာ ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အင်္ဂလန်အသင်းဘက်ကို ဂိုးသွင်းယူခဲ့သလို ယခုတစ်ကြိမ်တွင်လည်း အနိုင်ဂိုးကို သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

"ဒါက ကောင်းမွန်တဲ့ ရုပ်ရှင်တစ်ကားလိုပါပဲ။ ကျွန်တော်ဟာ ဘုရားသခင်က လက်ဆောင်ပေးထားတဲ့ ဘယ်ခြေထောက်ပိုင်ရှင် ကစားသမားတစ်ဦးဖြစ်တယ်ဆိုတာ သိပါတယ်။ ဒီ ၁၃ နှစ်တာကာလအတွင်း လုပ်ဆောင်ခဲ့ရတဲ့ ကိစ္စရပ်အားလုံးအတွက် ကျွန်တော့်ကိုယ်ကျွန်တော် အမြဲတမ်းဂုဏ်ယူနေမိမှာဖြစ်ပါတယ်" ဟု ပိုဒေါစကီးက နှုတ်ဆက်စကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ပိုဒေါစကီးမှာ ဂျာမနီအတွက် သွင်းဂိုး ၄၉ ဂိုးအထိ သွင်းယူပေးထားပြီး ဂျာမနီအသင်း၏ သမိုင်းတွင် တတိယအများဆုံး သွင်းဂိုးရှင်လည်း ဖြစ်သည်။ အဆိုပါ ပွဲစဉ်တစ်လျှောက်လုံးတွင် ဂီတသံများ၊ အလံများ၊ ဂျာမနီအသင်း၏ ထင်ရှားသော အမှတ်အသားများဖြင့် ပိုဒေါစကီးကို ဂုဏ်ပြုပေးခဲ့ကြသည်။ ဂျာမနီနည်းပြ ဂျိုအာချင်လိုက ပိုဒေါစကီး၏ စွမ်းဆောင်ရည်ပိုင်းကို ချီးကျူးခဲ့ကြသလို ဂျာမနီလက်ရွေးစင်အသင်းကစားဖော်များကလည်း တွစ်တာစာမျက်နှာများပေါ်တွင် ပိုဒေါစကီးကို နှုတ်ခွန်းဆက်စာသားရေးသားကာ ဂုဏ်ပြုခဲ့ကြသည်။

# နေ့ချင်းပြန်သွားရောက်နိုင်သော မှော်ယောကြီးဆင်စခန်းသို့ လာရောက်လည်ပတ်သူများပြား

**ကျောက်တံခါး မတ် ၂၃**

နေ့စဉ်နှင့်အမျှ လုပ်ငန်းကိစ္စအဝဝတွင် နှစ်မြှုပ်အလုပ်လုပ်ကိုင်ကြရသူများ၊ နွေရာသီကျောင်းပိတ်ရက်ကာလများသည် မြန်မာနိုင်ငံအရပ်ရပ်ရှိ တန်ခိုးကြီးဘုရားများနှင့် ထင်ရှားသောဒေသများသို့ သွားရောက်လည်ပတ်အပန်းဖြေလေ့ရှိကြသည်။

မြန်မာနိုင်ငံ၏ သဘာဝရေခံမြေခံရာသီဥတုနှင့် လှပလွန်းပြီး လည်ပတ်ချင်စရာနေရာအများအပြားရှိနေခြင်းကြောင့်ပင် ပြည်ပနိုင်ငံများမှ ဧည့်သည်များ၊ ပြည်တွင်းမှ ခရီးသွားသူများ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလျက်ရှိပြီး ခရီးသွားများ လည်ပတ်အပန်းဖြေနိုင်ရန်နေရာများ၊ သဘာဝရှုခင်းအလှအပနေရာသစ်များ ရှာဖွေဖော်ထုတ်ဆောင်ရွက်လျက်ရှိရာတွင် တောတွင်းခရီးသွား အပန်းဖြေဆင်စခန်းများစွာ ဖွင့်လှစ်လာခဲ့ပြီဖြစ်ရာ ခရီးသွားဝင်ရောက်မှု များပြားလျက်ရှိနေသည်ကို တွေ့ရှိရသည်။

မွန်းကျပ်လှသော မြို့ကြီးပြကြီးများမှ အခိုက်အတန့်အားဖြင့် လှည့်ပတ်အနားယူနိုင်ရန် ရန်ကုန်မြို့မှ မိုင် ၁၀၀၊ နေပြည်တော်နှင့်မိုင် ၁၀၀ သာကွာဝေး၍ နေ့ချင်းပြန်သွားရောက်နိုင်သော ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မှော်ယောကြီးကျေးရွာအနီး အမှတ် (၁၃) ကြိုးဝိုင်း၊ အိုင်တုံကွင်းအတွင်း ဧက ၁၆၀၀ အကျယ်ရှိ ဧရိယာတွင် ၂၀၁၆ ခုနှစ် ဩဂုတ် ၁၂ ရက် ကမ္ဘာ့ဆင်များနေ့အထိမ်းအမှတ်အဖြစ် မှော်ယောကြီး တောတွင်းအပန်းဖြေဆင်စခန်းကိုဖွင့်လှစ်ခဲ့ရာ တစ်နှစ်အတွင်းမှာပင် ပြည်တွင်း၊ ပြည်ပခရီးသွား အများအပြားလာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၀၅/၄ မှ အနောက်ဘက်သို့မြေသားလမ်းအတိုင်း တစ်မိုင်ကျော်ခန့်သာကွာဝေးပြီး မော်တော်ယာဉ်၊ ဆိုင်ကယ်များဖြင့်အလွယ်တကူဝင်ရောက်နိုင်သည့်အတွက် ခရီးသွားများ ပိုမိုလာရောက်ကြခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပဲခူးရိုးမသစ်တောကြီးအား ၁၀ နှစ်ကြာ သစ်ထုတ်လုပ်မှုများ ရပ်နားထားသည့်နောက်ပိုင်း သစ်ဆွဲဆင်အများအပြားကို ဗန်းမော်၊ ကသာဒေသတို့သို့ပို့ဆောင်ခဲ့ရပြီး ဝန်တင်ဆင်နှင့် ဆင်အို၊ သားပေါက် ဆင်များအား ပဲခူးရိုးမတောအတွင်း အုတ်တွင်းမြို့အနောက်ရှိ ဆင်ဆေးရုံ၊ အခြားသောဆင်ဝိုင်းများအပြင် ယခုကဲ့သို့ အပန်းဖြေဆင်စခန်းများသို့ ပို့ဆောင်၍ သရုပ်ပြဆင်အဖြစ်သင်ကြားကာ ခရီးသွားဧည့်သည်များအတွက် ဆင်စီးခြင်း၊ ဆင်ရေချိုးခြင်းနှင့် ဆင်အစာကျွေးခြင်းတို့အပြင် ဆင်များအား အနီးကပ်ထိတွေ့ခွင့်များရရှိနိုင်မည်ဖြစ်သည်။

“လာရောက်လည်ပတ်သူတွေအတွက် ဆင်စီးတာကို အဓိကထား ဝန်ဆောင်မှုတွေပေးနေပါတယ်။ ဆင်တွေသရုပ်ပြတာ၊ အစာကျွေးတာတွေရှိပါတယ်။ အပူချိန်ပြင်းတော့ မနက်ပိုင်းဆို ဆင်တွေကိုရေချိုးပေးတာပြီးရင် ၁၁ နာရီအထိ ဆင်စီးလို့ရပါတယ်။ Tour ကုမ္ပဏီတွေ Group အဖွဲ့အစည်းတွေချိတ်ဆက်လာရင် အချိန်ညှိနှိုင်းဆောင်ရွက်ပေးရတာလည်းရှိပါတယ်။ ဒါကလည်း ဆင်တွေကို ဘယ်လိုထိန်းသိမ်းစောင့်ရှောက်ထားသလဲဆိုတာကို Public ကို ချပြတဲ့သဘောဖြစ်ပါတယ်”ဟု ဆင်စခန်းမှ လက်ထောက်မန်နေဂျာက ရှင်းလင်းပြောကြားသည်။



ဆင်များကို နေ့စဉ်ထိန်းကျောင်းပေးကြရသော ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများအတွက် ရရှိသည့်ဝင်ငွေဖြင့် တစ်ဖက်တစ်လမ်းမှာအထောက်အကူပြုနိုင်ပြီး လက်ရှိမှော်ယောကြီးဆင်စခန်း၌ ဆင် ၂၃ ကောင်ဖြင့် ဝန်ဆောင်မှုများပေးလျက်ရှိကာ ဝင်ကြေးအနေဖြင့် နိုင်ငံခြားသားတစ်ဦးလျှင် ကျပ် ၂၀၀၀၀၊ ဆင်စီးခြင်း ကျပ် ၂၀၀၀၀၊ ပြည်တွင်းဧည့်သည်များအနေဖြင့် ဝင်ကြေး ကျပ် ၁၀၀၀၊ ဆင်စီးလျှင် ကျပ် ၅၀၀၀ နှုန်း၊ နေ့လယ်စာစားသုံးလိုပါက ထမင်းတစ်နပ်လျှင် ငွေ ကျပ် ၄၀၀၀ ကျသင့်မည်ဖြစ်သည်။ ဆင်စခန်းအား အပတ်စဉ်ဗုဒ္ဓဟူးနေ့ကို နားရက်အဖြစ် သတ်မှတ်ထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**



## ရာသီဥတုပူပြင်းလာသည့်အတွက် ရေဆုံးရှုံးမှုများ မရှိရအောင်စနစ်တကျစီမံ

**ပဲခူး မတ် ၂၃**

ပဲခူးတိုင်းဒေသကြီးအတွင်း ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေတံခါး ရေသောက်စနစ်နည်းလမ်းများဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် နွေစပါးစိုက်ဧက ၁၆၃၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ယခုအချိန်သည် အောင်ရေ ရယူသည့်အချိန်ကာလဖြစ်သောကြောင့် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနဝန်ထမ်းများအနေဖြင့် နွေစပါးစိုက်ပျိုးရေ အောင်ရေပေးဝေခြင်းအား ဆောင်ရွက်လျက်ရှိရာ ပဲခူးခရိုင်အတွင်းတွင်လည်း ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေတံခါး ရေသောက်စနစ်များဖြင့် စိုက်ပျိုးဧက ၄၅၉၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် ပဲခူးခရိုင်အတွင်း နွေစပါးစိုက်ပျိုးနိုင်ရေးအတွက် နွေစပါးအောင်ရေ ပေးဝေနေမှု၊ နွေစပါးဖြစ်ထွန်းအောင်မြင်နေမှုအခြေအနေတို့ကို မတ် ၂၂ ရက်က ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းပိုလ်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုးတို့ ကွင်းဆင်းကြည့်ရှုခဲ့ရာ ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်အတွင်း ဇောင်းတူရေလွှဲဆည်ရေသောက်စနစ်ရေပေးမြောင်းများမှ ရေပေးဝေနေမှု၊ ဇောင်းတူလက်တံ(၂)မြောင်းမှ မိုးယွန်းကြီးကန်သို့ ရေဖြည့်တင်းနေမှုများအား ကွင်းဆင်းကြည့်ရှုခဲ့သည်။

ထို့နောက် ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ပဲခူးမြို့နယ် စလူရေလှောင်တမံသို့ သွားရောက်ပြီး တမံမှဇောင်းတူရေလွှဲဆည်သို့ ရေဖြည့်တင်းနေမှုနှင့် ဝါးကတုတ်ရေလှောင်တမံမှ ဘုရားလေးချောင်း၊ ထိုမှတစ်ဆင့် မိုးယွန်းကြီးကန်သို့ ရေဖြည့်နေမှုတို့အား ကွင်းဆင်းကြည့်ရှုခဲ့ပြီး ညွှန်ကြားရေးမှူး ဦးဝင်းပိုလ်က ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ယခုအချိန်သည် အောင်ရေပေးဝေသည့် အချိန်ရောက်ရှိလာသည့်အတွက် အလွန်အရေးကြီးကြောင်း၊ အောင်မြင်နေသော စပါးခင်းများအတွက် ရေသေချာစေရန် စနစ်တကျစီမံခန့်ခွဲရမည်ဖြစ်ကြောင်း၊ ရာသီဥတုပူပြင်းလာမှုနှင့်အတူ ရေဆုံးရှုံးမှုများရှိလာမည့်အတွက် မလိုအပ်သောရေသုံးစွဲဆုံးရှုံးခြင်းများ မရှိရအောင် စနစ်တကျ ကွင်းဆင်းစီမံရမည်ဖြစ်ကြောင်း၊ လက်ရှိရေပေးဝေခဲ့မှုအတွေ့အကြုံများအရ နောင်နှစ်ရေပေးဝေရန်အတွက် ပိုမိုကောင်းမွန်သော နည်းလမ်းများအား နွေစပါးရာသီပြီးလျှင် ကြိုတင်ဆောင်ရွက်နိုင်ရန် စီစဉ်ထားရမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။ **သူရအောင်(ပြည်)**

## မြန်မာ့အလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ် လုပ်ငန်းစဉ်ရှင်းလင်း

**မြဝတီ မတ် ၂၃**

မြန်မာ့အလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ် Myanmar Automated Cargo Clearance System(MACCS) လုပ်ငန်းစဉ်ရှင်းလင်းပွဲကို မြဝတီမြို့နယ်စပ်ကုန်သွယ်ရေးဇုန်၌ မတ် ၂၂ ရက် နံနက် ၉ နာရီက ပြုလုပ်ရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်းနှင့် ဂျပန်နိုင်ငံ (JICA)အကောက်ခွန်ဗျူရိုမှ တာဝန်ရှိသူတစ်ဦးတို့ကအမှာစကားပြောကြားခဲ့ကြသည်။

မြန်မာ့အလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ် ညွှန်ကြားရေးမှူး ဦးဝင်းသန့်က “မြန်မာနိုင်ငံအကောက်ခွန်ဦးစီးဌာနမှ ရန်ကုန်မြို့တွင် စတင်ကျင့်သုံးနေပြီးဖြစ်တဲ့ MACCS System ဟာ မူလအကောက်ခွန်ဦးစီးဌာနက Manual system နဲ့ သွားနေရာကနေAutomated System နဲ့ သွားနိုင်အောင် လုပ်ဆောင်ထားတဲ့ စနစ်ဖြစ်ပါတယ်။

“ရန်ကုန်မြို့မှာစတင်အသုံးပြုနေတာ လေးလလောက်ရှိပါပြီ။ Manual System နဲ့ ဘာကွာလဲဆိုတော့ မြန်လာမယ်။ ဒီစနစ်ပီပီပြင်ပြင်အကောင်အထည်ပေါ်လာမယ်ဆိုရင် ကုန်ကျစရိတ်ကိုလျှော့ချနိုင်မယ်။ နိုင်ငံတကာအဆင့်မီလာမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပုံမှန်အတွင်းကျင့်သုံးနေတဲ့ ကုန်ပစ္စည်းကြေညာလွှာတွေကို ဒီ System အကောင်အထည်ဖော်လာနိုင်မယ်ဆိုရင် Exporter တွေကသော်လည်းကောင်း၊ Agent (သို့) Custom Blogger တွေက MACCS System နဲ့ သုံးစက္ကန့်အတွင်းမှာ မိမိကုန်ပစ္စည်းကို Clearance လုပ်နိုင်မှာဖြစ်ပါတယ်” ဟု ပြောကြားသည်။

ကုန်သွယ်မှု လွယ်ကူမြန်ဆန်စေမည့် MACCS စနစ်သည် ဂျပန်နိုင်ငံတွင် နှစ်ပေါင်း ၃၀ ကျော်ကြာကတည်းက ကျင့်သုံးနေခြင်းဖြစ်ပြီး မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ကျင့်သုံးလာသည်မှာ လေးနှစ်ကျော်ပြီဖြစ်ကြောင်းနှင့် ၎င်းစနစ်အား စတင်ကျင့်သုံးသည့် ပထမလတွင် အခက်အခဲများစွာနှင့် ရင်ဆိုင်ခဲ့ရကြောင်း ၎င်းကပြောကြားခဲ့သည်။

MACCS စနစ်ကြောင့် မိမိဖုန်းမှ Online ကနေ အကောက်ခွန်ကြေညာလွှာများကို မိမိနေအိမ်၊ မိမိရုံး ကြိုက်သည့်အချိန်၊ ကြိုက်သည့်နေရာမှ ၂၄ နာရီပတ်လုံး ဖောင်များကိုတင်၍ရကြောင်း သိရသည်။

အဆိုပါ MACCS စနစ်အားကျင့်သုံးလာရခြင်း၏ရည်ရွယ်ချက်မှာ သွင်းကုန်ထုတ်ကုန်ရှင်းလင်းရေးလုပ်ငန်းစဉ်များ ပိုမိုသွက်လက်မှန်ကန် မြန်ဆန်စေရန်၊ နိုင်ငံတကာအကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်စေရန်၊ အချိန်၊ ငွေကြေးသုံးစွဲမှုများလျော့ကျလာစေပြီး ကြိုတင်မျှော်မှန်းဆောင်ရွက်နိုင်စေရန်၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေခြင်းမှတစ်ဆင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဖိတ်ခေါ်လာနိုင်စေရန်နှင့် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ရည်ရွယ်ကြောင်း သိရသည်။

အခမ်းအနားသို့အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံ (JICA) အကောက်ခွန်ဗျူရိုမှ တာဝန်ရှိသူများ၊ မြဝတီခရိုင်၊ မြို့နယ်တို့မှ တာဝန်ရှိသူများ၊ ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်နှင့်အဖွဲ့ဝင်များ၊ သွင်းကုန်ထုတ်ကုန်လုပ်ငန်းရှင်များ တက်ရောက်ကြကြောင်းသိသည်။ **တင်ဝင်းလှိုင်(ကော့ကရိတ်)**

## လယ်ယာမြေနစ်နာကြေးငွေ ပေးအပ်

**ရန်ကုန် မတ် ၂၃**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ကုလားကြီးစုကျေးရွာအုပ်စု ဒဂုံရောပွဲရုံဝင်းနှင့် အဝေးပြေးယာဉ်ရပ်နားဝင်းအတွင်း သိမ်းဆည်းခံလယ်သမားများအား နစ်နာကြေးငွေပေးအပ်ပွဲအခမ်းအနားကို မတ် ၂၂ ရက်က အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးနှင့် ခရိုင်ကော်မတီဝင်များ၊ လှိုင်သာယာမြို့နယ် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်လယ်ယာမြေနှင့် အခြားမြေများစိစစ်ရေးကော်မတီဝင်များ လယ်ယာမြေသိမ်းဆည်းခံလယ်သမား ၁၂ ဦးအား နစ်နာကြေးငွေ ကျပ် ၃၇၁၆၂၅၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**၃၂၆**



&eufukvfwkdif;a'o u,Dk&efwmifrlU, fykdef&efwmif;ap;B ½ktay;xyfpnf;ief&kr; oifwef;cef;rü rwf22 &ufnae 4 em&DD oluefumv rtcif;fu;qif;a&; toc ynmay;a[majymyuif;y&myk&efwmifrlU, &wyfuS&rS;ciffrmif;vwft oc ynmay;a[majympOf

ကျော်စိုးမိုး

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

## ချစ်သူသစ်နဲ့အတူ အခမ်းအနားတက်ရောက်လာခဲ့တဲ့ မက်ခ်အန်ထော်နီ

ကျော်ကြားတဲ့ တေးရေးတေးဆိုတစ်ဦးဖြစ်တဲ့ မက်ခ်အန်ထော်နီဟာ ချစ်သူသစ်ရသွားပြီဖြစ်ကြောင်း သတင်းတွေပေါ်ထွက်လာခဲ့ပြီးနောက် လတ်တလောမှာတော့ ချစ်သူသစ်နဲ့အတူ နယူးယော့ခ်မှာ ကျင်းပခဲ့တဲ့ အခမ်းအနားတစ်ခုကို တက်ရောက်လာခဲ့တာကြောင့် မက်ခ်အန်ထော်နီအနေနဲ့ ချစ်သူသစ်ရသွားပြီဆိုတာကို အတည်ပြုပြောကြားလိုက်တာဖြစ်ကြောင်း ဟောလိဝုဒ်မီဒီယာတွေက ရေးသားဖော်ပြခဲ့ကြပါတယ်။

ပြီးခဲ့တဲ့ မတ် ၂၁ ရက်မှာ ကျင်းပခဲ့တဲ့ Maestro Cares ဖောင်ဒေးရှင်းက ကျင်းပ ပြုလုပ်တဲ့အခမ်းအနားကို လတ်တလောမှာ အသက်(၄၈)နှစ်အရွယ်ရှိပြီဖြစ်တဲ့ မက်ခ်အန်ထော်နီက ချစ်သူအသစ်လေး မာရီယာနာဒေါင်းနင်းနဲ့ အတူတက်ရောက်လာခဲ့တာဖြစ်ပါတယ်။ လတ်တလောမှာ အသက်(၂၁) နှစ်ရှိပြီဖြစ်တဲ့ မာရီယာနာဟာ မော်ဒယ်လ်တစ်ဦးအဖြစ် အနုပညာလှုပ်ရှားမှုတွေကို လုပ်ဆောင်နေသူတစ်ဦးဖြစ်တယ်လို့လည်း သိရပါတယ်။ အသက်အရွယ်အားဖြင့် ကွာခြားပေမယ့်လည်း အဆိုပါအခမ်းအနားကို တက်ရောက်လာခဲ့တဲ့ သူတို့နှစ်ဦးဟာ မီဒီယာတွေနဲ့ တွေ့ဆုံကာ ဓာတ်ပုံရိုက်ကူးစဉ်မှာ တစ်ယောက်ကို တစ်ယောက် ဖက်ထားကြပြီး နှစ်ဦးသားမှာ တူညီတဲ့အပြုံးတွေရှိနေတာကိုလည်း တွေ့ခဲ့ရကြောင်း အီးအွန်လိုင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

မက်ခ်အန်ထော်နီဟာ ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း ဇနီးဖြစ်သူ ရှန်နွန်ဒီလီမာနဲ့ ကွာရှင်းခဲ့တာဖြစ်ပါတယ်။ ဒီလို လက်ရှိအိမ်ထောင်နဲ့ လမ်းခွဲခဲ့ပြီးတဲ့နောက် ယခင်က နှစ်အတော်ကြာလက်တွဲခဲ့တဲ့ ဇနီးဟောင်း ပေ့ါပ်ကြယ်ပွင့် ဂျနီဖာလိုပက်ဇ်နဲ့ ပူးပေါင်းဖျော်ဖြေခဲ့တာတွေရှိခဲ့တာကြောင့် နှစ်ဦးသား ပြန်လည်လက်တွဲတော့မှာလားရယ်လို့ ပရိသတ်တွေက မျှော်လင့်ခဲ့ကြပါတယ်။ ဒ့ါအပြင် သူတို့နှစ်ဦးအကြားက ရင်းနှီးနွေးထွေးလွန်းတဲ့ ဆက်ဆံရေးတွေကို တွေ့မြင်ခဲ့ရတဲ့အတွက် နှစ်ဦးသားအချစ်တွေ မပြယ်ကြသေးဘူးလို့ ဟောလိဝုဒ်မီဒီယာတွေက ဝေဖန်ရေးသားခဲ့ကြပါတယ်။ ဒါပေမယ့်လည်း ကောလာဟလတွေ အဆုံးမသတ်သေးခင်မှာဘဲ မက်ခ်အန်ထော်နီရဲ့ အချစ်ဇာတ်လမ်းသစ် ပေါ်ပေါက်လာခဲ့တာဖြစ်ပါတယ်။ မက်ခ်ဟာ မိုင်ယာမီမော်လ်ဒယ်တစ်ဦးဖြစ်သူ မာရီယာနာဒေါင်းနင်းနဲ့ ချစ်သူတွေဖြစ်နေကြောင်း ကောလာဟလတွေ ဆက်တိုက်ပေါ်ထွက်လာခဲ့ပြီးနောက်ပိုင်းမှာ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာတွေပေါ်အထိ သူတို့နှစ်ဦးရဲ့ အချစ်ဇာတ်လမ်းကို သယ်ဆောင်လာရင်း တရားဝင်လက်တွဲလာခဲ့ကြတာ ဖြစ်ပါတယ်။ လတ်တလောမှာတော့ နှစ်ဦးသား ပေါ်ပေါ်ထင်ထင်လက်တွဲကာ မီဒီယာတွေအရှေ့အထိပါ ထွက်ရှိလာပြီး ယခုလို အခမ်းအနားတွေကိုပါ အတူတက်ရောက်လာခဲ့တာ ဖြစ်ပါတယ်။

အွန်လိုင်းမီဒီယာတစ်ခုဖြစ်တဲ့ ဝေဟဲလ်မီနာမိုင်ယာမီကတော့ မက်ခ်အန်ထော်နီနဲ့ မာရီယာနာဒေါင်းနင်းတို့ဟာ ချစ်သူတွေဖြစ်နေကြတာ လအတော်ကြာခဲ့ပြီဖြစ်ကြောင်း၊ နှစ်ဦးသားအလည်အပတ်ခရီးတွေလည်း ထွက်ခဲ့ကြကာ ဖျော်ဖြေရေးပွဲတွေနဲ့ အလုပ်များနေတဲ့ မက်ခ်အန်ထော်နီနဲ့ အနုပညာလှုပ်ရှားမှုအစီအစဉ်တွေများစွာရှိနေတဲ့ မာရီယာနာဒေါင်းနင်းတို့ဟာ တစ်ဦးနဲ့တစ်ဦးတွေ့ဆုံဖို့ရာ ခက်ခဲပေမယ့် အားလပ်ချိန်ရတိုင်း တွေ့ဆုံဖြစ်နေကြတယ်လို့လည်း ရေးသားဖော်ပြခဲ့ပါတယ်။






## ပရိသတ်တွေအတွက် နောက်ဆုံးနှုတ်ဆက်ပွဲကျင်းပသွားမယ့် T-ara

အေးပြည့် - စုစည်းသည်

တောင်ကိုရီးယားရဲ့ အောင်မြင်တဲ့အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဟာလည်း နောက်ဆုံးမှာတော့ နှုတ်ဆက်ဖို့ ဖြစ်လာခဲ့ပြီဖြစ်ပါတယ်။ အဖွဲ့ဝင်ခြောက်ဦးပါဝင်တဲ့ "T-ara"အဖွဲ့ဟာ မကြာမီလက်ရှိ ဖျော်ဖြေရေးနဲ့ချုပ်ဆိုထားတဲ့ စာချုပ်ပြည့်တော့မှာဖြစ်ကာ အဖွဲ့ဝင်တွေအနက် လက်ရှိအေဂျင်စီနဲ့ စာချုပ်ထပ်မံချုပ်ဆိုနိုင်ခြင်းမရှိတော့တဲ့ အဖွဲ့ဝင်တွေလည်းရှိနေတာကြောင့် လမ်းမခွဲမီမှာ "T-ara" ရဲ့ ပရိသတ်တွေကို နောက်ဆုံးအကြိမ် တွေ့ဆုံနှုတ်ဆက်သွားဖို့ စီစဉ်ထားကြောင်း အောပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"T-ara" အဖွဲ့ရဲ့ အဖွဲ့ဝင်နှစ်ဦးဖြစ်တဲ့ ဆိုးယွန်နဲ့ ဘိုရန်တို့နှစ်ဦးရဲ့ စာချုပ်ဟာ လာမယ့် မေ ၁၅ ရက်မှာ ပြည့်တော့မှာဖြစ်ပြီး သူတို့နှစ်ဦးက အေဂျင်စီနဲ့ စာချုပ်သစ်ထပ်မံချုပ်ဆိုခြင်း မရှိတော့ကြောင်းနဲ့ အခြားသော အဖွဲ့ဝင်လေးဦးဖြစ်ကြတဲ့ ဂျီယောင်း၊ ဟိုမင်၊ အွန်ဂျန်နဲ့ ကျူရီတို့သာ စာချုပ်သစ်ထပ်မံချုပ်ဆိုမှာဖြစ်ကြောင်း အဖွဲ့ရဲ့အေဂျင်စီဖြစ်တဲ့ အမ်ဘီကေအန်တာတိန်းမန့်က ထုတ်ဖော်ပြောကြားလာခဲ့ကြောင်း သိရပါတယ်။

ယခုလိုလမ်းခွဲသွားမယ့် အဖွဲ့ဝင်တွေရှိနေတဲ့အတွက် အဖွဲ့ဝင်ခြောက်ဦး အပြည့်ရှိနေနိုင်သေးတဲ့ ကာလအတွင်း အဖွဲ့ဝင်အပြည့်အစုံနဲ့ ပရိသတ်တွေကို တွေ့ဆုံနှုတ်ဆက်သွားဖို့ စီစဉ်ခဲ့ရတာဖြစ်ပြီး "T-ara" ရဲ့ တေးအယ်လ်ဘမ်သစ်ကိုလည်း လာမယ့် မေလအတွင်းမှာ ထုတ်လွှင့်သွားဖို့ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

အမ်ဘီကေအန်တာတိန်းမန့်က "T-ara"ရဲ့ တေးအယ်လ်ဘမ်သစ်ကိုတော့ လာမယ့် မေ ၁၇ ရက်မှာ စတင်ထုတ်လွှင့်သွားမှာ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း အဲဒီတေးအယ်လ်ဘမ်ဟာ T-ara အတွက် အဖွဲ့ဝင်ခြောက်ဦးစလုံးအပြည့်အစုံ ပါဝင်နေတဲ့ နောက်ဆုံးသောတေးအယ်လ်ဘမ်ဖြစ်လာမှာပါ။ အဖွဲ့ဝင်တွေရဲ့ စာချုပ်ဟာလည်း မေလအတွင်း သက်တမ်းကုန်တော့မှာဖြစ်ပြီး ဒီတစ်ကြိမ် ပရိသတ်ရှေ့အရောက်ပြန်လာတာဟာ အဖွဲ့ဝင်အပြည့်အစုံအနေနဲ့တော့ နောက်ဆုံးပဲ ဖြစ်ပါတယ်" လို့ ပြောကြားခဲ့ပါတယ်။

တေးအယ်လ်ဘမ်သစ်အတွက် ပရိုမိုးရှင်းပွဲတွေကို တေးအယ်လ်ဘမ်မထုတ်လွှင့်မီ သီတင်းပတ် သုံးပတ်ခန့်ကြိုကာပြုလုပ်သွားမှာဖြစ်ပြီး အဖွဲ့ဝင်အားလုံး ပါဝင်လှုပ်ရှားသွားမှာဖြစ်တယ်လို့လည်းသိရပါတယ်။ လာမယ့် ဇွန်လအတွင်းမှာတော့ အဖွဲ့ဝင်တွေဟာ ဂျပန်နိုင်ငံနဲ့ အခြားအရှေ့တောင်အာရှနိုင်ငံတွေမှာ သွားရောက်ဖျော်ဖြေသွားဖို့ စီစဉ်ထားကြောင်းလည်း သိရပါတယ်။ ဒ့ါအပြင် "T-ara"ဟာ ဆိုးလ်မြို့မှာလည်း တေးဂီတဖျော်ဖြေပွဲတစ်ပွဲနဲ့ ပရိသတ်တွေနဲ့ တွေ့ဆုံပွဲကိုလည်း ပရိုမိုးရှင်းကာလအတွင်း ကျင်းပပေးသွားဖို့ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

တေးအယ်လ်ဘမ်သစ်အတွက် အရောင်းမြှင့်တင်ရေးလုပ်ငန်းတွေလုပ်ဆောင်ပြီးနောက်မှာတော့ ကျန်ရှိနေတဲ့အဖွဲ့ဝင်တွေအနက် ဂျီယောင်းဟာ သူ့ရဲ့တစ်ကိုယ်တော်တေးအယ်လ်ဘမ်ထွက်ရှိဖို့အတွက် ပြင်ဆင်သွားမှာဖြစ်ပြီး အွန်ဂျန်းကတော့ ဒရမ်မာဇာတ်လမ်းတွဲတွေမှာ ပါဝင်သရုပ်ဆောင်သွားဖို့ စီစဉ်ထားတာဖြစ်ပါတယ်။ ဟိုမင်ကတော့ နိုင်ငံခြားမှာ ပရိုမိုးရှင်းပွဲတွေ ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပြီး နောက်ဆုံးသောအဖွဲ့ဝင်ဖြစ်တဲ့ ကျူရီကတော့ သူ့ရဲ့တစ်ကိုယ်တော် ပရိုမိုးရှင်းပွဲတွေကို ယခုနှစ် နှစ်ကုန်ပိုင်းအထိ ကျင်းပသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

အဖွဲ့ဝင်တွေအနက် စာချုပ်သစ်ထပ်မံချုပ်ဆိုလိုက်တဲ့ အဖွဲ့ဝင်လေးဦးဟာလည်း သူတို့နဲ့ လက်ရှိအေဂျင်စီရဲ့ စာချုပ်ကို ယခုနှစ်ကုန်အထိသာ ထပ်မံချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း၊ စာချုပ်သစ်ထပ်မံချုပ်ဆိုခဲ့ခြင်းမရှိဘဲ လမ်းခွဲသွားတဲ့ အဖွဲ့ဝင်နှစ်ဦးရဲ့ ရှေ့ဆက်မယ့်အနုပညာခရီးမှာ အောင်မြင်စေကြောင်း ဆုတောင်းပေးရင်း "T-ara" ပရိသတ်တွေကို သူတို့နှစ်ဦးကိုလည်း ဆက်လက်အားပေးစေလိုကြောင်းနဲ့ "T-ara"အနေနဲ့ အဖွဲ့ကို ဖျက်သိမ်းသွားမှာဖြစ်တယ်ဆိုတဲ့ ကောလာဟလတွေမှာ မှန်ကန်ခြင်းမရှိကြောင်း အမ်ဘီကေအန်တာတိန်းမန့်က ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

## ဒုတိယမြောက် စတူဒီယိုတေးအယ်လ်ဘမ်အတွက် နီးစပ်လာပြီဖြစ်တဲ့ ဇေမာလိခ်

ဗြိတိန်ရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "One Direction"မှ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ ဇေမာလိခ်ဟာ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ရပ်တည်ဖို့အတွက် အဖွဲ့မှ နုတ်ထွက်ခဲ့ပြီးနောက် တေးဂီတလှုပ်ရှားမှုတွေကို ဆက်တိုက်ပြုလုပ်လာခဲ့တာဖြစ်ပါတယ်။ အဖွဲ့ကနေ နုတ်ထွက်ခဲ့ပြီးနောက်တစ်နှစ်အကြာ ပြီးခဲ့တဲ့နှစ်အတွင်း တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ်ကို စမ်းသပ်ထုတ်လုပ်နိုင်ခဲ့ပြီး လတ်တလောမှာ တေးသီချင်းသစ်တစ်ပုဒ်ကို ထုတ်လွှင့်ခဲ့ပါတယ်။ ယင်းတေးသီချင်း ထုတ်လွှင့်မှုနဲ့အတူ သူ့ရဲ့ ဒုတိယမြောက် တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ်ထွက်ရှိဖို့ရာလည်း နီးစပ်လာခဲ့ပြီဖြစ်တယ်လို့ ဇေမာလိခ်က ပြောကြားခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ အင်္ဂါနေ့မှာ ဇေမာလိခ်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ သူ့ရဲ့တစ်ကိုယ်တော်တေးသီချင်းသစ် "Still Got Time"အတွက် မျက်နှာဖုံးဓာတ်ပုံကို ဖော်ပြခဲ့ပြီး ယင်းဓာတ်ပုံအရ အခြားသောတေးသံရှင်တစ်ဦးဖြစ်တဲ့ ပါတီနိုတ်ဇ်ဒေါက ပါဝင်အားဖြည့်သီဆိုထားကြောင်းလည်း သိရပါတယ်။ ဒ့ါအပြင် ဇေမာလိခ်က တေးအယ်လ်ဘမ်သစ်ကို မကြာမီပရိသတ်ရှေ့အရောက် ပို့ဆောင်သွားမှာဖြစ်ကြောင်းလည်း လူမှုကွန်ရက်မီဒီယာကနေတစ်ဆင့် ပရိသတ်အတွက် စကားလက်ဆောင်ပါးခဲ့ကြောင်းလည်း သိရပါတယ်။

ဇေမာလိခ်ရဲ့ မကြာမီထုတ်လွှင့်မှာဖြစ်ကြောင်း ရေးသားဖော်ပြချက်ကို ပရိသတ်တစ်ဦးက မယုံကြည်ကြောင်း ပြန်လည်ဝေဖန်ရေးသားခဲ့ရာ ဇေက ပရိသတ်တွေအနေနဲ့ သူ့ကို ယုံကြည်နိုင်ကြောင်းနဲ့ ပြောတဲ့အတိုင်း တည်ဖို့ကိုလည်း သူ့အနေနဲ့ ကတိပြုပါကြောင်း ပြန်လည်မှတ်ချက်ပြုခဲ့တယ်လို့လည်း သိရပါတယ်။

တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ရပ်တည်ခဲ့ပြီးနောက် သူ့ရဲ့ ပထမဆုံးထွက်ရှိခဲ့တဲ့ တေးအယ်လ်ဘမ်ကတော့ "Mind To Mine" ဖြစ်ပြီး ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် မတ် ၂၅ ရက်မှာ ထွက်ရှိခဲ့ကာ သူရဲ့ လက်ရှိချစ်သူ ဗစ်တိုးရီးယားစီးကရက်ထ်မော်ဒယ်လ် ဂျီဂျီဟာဒစ်ဒီနဲ့အတူ တွဲဖက်သရုပ်ဆောင်ထားတဲ့တေးသီချင်းတစ်ပုဒ်လည်း ယင်းတေးအယ်လ်ဘမ်မှာ ပါဝင်နေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ လတွင်းက ဇေမာလိခ်နဲ့ ပေ့ါပ်ကြယ်ပွင့် တေလာဆွစ်တို့ရဲ့ စုံတွဲတေးသီချင်း "I Don't Wanna Live Forever"လည်း ထွက်ရှိခဲ့ပြီး ယင်းတေးသီချင်းဟာ "Fifty Shades Darker" ရုပ်ရှင်မှာ ပါဝင်တဲ့ ဇာတ်ဝင်တေးတစ်ပုဒ်လည်း ဖြစ်ပါတယ်။

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို အပတ်စဉ် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*



# ဥပဒေကြမ်းများပြုစုခြင်းနှင့်ဥပဒေကောင်းများဖြစ်ပေါ်လာရေး

မောင်စာဂ

ဥပဒေမူကြမ်းတစ်ခု ပြုစုရေးဆွဲရေးလုပ်ငန်းစဉ်သည် လွယ်ကူလှသည်တော့ မဟုတ်ပါ။ အတွေ့အကြုံကောင်းကောင်း ရှိဖို့လိုသည်။ ခွန်အားဉာဏ်အား စိုက်ထုတ်ရသည်။ သို့သော် ဘယ်လောက်ပင်ကြိုးစားအားထုတ်ပါစေ ပြီးပြည့်စုံသော ဥပဒေတစ်ရပ်ဖြစ်ဖို့ကတော့ စွမ်းဆောင်နိုင်ကြမည်မဟုတ်ပါ။ ထို့ကြောင့်ပင် မည်သူမျှ ပြီးပြည့်စုံသော ဥပဒေကိုရေးဆွဲခြင်း မပြုနိုင် (No man can write a perfect Law) ဟူသော ဆိုရိုးစကားတစ်ရပ် ဖြစ်ပေါ်တည်ရှိနေသည်။

မည်သို့ပင်ဖြစ်စေ ဥပဒေကောင်းများ ပေါ်ပေါက်ဖြစ်ထွန်းစေဖို့ ဥပဒေမူကြမ်းများကို ကြိုးစားအားထုတ်ပြုစုကြရပေမည်။ ဤတွင် ဥပဒေမူကြမ်းတစ်ခုပြုစုသည့်အခါ လိုက်နာသင့်သည့် ဆောင်ရန် ရှောင်ရန်အချက်အလက်အချို့ကို လေ့လာမှတ်သားထားမိသမျှ ဖော်ပြမျှဝေပါရစေ။

**ပုံပြင်ကလေးတစ်ခု**

ဥပဒေမူကြမ်းများရေးဆွဲဖို့ ဆွေးနွေးသည့်အခါများတွင် မိဘသဖွယ် ကျေးဇူးရှင်ဖြစ်ခဲ့သည့် ရှေ့နေချုပ်ကြီး ဦးသာထွန်းပြောပြလေ့ရှိသည့် ပုံပြင်လေးတစ်ခုကို ဦးစွာ ပြောပြလိုသည်။

တစ်ခါက လမ်းဘေးတွင် ငါးရောင်းနေသော ဈေးသည်တစ်ဦးက သူ၏ဆိုင်တွင် ငါးများကို ဝယ်ယူနိုင်ရေးအတွက် ဆိုင်းဘုတ်တစ်ခုရေးသား၍ ချိတ်ဆွဲထားသည်။ ဆိုင်းဘုတ်ပါ စာသားများကတော့ 'ဤဆိုင်တွင် လတ်ဆတ်သောငါးများ ရောင်းရန်ရှိသည်' ဟူ၍ ဖြစ်သည်။

လမ်းဖြတ်သွားသူတစ်ဦးက ရပ်၍ဆိုင်းဘုတ်ကို သေချာဖတ်ကြည့်ပြီးတော့ 'ဒီလူနှယ်ကွာ၊ ဤဆိုင်တွင် မရောင်းတော့ဘယ်မှာရောင်းမှာလဲ၊ လတ်ဆတ်သော ငါးများ ရောင်းရန်ရှိသည်' ဆိုလျှင်ပြီးနေတာပဲဟု ပြောသည်။ ငါးရောင်းသူက 'ဤဆိုင်တွင်' ဆိုသော စာသားကိုဖျက်ကာ 'လတ်ဆတ်သောငါးများရောင်းရန်ရှိသည်' ဟူ၍ ချိတ်ဆွဲထားလိုက်သည်။

နောက်တစ်ဦးထပ်ရောက်လာပြီး ဆိုင်းဘုတ်ကို ဖတ်ရှုကာ 'ဒီလူနှယ်ကွာ၊ ပုပ်နေတဲ့ငါးကို ရောင်းတာမှမဟုတ်ဘဲ၊ လတ်ဆတ်သော' ကို ရေးနေစရာလိုသေးလား၊ 'ငါးများရောင်းရန်ရှိသည်' ဆိုပြီးနေတာပဲဟုပြောပြန်သည်။ ငါးရောင်းသူက ဒါလည်းဟုတ်တာပဲဆိုပြီး 'လတ်ဆတ်သော' ဆိုသော စာသားကိုဖျက်ကာ 'ငါးများရောင်းရန်ရှိသည်' ဟူ၍ ချိတ်ဆွဲထားလိုက်သည်။

နောက်ထပ်တစ်ဦးရောက်လာပြန်ပြီ။ ဆိုင်းဘုတ်ကို ဖတ်ရှုပြီးတော့ 'ဒီလူနှယ်ကွာ၊ ငါးတွေကိုရှေ့မှာ ပုံထားပြီးရောင်းနေတာ တွေ့နေတာပဲ။ အခြားသားငါးရောင်းတာမှမဟုတ်ဘဲ၊ 'ငါးများ' ဆိုတာရေးထားတာပိုတာပါပဲ၊ 'ရောင်းရန်ရှိသည်' လို့ရေးလိုက်ရင်ပြီးတာပဲဟု ပြောပြန်သည်။ ငါးရောင်းသူက 'အေး ဒါလည်းဟုတ်တာပဲ' ဆိုပြီး 'ငါး' ဆိုသောစကားရပ်ကိုဖျက်ကာ 'ရောင်းရန်ရှိသည်' ဟူ၍ ချိတ်ဆွဲထားလိုက်သည်။

နောက်တစ်ဦးရောက်လာပြီး ဆိုင်းဘုတ်ကိုဖတ်ကြည့်ကာ 'ဒီလူနှယ်ကွာ ရောင်းနေတာ သိနေတာပဲ၊ အလကားပေးနေတာမှမဟုတ်ဘဲ 'ရောင်းရန်ရှိသည်' ဆိုတဲ့ဆိုင်းဘုတ် ချိတ်ထားဖို့ လိုသေးလား' ဆိုပြီး ပြောပြန်သည်။ ငါးရောင်းသူက 'အေးဒါလည်း ဟုတ်ပေသကိုး' ဆိုပြီး ဆိုင်းဘုတ်တစ်ခုလုံးကို ဖြုတ်ချကာ ယခင်အတိုင်း ဆိုင်းဘုတ်မချိတ်ဆွဲဘဲ ရောင်းပါတော့သတည်း။

**ဥပဒေမူကြမ်းတစ်ခုပြုစုတော့မည်ဆိုလျှင်**

ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းမည့် အကြောင်းခြင်းရာ အချက်အလက်များ၊ မူပိုင်းဆိုင်ရာ အချက်အလက်များကို ပြည့်ပြည့်စုံစုံသိရှိထားရမည်။ လိုအပ်လျှင် နိုင်ငံတကာ သို့မဟုတ် အိမ်နီးချင်းနိုင်ငံများ၏ နမူနာဥပဒေများ (Model Laws) ရနိုင်သမျှ ရှာဖွေရမည်။ မိမိနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခဲ့သော ကုလသမဂ္ဂကွန်ဗင်းရှင်းများနှင့်အညီ ဥပဒေပြုရခြင်းဖြစ်ပါက ယင်းကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို သိထားရမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်စေရေး၊ ဆက်စပ်လျက်ရှိသော တည်ဆဲဥပဒေများနှင့် ပဋိပက္ခမဖြစ်စေရေးအတွက် သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို ကောက်နုတ်စုစည်းထားရှိရမည်။ လိုအပ်သော အချက်အလက်များ ပြည့်စုံလျှင် ဥပဒေမူကြမ်းတစ်ခုအဖြစ် ပုံသွန်းလောင်းရမည့်အဆင့်သို့ ရောက်ရှိသည်။

**ဥပဒေ၏အမည်**

ရှေးဦးစွာ ဥပဒေ၏အမည်ကို ပေးရသည်။ ဥပဒေပြဋ္ဌာန်းချက်များနှင့် ဆီလျော်ညီညွတ်မှု ရှိစေရသည်။ ရှည်လွန်းခြင်းမရှိစေရပါ။ အဓိပ္ပာယ်နှစ်ခွထွက်သော အမည်မျိုးမဖြစ်စေရပါ။ ဥပဒေ၏အမည်ကို ဖတ်ရှုလိုက်သည်နှင့် မည်သို့သောကိစ္စရပ်များအတွက် ဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းခြင်းဖြစ်သည်ကို အလွယ်တကူ သိရှိနားလည်နိုင်စေရမည်။

**နိဒါန်း သို့မဟုတ် အကျိုးအကြောင်းဖော်ပြချက်**

ဥပဒေတိုင်းတွင် နိဒါန်းရေးရမည်မဟုတ်ပါ။ လိုအပ်လျှင် နိဒါန်းရေးရသည်။ နိဒါန်းဟူသည် ယင်းဥပဒေတွင် မည်သည့်အချက်များကို ပြဋ္ဌာန်းထားကြောင်း စကားချီအနေဖြင့် ဖော်ပြခြင်းဖြစ်သည်။ နိဒါန်းသည် တိုတိုသာရေးရ၍ ဥပဒေတစ်ရပ်လုံးကို ခြုံငုံမဖော်နိုင်ပါ။ နိဒါန်းကြောင့် ရှင်းလင်းနေသော ဥပဒေပြဋ္ဌာန်းချက်များ၏ အဓိပ္ပာယ်ကောက်ယူမှုကို ရှုပ်ထွေးမှုများ မဖြစ်သွားစေရေး သတိမူရသည်။

နိဒါန်းတွင် ဖော်ပြရန်အချက်များ များပြားနေလျှင် နိဒါန်းဟူ၍ မရေးဘဲ ဥပဒေစာကိုယ်တွင် အခန်း၊ ပုဒ်မသီးခြားဖြင့် ရည်ရွယ်ချက်ဟူ၍ ဖော်ပြနိုင်သည်။

**အဓိပ္ပာယ်ဖော်ပြချက်**

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်ကို ဥပဒေ၏ ပထမဆုံး အခန်းဖြစ်သည့် အခန်း (၁) တွင် ဖော်ပြလေ့ရှိသည်။ စာကိုယ်တွင်ရှိ ပုဒ်မများတွင် မကြာခဏဖော်ပြရသည့် စကားရပ်များကို ရှင်းလင်းရန် လိုအပ်သည့်အခါ အဓိပ္ပာယ်ဖွင့်ဆိုရသည်။ မကြာခဏမပါသည့် တိုင်အောင် အများပြည်သူနားမလည်နိုင်သည့် စကားလုံးများ (ဥပမာ 'မူးယစ်ဆေးဝါးဆိုသည်မှာ . . . .၊ ရှေးဟောင်း ဝတ္ထုပစ္စည်း ဆိုသည်မှာစသည် . . . .)၊ အများပြည်သူနားလည်သော်လည်း ကွဲပြားသော စကားရပ်များ (ဥပမာ - ငါးဆိုသည်မှာ ငါးသာမက ပုစွန်၊ ခရု၊ မျှော့၊ ယောက်သွား၊ ရေတွင် ပေါက်ရောက်သော အပင်လည်း ပါဝင်သည်) ကို အဓိပ္ပာယ်ဖွင့်ဆိုရသည်။ ထို့ပြင် စကားရပ်တစ်ရပ်က ရှည်လွန်းပြီး ဥပဒေပုဒ်မ အတော်များများတွင် ပါရှိနေပါက စကားရပ်တိုအောင် အဓိပ္ပာယ်ဖွင့်ဆိုသည်။ (ဥပမာ - မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဆိုသော စကားရပ်သည် ပုဒ်မအများ၌ သုံးစွဲထားလျှင်၊ ဥပဒေအတွင်း အခြားကော်မတီများ ဖွဲ့စည်းမပါရှိလျှင်၊ 'ကော်မတီ' ဆိုသည်မှာဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုလိုက်ခြင်းဖြင့် ပုဒ်မတိုင်းတွင် 'ကော်မတီ' ဟူသော စကားရပ်ကို တိုတိုသုံးစွဲသွားနိုင်သည်။)

**ခေါင်းစဉ်များ သို့မဟုတ် ခေါင်းစည်းများ**

ဥပဒေတစ်ရပ်တွင် ပြဋ္ဌာန်းချက်အမျိုးမျိုးပါရှိပြီး သက်ဆိုင်ရာ ကိစ္စရပ်များအလိုက် အခန်းကဏ္ဍများ ခွဲခြားထားသည်။ ခွဲခြားထားသော ပြဋ္ဌာန်းချက်များ၏ ထိပ်စည်းတွင် ခေါင်းစဉ်များ ထည့်သွင်းပေးရသည်။ ထိုအခန်းခေါင်းစဉ်နှင့် ထိုခေါင်းစဉ်အောက်တွင် ပါရှိသည့် ပြဋ္ဌာန်းချက်များသည် ဆီလျော်ကိုက်ညီမှုရှိဖို့လိုအပ်သည်။ ဥပမာဖော်ပြပါမည်။

ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဥပဒေတွင် အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း (၂) ရည်ရွယ်ချက်များ၊ အခန်း (၃) ကော်မတီဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီ၏ လုပ်ငန်းတာဝန်များ၊ အခန်း (၄) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်း၊ အခန်း (၅) ကိုယ်အင်္ဂါ အစိတ်အပိုင်းထုတ်ယူခြင်း၊ အခန်း (၆) အရည်အသွေးစစ်ဆေးခြင်း၊ သိုလှောင်ခြင်းနှင့် ထုတ်ပေးခြင်း၊ အခန်း (၇) တားမြစ်ချက်များ၊ အခန်း (၈) ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ အခန်း (၉) အထွေထွေဟူ၍ ဖြစ်သည်။

၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတွင် အခန်း (၁) အမည်၊ စတင် အကျိုးသက်ရောက်သည့်နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂) ကောက်ခံရန်လျာထားချက်၊ အခန်း (၃) အခွန်နှုန်းများသတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း၊ အခန်း (၄) သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်၊ အခန်း (၅) ကုန်သွယ်လုပ်ငန်းခွန်၊ အခန်း (၆) ဝင်ငွေခွန်၊ အခန်း(၇) အခြား အခွန်အကောက်ဆိုင်ရာ ကောက်ခံရမည့်နှုန်းထားများ၊ အခန်း (၈) အထွေထွေဟူ၍ ပါရှိသည်။

ဥပမာပေးထားသည့် ဥပဒေနှစ်ခုကို ကြည့်လိုက်လျှင် ဥပဒေတွင်ပါရှိသော ပြဋ္ဌာန်းချက်များကို အခြေခံ၍ ဆီလျော်ညီညွတ်သည့်ဘောင်များ သတ်မှတ်ကာ ခေါင်းစဉ်များကို ခွဲခြားပြဋ္ဌာန်းထားသည်။ အခြားဥပဒေများတွင်လည်း ဤသို့တွေ့ရှိနိုင်သည်။ ဤဥပဒေ နှစ်ခုတွင် ထူးခြားသည်မှာ ပထမဥပဒေ၌ ဥပဒေ၏အမည်ရှေ့တွင် ခုနှစ်ကိုဖော်မပြပါ။ ဒုတိယဥပဒေတွင် ဥပဒေအမည်၏ရှေ့တွင် ၂၀၁၅ ခုနှစ်ဟူ၍ ခုနှစ်ကို ဖော်ပြထားသည်။ ခုနှစ်ကိုဖော်ပြထားလျှင် ခုနှစ်ကိုပါ ထည့်သွင်းခေါ်ဝေါ်ပါမှ ဥပဒေ၏အမည် အပြည့်အစုံမှန်ကန်ပါမည်။ ဒုတိယဥပဒေတွင် ဥပဒေစတင် အကျိုးသက်ရောက်သည့်နေ့ရက်ဟု အခန်း (၁) ခေါင်းစဉ်တွင် ထည့်သွင်းဖော်ပြထားသည်။ တားမြစ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များခေါင်းစဉ်မပါရှိပါ။ လိုအပ်သလို ဘောင်သတ်မှတ်ကာ အခန်းခေါင်းစဉ်များ ခွဲခြားလေ့ရှိသည်ကို သတိပြုဆင်ခြင်နိုင်ရန် ဖော်ပြခြင်းဖြစ်သည်။

**ဥပဒေစာသားများထည့်သွင်းခြင်း**

ဥပဒေမူကြမ်းတစ်ခုအတွက် ဘောင်သတ်မှတ်၍ အခန်းများဖွဲ့ကာ ခေါင်းစဉ်များ သတ်မှတ်ပေးပြီးဖြစ်လျှင် ယင်းခေါင်းစဉ်များအလိုက် ပုဒ်မ၊ ပုဒ်မခွဲ၊ ပုဒ်မခွဲငယ်၊ ပုဒ်မခွဲငယ်စိတ်စသည်ဖြင့် ရေးသားရသည်။ ထိုသို့ရေးသားရာတွင် မူလကစုဆောင်းထားသော အကြောင်းခြင်းရာ အချက် အလက်များ၊ မူဘောင်အချက်အလက်များ မကျန်ရှိရအောင် အဓိပ္ပာယ်လည်း ပေါ်လွင်စေအောင် အနှစ်ချုပ်၍ ဥပဒေစာသားများ ရေးသွင်းရသည်။ ထိုသို့ရေးသွင်းရာတွင် လိုက်နာသင့်သည့် ဆောင်ရန် ရှောင်ရန်အချက်များ များစွာရှိသည်။ အဓိကအချက်များကိုသာ ကောက်နုတ်၍ အနှစ်ချုပ်ဖော်ပြပါမည်။

**လိုက်နာသင့်သောအချက်များ**

ဥပဒေမူကြမ်း တစ်ခုရေးဆွဲရာတွင် ပုံသေနည်း သတ်မှတ်ထားချက်မရှိပါ။ ရေးထုံးဆိုပြီး စွဲစွဲမြဲမြဲမဆုပ်ကိုင်ထားသင့်ပါ။ ပြည်သူအများ အလွယ်တကူ နားလည်စေရမည်။ တိကျရှင်းလင်းရမည်။ အဓိပ္ပာယ်နှစ်ခွမထွက်စေရပါ။ ဝါကျများမရှည်လွန်းစေရ။ တိုတောင်းနိုင်သမျှ တိုတောင်းပါ။ တင်းကျပ်လွန်းသော (rigidity) ရေးသားချက်များ ရှောင်ရမည်။ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လွယ်ကူမှုရှိသော (Flexibility) ရေးသားချက်များဖြစ်ရမည်။ တာဝန်ယူခြင်း (responsibility) နှင့် တာဝန်ခံခြင်း (accountability) အပိုင်းတို့ကို တိတိကျကျ ဖော်ပြရမည်။

မြန်မာသဒ္ဒါ၊ သတ်ပုံ၊ ဝေါဟာရ အသုံးမှန်ကန်ရမည်။ ရှေ့နောက်ညီညွတ်စွာ သုံးနှုန်းရမည်။ ဥပဒေစာအရေးအသား တည်တည်ခံ့ခံ့ ဖြစ်ရမည်။ ရေးသားဟန်မပြောင်းလဲဘဲ တစ်မျိုးတည်းဖြစ်နေစေရမည်။ ရှင်းလင်းချက်၊ ကင်းလွတ်ချက်၊ ခြွင်းချက်များ လိုအပ်လျှင် ထည့်သွင်း ဖော်ပြရမည်။ အခန်းခေါင်းစဉ်အသီးသီးအောက်တွင် ဖော်ပြရန်လွတ်နေသော အချက်များ အထွေထွေခန်းတွင် ဖော်ပြနိုင်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့် မဆန့်ကျင်စေရ။ အများပြည်သူလုံခြုံရေးနှင့် ပစ္စည်းလုံခြုံရေးကို မထိခိုက်စေရ။ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မထိပါးစေရ။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားလူမျိုးစုအလိုက် အခြေကျခိုင်မာလျက်ရှိသော ဓလေ့ထုံးစံများကို မထိခိုက်စေရ။ ဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုနှင့် တစ်ခု လုပ်ပိုင်ခွင့်များရောထွေးခြင်းမရှိစေရ။

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

ပြစ်မှုနှင့်ပြစ်ဒဏ်များ ပါခဲ့သော်ပြစ်မှုအင်္ဂါရပ်များ၊ ရှင်းရှင်းလင်းလင်းတိတိကျကျ ဖော်ပြရမည်။ ပြစ်ဒဏ်သတ်မှတ်ချက်များ၊ ပြစ်မှုနှင့်လိုက်လျောညီထွေမျှတသည့် ပြစ်ဒဏ်မျိုးသတ်မှတ်ရမည်။ ရဲအရေးယူပိုင်ခွင့်ရှိသောအမှု၊ ယူပိုင်ခွင့်မရှိသော အမှုပေါ် ပေါ်လွင်လွင် ထင်ထင်ရှားရှား ရှိစေရမည်။ တရားစွဲမှုအပိုင်း ပါလာလျှင် ရှင်းရှင်းလင်းလင်းရှိစေရမည်။

**ဥပဒေကြမ်းအဆင့်သို့ရောက်ရှိခြင်း**

ဥပဒေပြုလွှတ်တော်သို့ တင်သွင်းနိုင်သည့် ဥပဒေကြမ်းတစ်ခုအထိဖြစ်ဖို့ဆိုလျှင် အချိန်များစွာယူရသည်။ ပထမမူကြမ်း ဒုတိယမူကြမ်း၊ တတိယမူကြမ်း စသည်ဖြင့် မူကြမ်းအဆင့်မှာပင် အနည်းဆုံး ၁၀ ကြိမ်လောက် အပြန်အလှန်ညှိနှိုင်းဆွေးနွေးပြုစုကြရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကြီးများအပါအဝင် အချို့အရေးကြီးသော ဥပဒေများမှာ နှစ်နှင့်ချီ၍ကြာတတ်သည်။ ဥပဒေရေးဆွဲခြင်း ပညာသည်ကား ခက်ခဲ၊ နက်နဲသိမ်မွေ့သည့် အနုပညာသဘော သက်ဝင်သော အတတ်ပညာ တစ်ရပ်ဟု ဆိုရမည်သာ။

**ဥပဒေ၏အသက်ဝိညာဉ်နှင့် ဥပဒေ၏အသွေးအသား**

ဥပဒေမူကြမ်းရေးဆွဲရာတွင် ဥပဒေ၏ဆိုလိုရင်း၊ အနှစ်သာရ တစ်နည်းအားဖြင့် ဥပဒေ၏ ဝိညာဉ် (Spirit of Law) သည် အဓိကပဓာနကျသည်မှာမှန်သည်။ သို့သော် တိကျမှန်ကန် ထိရောက်သည့် ဥပဒေစကားလုံး၊ စကားရပ်၊ ဥပဒေစာသား (Letter of Law) ဖြင့် ရေးသား ဖော်ပြနိုင်မှသာ ဥပဒေ၏ဝိညာဉ် အသက်ဝင်ရှင်သန်နိုင်မည်ကို အထူးသတိပြုသင့်သည်။ Spirit of Law သည်သာ အရေးအကြီးဆုံးဆို၍ Letter of Law ကိုလျစ်လျူမရှုသင့်။ စာသားဖျက်က ဝိညာဉ်ပျက်မည်။ စာသားလွဲက အဓိပ္ပာယ်လွဲမည်။ စာသားမှားက အနှစ်သာရပျောက်ရှုံ့မှုမက ပြောင်းပြန် အကျိုးသက်ရောက်သွားလိမ့်မည်။ စင်စစ်ဥပဒေစာသားဆိုသည်မှာ ဥပဒေ၏ဝိညာဉ် အသက်ဝင် ရှင်သန်စေရန် မရှိမဖြစ်လိုအပ်သော ဥပဒေ၏အသွေးအသား (Blood of Law) ဟုပင် ဆိုရအံ့ ထင်သည်။ အကျိုးပြုဥပဒေကောင်းတစ်ခုဖြစ်ရန် ဥပဒေ၏အသက်ဝိညာဉ်နှင့် ဥပဒေ၏ အသွေးအသားစည်းချက်ညီရန် လိုအပ်သည်။

**တေးသီချင်းတစ်ပုဒ်ဖန်တီးသည့်နှယ်**

ဥပဒေတစ်ခုရေးဆွဲခြင်းကို တေးသီချင်းတစ်ပုဒ်ရေးစပ်ဖန်တီးသည့်အလုပ်နှင့် အမှန်တကယ်တော့ မနှိုင်းယှဉ်အပ်ပါ။ သို့သော်ရင်ထဲတွင် တစ်ခါတစ်ခါ ခံစားဖြစ်ပေါ်လာမိသည်ကိုတော့ ထုတ်ဖော်ပြောပါရစေ။ တေးသီချင်းကောင်းတစ်ပုဒ်ဖြစ်ဖို့ဆိုလျှင် စပ်ဆိုသီကုံးလိုသည့် အကြောင်းအရာအတွက် ပထမ စာသားတွေ ကောင်းဖို့လိုသည်။ ကောင်းမွန်သော စာသားတွေ ရွေးချယ်ရမည်။ ကောင်းမွန်သောစာသားများကို ချိုသာလိုက်ဖက်သော သံစဉ်တေးသွားအတွင်း ထည့်သွင်းပေးလိုက်နိုင်က တေးသီချင်းကောင်းတစ်ပုဒ် ထွက်ပေါ်လာမည်။

ဤသို့နှယ်။ ပြဋ္ဌာန်းမည့်ဥပဒေ၏ ရည်ရွယ်ချက်ကို ဖော်ညွှန်းမည့် အားကောင်းခိုင်မာသော အချက်အလက်များကို ပြည့်စုံစွာစုစည်းစိစစ်ပြီး ကျစ်လစ်သေသပ်သော ဥပဒေစာသား၊ ရေးထုံးများဖြင့် ရေးဆွဲပြုစုနိုင်မှသာ ဥပဒေကောင်းတစ်ခု ပေါ်ပေါက်လာမည်ဖြစ်သည်။

**ကောင်းမွန်သောဥပဒေများ ဖြစ်ထွန်းပေါ်ပေါက်လာနိုင်ကြပါစေ။**




Another Prestigious Project

MGW
MANDALAY GOLDEN WING
Construction Limited

Yangon
No. 2, U Tun Nyein St,Mayangone Tsp,Yangon, Myanmar.
Tel - 01-657860,09 420097998 09-420097992---5,
Mandalay
Diamond Plaza No-635, Between(77-78),33
Chan Aye Thar Zan Tsp, Mandalay.
Tel- 09 6801904,09 6801905, 02. 69351, 02. 69361
E-mail :agm.diamondinyapalaceygn@gmail.com
Website :www.diamondinyapalace.com


Asahi
ASAHI LOI HEIN
ခွန်အားပြည့်ဖြိုး
HONEY GOLD
B3
B6
B12
Asahi
ရွှေပျားအားဖြည့်အချိုရည်
HONEY GOLD
ハニーゴールド
Get Vitamins
ENERGY DRINK
100% Natural
JAPAN Quality

**MCC** တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဖြေဆိုပြီးသူ ကျောင်းသူ/ကျောင်းသားများ တက်ရောက်နိုင်ပါပြီ။
**နွေရာသီ ရက်တိုသင်တန်းများ**

| အခြေခံ ကွန်ပျူတာ သင်တန်း တက်ရောက်ပြီး သူများအတွက် | အလုပ်ခွင်သို့ ချက်ချင်း ဝင်ရောက် လိုသူများအတွက် | တက္ကသိုလ် ဝင်တန်း စာမေးပွဲ ဖြေဆိုပြီးသူများ အတွက် တက္ကသိုလ်ဝင်အကြိုသင်တန်း |
|---|---|---|
| ▪ Programming Technique with JAVA<br>▪ Networking & Network Security | ▪ MCC Secretary Training Course<br>▪ Certified Professional Manager | ▪ Pre-University Foundation Program |

သင်တန်းဖွင့်ရက် - မတ်လ (၂၅)ရက်
သင်တန်းကာလ (၁၀)ပတ်၊ သင်တန်းကြေး - ကျပ် (၂၀၀,၀၀၀)

**Hot-Line: 01-246634, 01-249152**
ကြိုတင်စာရင်းသွင်းရန် - www.facebook.com/mcc.institute
MCC.i (Yangon Campus) Ph - 01-246634, 01-245762, 249152
MCC.i (Mandalay Campus) Ph - 09 - 402671562, 011-202113
MCC.i (Naypyitaw Campus) Ph - 09-254148940, 067 - 421198
MCC.*i* (Yatanarpon Campus) Ph - 09- 960662744, 02-5178112
MCC.*p* (Monywa) - 09-965676777, 09-265333120
MCC.*p* (Pathein) - 09-451 888 373, 09- 773 510 899



၂၀၁၇ ခုနှစ် ၊ နှစ်သစ်ကူး သင်္ကြန်အစီစဉ်သစ်
**ထားဝယ်, မြိတ်, ကော့သောင်း, ကျွန်းများ ခရီးစဉ်**
11 - 4 - 2017 မှ 18 - 4 - 2017 အထိ
သွားမိန့်ဓာဝေ 09 51 55654 / 09 770660095 / 01 - 253079



**GOLDEN RICH TRAVELS**
ကမ္ဘောဒီးယား၊ ဖန်ကောက်(၃)ည၊ ပတ္တယားကမ်းခြေ၊ အယုဒ္ဓယ၊ မဲဆောက် (BY BUS) (4.5သိန်း)/ Apl-12
09-450587933, 09-250366279, 09-786674066



**SS Tour Myanmar** ပျော်ပျော်ရွှင်ရွှင်မေတ္တာသင်္ကြန်ပြည်တွင်းခရီးစဉ်များ

| | |
|---|---|
| တောင်ကြီး-အင်းလေး-ကလော-ပင်းတယ | (12 Apr)( ၄ည - ၅ရက်) |
| မန္တလေး-ပြင်ဦးလွင်-မိုးကုတ်-အလောင်းတော်ကဿပ | (12 Apr)( ၅ည - ၆ရက်) |
| ပုပ္ပါး-ပုဂံ-စွယ်တော်လေးဆူ-ရွှေစက်တော် | (12 Apr)( ၄ည - ၅ရက်) |
| ထားဝယ်-ရှင်ကိုးရှင်-မောင်းမကန်ကမ်းခြေ | (19 Apr)( ၅ည - ၆ရက်) |
| မော်လမြိုင်-ကျိုက်ထီးယိုး-စက်စဲ-ဘားအံ | (19 Apr)( ၂ည - ၃ရက်) |
| မြဝတီ-မဲဆောက်-ဘားအံ | (19 Apr)( ၂ည - ၃ရက်) |

ခရီးစဉ်များအားလုံး 3 star hotel & Restaurant များတွင်သာ စီစဉ်ပေးပါသည်။
09 254169966, 09 2600112239, 09 450280361, 09 798232832



**Delicious Restaurant**
Fillet & Vegetable Steam
Dim Sum
ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များကို
စျေးနှုန်းချိုသာစွာဖြင့် သုံးဆောင်နိုင်ပါသည်။
One Potion
Dinner
10% off
Exp: 12.4.17



အမှတ်(၁၅၅)၊ ဝေဇယန္တာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ (ရတနာလမ်းနှင့် မေတ္တာလမ်းကြား) / Ph: 09 459947571, 09 459947572



ပြင်ဆင်ဖတ်ရှုပါရန်
၁၂-၂-၂၀၁၇ ရက်နေ့ ကြေးမုံသတင်းစာ ၏စာမျက်နှာကြော်ငြာ(၄)ကန့်ကွက်နိုင် ကြောင်းကြော်ငြာအမှတ်စဉ်(၁၅)ပါ စော ဝင်း(စ)လင်ရောက်အိမ်(ဂ်)၏အမည်ပြောင်း တွင်မြေတိုင်း-၃၀/၁၃၀ဘွား(လှသုံးကုန်အန်း) ဟုအမှန်ဖတ်ရှုပါရန်။


**STAR**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
Ph:09-43088052, 09-73254389, 09-421067330



PUN HLAING ESTATE
STAR CITY
**BUY A UNIT FOR YOUR CHANCE TO WIN**
**A BRAND NEW CAR!**
*Terms & Conditions apply*





**UNIT PRICES STARTING FROM USD 90,000**

Star City Thanlyin Hotline : 09 7311 9511 / 09 2525 858 74
Pun Hlaing Estate Hotline : 01 687 778/ 01 687 800

# မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နေ ဦးသောင်းဖေ+ဒေါ်ကြင်အေးတို့၏သား

**မောင်အောင်တင်လင်း** *B.Sc ( Zool; )*

**( Second Mate F.G ) LIZSTAR SHIPPING CO., LTD.**

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်နေ ဦးခင်မောင်ဝင်း(ကုန်သွယ်လယ်ယာ) + သုမင်္ဂလီ ဒေါ်ငွေငွေဝင်း (မြန်မာ့စီးပွားရေးဘဏ်) (ဖူးသစ်ပိုးထည်တိုက်) တို့၏သမီးထွေး၊ ဒေါ်မိုးမိုးအေး(C.E.O) YE NOOS & ASSOCIATES (Law Firm)၊ ဒေါ်ညိုမာသန့်(Fashion Designer) PHU THIT Fashionနှင့် ဒေါ်သန့်မြတ်ဝင်း(Auditor) Managing Director, FOCUS Consulting Group Ltd.တို့၏ညီမ

**မခိုင်ဇင်လတ်** *( LL.B )*

**( Director ) GOOD DREAM International Ltd.**

တို့အား ၂၃-၂-၂၀၁၇ ရက်နေ့တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေအားလည်းကောင်း၊ ၁၉-၃-၂၀၁၇ ရက်နေ့တွင် ရန်ကုန်မြို့ **Strand Hotel ( Grand Ballroom )** ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စပယ်ပန်းကုံးချီးမြှင့်ပေးပါသော ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဦးနှင့် ဇနီးဒေါ်မော်မော်ထွေး၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒု-ဥက္ကဋ္ဌ ဒေါက်တာမျိုးသက်နှင့် ဇနီးဒေါ်ခင်မျိုးယဉ်အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်တေးသီကျူးပေးပါသော မစိမ်းမို့မို့၊ မင်္ဂလာဧည့်ခံပွဲတွင် တီးခတ်ပေးသော **The Aces** တီးဝိုင်း၊ မေတ္တာဖြင့်ကူညီပေးကြသော ကိုသွင်ဇာနည်ဦးနှင့် ကိုကောင်းမြတ်၊ ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်များဖြစ်သော မဖူးစုံ၊ မနန်းဆုရတီစိုး၊ မထက်ထက်ထွန်း၊ မဖွန့်သံဇဉ်၊ မဂုဏ်ရည်အေးကျော်၊ မသျှင်ဝေနိုင်ဦးနှင့် မနီနီခိုင်ဝင်း၊ မိတ်ကပ်အလှပြင်ဆင်ပေးပါသော မိတ်ကပ် ဦးစိုးနှင့်အဖွဲ့၊ မိတ်ကပ် မေမိုးနှင့် အဖွဲ့တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော ဒီဇိုင်နာ မညိုမာသန့် (ဖူးသစ်ဖက်ရှင်)၊ မေတ္တာဖြင့်လက်ဝတ်ရတနာဆင်မြန်းပေးပါသော **Benevolent Gems & Jewellery** တို့အားလည်းကောင်း၊ ပန်းအလှဆင်မြန်းပေးပါသော ဒေဒင် ကိုထွန်းထွန်း၊ **Pre-Wedding** နှင့် မင်္ဂလာဧည့်ခံပွဲတို့တွင် ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးပါသော **Love Diary** နှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် မေတ္တာဖြင့်ဓာတ်ပုံရိုက်ကူးပေးပါသော ကိုနိုင် **Escape**နှင့်အဖွဲ့သားများအားလည်းကောင်း၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော **Unique** ပုံနှိပ်လုပ်ငန်း၊ မင်္ဂလာဧည့်ခံပွဲနှင့် မော်ကွန်းတင်လက်မှတ်ရေးထိုးပွဲသို့ ကြွရောက်ချီးမြှင့်ခဲ့ကြသော နှစ်ဖက်သော ဂုဏ်သရေရှိဧည့်သည်တော်များ၊ ဆွေမျိုးမိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့များချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ **Strand Hotel** မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲတွင် အစစအရာရာ အဆင်ပြေချောမွေ့အောင် အဘက်ဘက်မှကူညီဆောင်ရွက်ပေးကြသောနှစ်ဖက်မိတ်ဆွေသူငယ်ချင်းများ၊ **YE NOOS & ASSOCIATES ( Law Firm )** မှရုံးသူရုံးသားများ၊ **FOCUS Consulting Group Ltd.** မှရုံးသူရုံးသားများနှင့်ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို နှစ်ဖက်သောမိဘများနှင့်မင်္ဂလာမောင်နှံတို့မှ အထူးပင်လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်တင်လင်း+မခိုင်ဇင်လတ်

---


# STAR ACADEMY | Hospitality & Business Management

Special Discount
10% OFF
Enroll Now!

တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများအတွက် ဘဂအာမခံချက်ရှိသော အသက်မွေးပညာရပ်များ တက်ရောက်နိုင်ပါပြီ။



**Management သင်တန်းများ**

- MBA in Hospitality Management
- HND in Hospitality Management
- Diploma in Sales & Marketing Management
- Diploma in HR Management
- Diploma in Tourism Management
- Diploma in Hospitality Management
- Diploma in Room Management
- Front Office Management Level III
- Housekeeping Management Level III
- F&B Service Management Level III
- Sales & Marketing Management Level III
- Human Resources Management Level III
- Tourism Management Level III

**Professional အသက်မွေးသင်တန်းများ**

- Front Office Operation Course Level II
- Housekeeping Operation Course Level II
- F&B Service Operation Course Level II
- OPERA PMS for Front Office Course
- International Culinary Course Level II
- International Bakery & Pastry Course Level II
- Special Beverage Course (Coffee, Cocktails)
- English Course (Native Speaker)
- Business English Course (Native Speaker)

7th April မတိုင်မီ Discount Rate ဖြင့် သင်တန်းအပ်နှံ နိုင်ပါပြီ။

No. 267, Room - 202, Pyay Road, Sanchaung Tsp, Yangon, Myanmar. Star Resources Co.,Ltd
Hot Line : (95-1) 523 623, 230 4020, 09 5020 302, www.facebook.com/sracademy.edu/




ရန်ကုန် – ရွှေဆောင်၊ JCGV (Junction City)၊ JCGV (Junction Square)၊ JCGV (Junction Maw Tin)၊ Red Radiance Digital Cinema (လှည်းတန်းစင်တာ)၊ နဝဒေး(မရမ်းကုန်း)၊ မဟာမြိုင်(အင်းစိန်)၊ ရွှေဗဟိုရ် (တာမွေ)၊ မြရတနာ (သာကေတ)၊ ကန်သာယာ (မြောက်ဥက္ကလာ)၊ မြဟံသာ (သန်လျင်)၊ PARADISO Cinema (မှော်ဘီ)၊
မန္တလေး – မြို့မ၊ JCGV၊ မြို့ဂုဏ်ရောင်၊ နေပြည်တော် –JCGV၊ အောင်သပြေ၊ ဇေယျာသီရိ၊ မကွေး – မင်္ဂလာစံပြ၊ ပြည် – မင်္ဂလာထွန်းသီရိ၊ တောင်ငူ– NEW 3D၊ ပဲခူး – မင်္ဂလာ (Icon Shopping Mall)၊
မော်လမြိုင် – JCGV၊ ပြင်ဦးလွင် – Movie Planet၊ ချယ်ရီလွင်၊ တောင်ကြီး – မြသုခ၊ လားရှိုး –သီတာအေး၊ သိန်းထိုက်၊ အောင်သီရိ၊ ပခုက္ကူ – သီဟ၊ ရေနံချောင်း –ရတနာ၊ ဗန်းမော်– စတား၊
ပုသိမ် – ရွှေပြည်တော်၊ ဘားအံ –တက်နေဝင်း၊ ဦးဆောက်ပန်း၊ မြဝတီ – သွန်းရွှေစင်၊ မြိတ် – မြိတ်မင်္ဂလာ၊ Hello၊ အဆင့်မြင့်ရုပ်ရှင်ရုံများတွင်တပြိုင်နက်ပြပြီ


## သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ကြော်ငြာ

# Wonderful Days Travels & Tours




- လွိုင်ကော်-အင်းလေး ခရီးစဉ် Apr -12, 17
- ချင်းပြည်နယ်-ခေါ်နူးစုမ် ခရီးစဉ် Apr -13, 17
- အလောင်းတော်ကဿပခရီးစဉ် Apr -13, 17
- မြဝတီ၊ မဲဆောက် ခရီးစဉ် Apr -12, 17
- ကော့သောင်း ခရီးစဉ် Apr -17

သင်္ကြန်တွင်း ငွေဆောင် ဟိုတယ်
အခန်းများလည်း Booking ရယူနိုင်ပါပြီ
Ph: 09 257 900 416 ~7~ 8

## ရခိုင်ဘုရားဖူးသီးသန့် ကောင်းထက်စံနှင့်အဖွဲ့ 27-03-2017 13-04-2017

သင်္ကြန်လက်မှတ်ဦးရာလူခနစ်ဖြင့် ရောင်းပြီ

220000/ကျောင်းတည်း 150000/(ပြရက်) ... Ph:09448003431, 0949660481

## ရွှေလမ်းညွှန်

... 125000 ... 100000 Apr12
09-420087371, 09-262705136, 09-259302029

## ကား မျိုးစုံ

Alphard,Hiace ၉/၁၃ယောက်စီး၊ ၂၄/၂၉/၃၃/၄၅ယောက်စီးများကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များ ကိုယ်တိုင်မောင်းသော သောဈေးနှုန်းဖြင့် အငှားလိုက်ပါသည်။
Ph: 09795549249, 095418126
09-795546884

## ကိုသန့်ဇင် CAR RENTAL

ကားမျိုးစုံခရီးစဉ်အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821

စက်ချုပ်ပညာတတ်ထားတာ
ဘဲ့တစ်စုရသလိုတန်ဖိုးရှိပါတယ်
**အေးမွန်ရတနာ**
အမျိုးသမီးစက်ချုပ်သင်တန်း
ဒေါ်ခင်ဝင်းရီ (B.A, B.Ed.)
၃၉(ဂ) အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊
ရန်ကင်းမြို့နယ်။
ဖုန်း → ၀၁-၅၇၉၈၂၅၊ ၀၉-၅၁၀၄၆၈၇၊
၀၉-၅၁၉၃၄၉၁၊ ၀၉-၄၂၀၀၀၆၈၀၉

## ar,aeqkev

ဒေါက်တာဝင်းလဲ့ရည်မွန် (Consultant Microbiologist)၏ ၂၄-၃-၂၀၁၇ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သောမိသားစုနှင့်အတူ ကျန်းမာပျော်ရွှင်အောင်မြင်စွာ လျှောက်လှမ်းနိုင်ပြီး ဘာသာ၊ သာသနာအကျိုးကိုလည်း တိုး၍ဆောင်ရွက်နိုင်စေကြောင်း မေတ္တာရည်လောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

**ချစ်ဖေဖေနှင့် မေမေ-ဦးအေးသန်း-ဒေါ်ငွေငွေရီ**
**ချစ်ခင်ပွန်း -ဒေါက်တာကျော်နိုင်ဝင်း**
**ချစ်သမီး -ဆုရတီနိုင်**
**ချစ်သား -မောင်အောင်ဆက်နိုင်**

## ထွက်ပြီ နွေလေ

**ငှက်တစ်ကောင်ရဲ့ တောင်ပံတစ်ခတ်**

ဖြန့်ချိရေး - တောင်သန့် ၂၀၉၊ ၃၈-လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၃၈၃၄၂၃

## ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တော ကျောင်းတိုက်၊ ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်၌ စာချ/ စာသင် သံဃာတော် အရှင် သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀ × ၆၇)အကျယ်အဝန်းရှိ ကျောင်းဆောင်သစ် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင် လှူဒါန်း နိုင်ကြပါရန် နိဗ္ဗာန်ကို အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

| | | |
|---|---|---|
| ၁။ | ပြတင်းတံခါးတစ်ပေါက် | ၁သိန်း |
| ၂။ | ၁၀ ပေပတ်လည် တစ်ကျင်းကြွေပြား | ၁သိန်း |
| ၃။ | အခန်းတံခါး | ၂သိန်း |
| ၄။ | ရေချိုးခန်း | ၃သိန်း |
| ၅။ | ကုဋီတစ်ခန်း | ၅သိန်း |
| ၆။ | အဝင်တံခါးမကြီးတစ်စုံ | ၇သိန်း |
| ၇။ | သံကူကွန်ကရစ်လှေကားတစ်စုံ | ၉သိန်း |
| ၈။ | သံဃာနှစ်ပါးနေတစ်ခန်း | ၁၀သိန်း |
| ၉။ | ရေတိုင်ကီတစ်လုံး | ၁၂သိန်း |
| ၁၀။ | သံဃာလေးပါးနေတစ်ခန်း | ၂၀သိန်း |
| ၁၁။ | မုခ်ဦး | ၃၀သိန်း |
| ၁၂။ | ဘုရားခန်း | ၅၀သိန်း |
| ၁၃။ | စာသင်ခန်းမဆောင် | ၁၀၀သိန်း |
| ၁၄။ | ဆွမ်းစားဆောင် | ၃၅၀သိန်း |
| ၁၅။ | ကျောင်းဆောင်တစ်လုံး | ၁၀၀၀သိန်း |
| ၁၆။ | ကွန်ကရစ်တိုင်တစ်လုံး | ၃သိန်း |
| ၁၇။ | စာချဆရာတော်များနေတစ်ခန်း | ၂၅သိန်း |
| ၁၈။ | စာကြည့်တိုက် (စာကြည့်ခန်း) | ၁၀၀သိန်း |
| ၁၉။ | သံဃာတစ်ပါးနေရန်တစ်နေရာ | ၅သိန်း |

အလှူရှင်များကမှည့်ထိုးပေးပါမည်။
ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်
ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆၊ ၀၉-၂၆၃၆၂၉၃၂၆
ဦးတေဇိန္ဒ-ကမ္ဘောဇဘဏ်၊ ဗဟိုရ်စည်လမ်းမတော်
(Account No. 061-301-0610092100l)
ရိုးမဘဏ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်
(Account No. 021-31-501798-9)ဘဏ်စာရင်းသို့နိုးရာဘဏ်၌
ထည့်သွင်း၍လည်းကောင်းဆက်သွယ်လှူဒါန်းနိုင်ပါသည်။




## DREAM ALUMINUM

**Customer များရရှိမည့်အားသာချက်**

- Euro System 45° ထောင့်ချိုးဖြစ်ခြင်းကြောင့် အဆောက်အအုံ၏အလှကို ခေတ်မီသေသပ်စေခြင်း။
- Coating မှာ Orginal Italy ဆေးသားအသုံးပြုထားခြင်းကြောင့်သက်တမ်းကြာရှည်ခံပြီးဆေးရောင်ကွာမကျခြင်း။
- Brand Acessories များအသုံးပြုထားခြင်းကြောင့် ဖွင့်ပိတ်ရာတွင် လွယ်ကူတာရှည်အသုံးခံနိုင်ခြင်း။
- Slide/Casement Profile System အား အသံလုံ၊လေလုံ၊ရေလုံစေရန် တီထွင်ထားခြင်း။
- Slide System ပြေးလမ်းဘောင်နက်ခြင်းကြောင့် လုံခြုံမှုရှိခြင်း၊ ဘေးချော်မထွက်ခြင်း။



**လက်လီလက်ကားဝယ်ယူသူများရရှိမည့်အားသာချက်**

- Euro System Click type ဖြစ်ခြင်းကြောင့် Screw အရာများကင်းရှင်းခြင်း၊ အချိန်ကုန်သက်သာခြင်း။
- ထုတ်လုပ်တပ်ဆင်ရလွယ်ကူခြင်း၊ မြန်ဆန်ခြင်း၊ခန့်ညားခြင်း၊ လူအင်အား အသုံးပြုရနည်းခြင်း။
- လေးဖက်စလုံး Frame တစ်မျိုးတည်းသာ အသုံးပြုရခြင်းကြောင့် နိုင်မာတောင့်တင်းပြီး အလေအလွင့် ထိန်းသိမ်းနိုင်ခြင်း။
- Dream Frame ချောင်း၊ Acessories နှင့် စက်ပစ္စည်းများကို တစ်နေရာတည်း လက်လီလက်ကားရရှိနိုင်ခြင်း။
- ထုတ်လုပ်တပ်ဆင်မှုအတွက် ကုမ္ပဏီမှ Training ကူညီပေးခြင်း
- မြန်မာပြည်၏အကောင်းဆုံး Euro System Deram Aluminium နှင့် ဆက်စပ်ပစ္စည်းများအား ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်နိုင်ပါသည်။

**Dream Aluminium**
မှ
Marketing (မ) ဝန်ထမ်းအလိုရှိသည်။
ဘွဲ့ရဖြစ်ပြီး ရုပ်ရည်အသင့်အတင့်ရှိရမည်။



**Frame နှင့် Accessories** များကို လက်လီလက်ကားနှင့် ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်ရန်
09-263563664
09-977910201
01-8604394

အပြီးအစီးတပ်ဆင်မှုများအတွက် ဆက်သွယ်ရန် **Dream Installation Group** 09-260905818, 09-254048775, 09-252420717
အမှတ်(၂၂၃/ ၂၂၅)၊ ကျိုက္ကဆံလမ်းမကြီး၊ ကျောက်မြောင်းဈေးမှတ်တိုင်အနီး၊ တာမွေမြို့နယ်၊ရန်ကုန်မြို့။ 01-8604394, 09-263563664

# AMERICAN VISION
PROFESSIONAL EYE CARE CENTER

အမေရိကန်ပွဲရှင်း နွေရာသီ Promotion အထူးအစီအစဉ်



Summer Sale

လက်ဆောင်တွေလည်း ပေးဦးမှာနော်။

နောက်ဆုံးပေါ် ကမ္ဘာကျော် BRANDED အစစ်အမှန် ပါဝါ၊ နေကာမျက်မှန် ဝယ်ယူသူတိုင်းအတွက်

1st pair... 10% discount

2nd pair... 20% discount

3rd pair... 30% discount

ကမ္ဘာကျော် Branded မျက်မှန်ကိုင်းများနဲ့ အစစ်အမှန်တွေကို တစ်နေရာတည်းမှာအစုံအလင်ရွေးချယ်ဝယ်ယူနိုင်ပါပြီ။

only until 11.4.2017

YANGON: (01) 242476, 241897, 241898,
MANDALAY: (02) 35588, 32053, NAYPYITAW: (067) 432393

## KM MIZUNO GOLF FAIR & CUSTOM FITTING

MIZUNO

| | |
|---|---|
| Date | : 29.3.2017 to 2.4.2017 |
| Time | : 9:00 am to 6:00 pm |
| Venue | : Yangon Golf Club. |
| R.S.V.P | : 09-5012152,09250044250. |

EXCLUSIVE DISTRIBUTOR : KAUNG MYAT CO.,LTD.

ဝဒ္ဓ ခမ္ပ သီယံ
**အောင် (ဆေးသုတ်အဖွဲ့)**

United = 150 - 200
Orient = 200 - 250 - 300
Premier = 250 - 300 - 350
၁ပေ ပတ်လည်အပြီးအစီး
09-420118663, 09799119749

**မြေကွက်များဝယ်လိုပါသည်**
ဒဂုံမြို့သစ်အရှေ့ပိုင်း
မြေကွက်များ
ဝယ်လိုပါသည်။
Ph:09-43179747

**တက်လှ**
အိမ်ပြောင်း/အိမ်ရွှေ့
ဈေးနှုန်းချိုသာစွာဖြင့်
မြို့တွင်း/နယ်ဝေး
အကောင်းဆုံး
ဝန်ဆောင်မှုပေးသည်
09 261111549
09 257962225

**NIKO pm; tkfqDeY**

မလေးရှားနိုင်ငံမှ တင်သွင်းသော ကျန်းမာရေးအတွက် အထူးသင့်တော်သည့် အရည်အသွေးမြင့် စားအုန်းဆီ IV64 Cloud Point 6 Plam Olein များကို ၁၀ပိဿာနှင့်အထက် ဝယ်ယူသူများ အိမ်အရောက် ပို့ဆောင်ပေးပါမည်။ ၁ပိဿာ ကျပ် ၂၅၀၀နှုန်း၊ နယ်ကိုယ်စားလှယ်များ၊ တစ်ဆင့်ပြန်လည်ရောင်းချလိုသူများ ဆက်သွယ်မှာယူနိုင်ပါသည်။ အရည်အသွေးနှင့် အလေးချိန်အာမခံပြီး ဈေးနှုန်းလည်း သင့်တင့်စွာဖြင့် ရေရှည်တင်သွင်းဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ပါသည်။

**အမှတ်-၅၅၅၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉ ၅၀၅၃၈၂၀၊ ၀၉ ၇၉၄၆၅၅၂၁၃**

**CALORIES**

အမျိုးသမီးသီးသန့် ကိုယ်ကာယအလှ & အဆီချခန်းမ

| | |
|---|---|
| ဝမ်းဗိုက်အဆီ/ပေါင်အဆီ | 1"-5" |
| ခါးဆောင်းအဆီ | 1"-3" |
| ကျောအဆီ | 1"-4" |
| လက်မောင်းအဆီ/ရင်သားအဆီ | 1"-2" |
| ခြေသလုံးအဆီ/တင်သားအဆီ | 1"-2" |

အဆီချပါက ၁၀% မှ ၃၀% ထိ လျှော့ပေးပါမည်။
ပေါင်ချိန်ပေါ်မူတည်၍ အတိုင်းအတာများ ပိုမိုကျစေပါသည်။
ဆိုင်(၁)အမှတ်-၃၃၊ပထမထပ်(စ)လမ်း၊KBZ(Bank)အနောက်၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။ Ph: 09-252651750, 09-5072762
ဆိုင်(၂)အမှတ်-၁၁၅၇၊ပထမထပ်၊ပင်လုံလမ်းမကြီး၊(၃၅)ရပ်ကွက်၊ဒဂုံမြို့သစ်မြောက်ပိုင်း။ Ph: 09-5072762, 09-25265177l

# PARKSON
JUNCTION SQUARE

A NEW SHOPPING DESTINATION

သင့်ဘဝနေထိုင်မှုပုံစံအသစ်အတွက်
နေရာသစ်တစ်ခုမှာ
ဈေးဝယ်ထွက်ရအောင်

For a new lifestyle



သင့်စိတ်ကြိုက် အမှတ်တံဆိပ်ပေါင်းများစွာ နှင့် အံ့အားသင့်ဖွယ်ရာများစွာတို့နှင့်အတူ
Level 1 & 2, Corner of Pyay Road & Kyunn Taw Road
07 Quarter, Kamaryut Township,Yangon

## ဈေးဝယ်ရင်း ကံစမ်းနိုင်မည့် အခွင့်အရေး
LUCKY DRAW

၁၇.၀၃.၂၀၁၇ မှ ၀၉.၀၄.၂၀၁၇ အထိ
**Everyday from 17.03.2017 to 09.04.2017**
ကံထူးသူရွေးချယ်မည့် နေ့ရက် : တနင်္ဂနွေနေ့ ၀၉ ဧပြီလ ၂၀၁၇
Grand draw day: Sunday, 9th April 2017
ကျပ် ၅၀,၀၀၀ ဖိုး ဝယ်ယူတိုင်း ကံစမ်းမဲလက်မှတ်တစ်စောင် ရရှိနိုင်ခြင်း
With every purchase from 50,000 Ks and above customers will get a lucky ticket to join lucky draw
စည်းကမ်းချက် : ကံထူးသူတစ်ဦးအတွက် ပထမဆုံးပေါက်မဲတစ်ခုသာ ရရှိပါမည်။
Parkson ကဒ် အဖွဲ့ဝင်များသာ
T&C : The winner gets the first prize only
Applicable for Parkson Card members only



ပထမဆု - I phone 7 ၁ဆု
01 - 1st prize: Iphone 7



ဒုတိယဆု - Sony 40" LED TV နှင့် LG Front load Washing Machine စုစုပေါင်း ၂ဆု
02 - 3rd prizes: Sony 40" LED TV
LG Front load Washing Machine - LG



ဒုတိယဆု - Samsung S7 ၁ဆု
01 - 2nd prize: Samsung S7



စတုတ္ထဆု - Crocodile Watch ၂ဆု
02 - 4th prizes: Crocodile Watch

Parkson လက်ဆောင်ဘောက်ချာ ကျပ် ၅၀,၀၀၀ တန် ၅ဆု
05 - Consolation prizes: Parkson Gift Vouchers worth 50,000 Ks/ prize



## Shopaholic Weekend

၁၈.၀၃.၂၀၁၇ မှ ၀၉.၀၄.၂၀၁၇ အထိ
(စနေနေ့ နှင့် တနင်္ဂနွေနေ့တိုင်း)

Every Saturday & Sunday From 18.03.2017 to 09.04.2017



ကျပ် ၁၀၀,၀၀၀ ဖိုးဝယ်ယူလျှင် ကျပ် ၅,၀၀၀ တန် လျှော့ဈေးဘောက်ချာ ရရှိနိုင်ခြင်း
Free **5,000** Ks Discount Voucher for every purchase of 100,000 Ks

သတ်မှတ်ထားသော အမှတ်တံဆိပ်များတွင် ကျပ် ၁၀၀,၀၀၀ ဖိုးဝယ်ယူလျှင် ကျပ် ၅,၀၀၀ တန် လျှော့ဈေးဘောက်ချာ ထပ်မံရရှိနိုင်ခြင်း
Free additional **5,000** Ks Discount Voucher for every purchase of 100,000 Ks from selected brands

စည်းကမ်းချက် : Parkson ကဒ်အဖွဲ့ဝင်များသာ
T&C: Applicable for Parkson Card members only




No. 303, U Wisara Road, Sanchaung Township, Yangon, Myanmar. Ph : 95 1 500060

GOLDEN STAR
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

သုံးရာသီ ဝမ္မဒါန
Mar-24,31
420144148, 421153797

COHABO
ချောင်းသာ/ငွေဆောင်
စရိတ်ငြိမ်း-100000
Ph-09 785161773
09 516 1773

ရှိုင်ရယ် ပတ္တမြား
ဂေါ်ရန်ဂျီကျွန်း-၇၅၀၀၀
Hotel (စား/တည်း/ငြိမ်း)
အပတ်စဉ်-သောကြာ
Ph : 09-252055609

MIHARA
Travels & Tours
3 to 45 CAR RENTAL SERVICES
မြဝတီ-မဲဆောက်
ပေလီကမ်းခြေ
အပတ်စဉ်
Ph: 095009552, 095025400
09450051557, 09420773444

15th SINCE 2010
YANGON INTERNATIONAL LIFESTYLE FURNITURE FAIR
YLFF
၂၀၁၇-မတ်လ (၂၃) ရက် နေ့ မှ (၂၇) ရက်နေ့ အထိ ( ၅ )ရက်တိုင်တိုင် ကျင်းပသွားပါမည်
နှစ်သစ်ကူးအကြိုပရိဘောဂပြပွဲကြီး
Platinum Sponsored by
Casabella
Luxury Home Furnishing Centre
Presented by NatRay Co.,Ltd.
တပ်မတော်ခန်းမ
LUCKY DRAW
Gold Sponsored by
SWEETY HOME
INHOUSE
NEWLOOK
NEW WORLD MART
စုစုပေါင်း ကျပ်(၁၀)သိန်းဖိုး ဝယ်ယူသူတိုင်း ကံစမ်းမဲတစ်စောင် ရရှိနိုင်မည့်အခွင့်အရေး
Organized by : Thousand Islands Business Group

ခေတ်မီတိုးတက်ပြောင်းလဲလာသည့် ပညာရေးစနစ်သစ်နှင့်အတူ "တန်ဖိုးမြင့်လူသား" ဖြစ်ဖို့ ပညာရေးဖြင့် မြှင့်တင်ကြပါစို့
Academic Year 2017-2018
YREC
မိသားစု
YREC (တော်ဝင်ပညာ)
YANGON ROYAL EDUCATION CENTRE
ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် အဆင့်မြင့်ဒေါ်ဒါ
(မူလတန်း၊ အလယ်တန်း၊ အထက်တန်း)
အထက်တန်းသင်ကြားမည့် ဆရာ / ဆရာမ များ
မြန်မာစာ ◆ ဦးဒိန်းဇော် (ရန်ကုန်တက္ကသိုလ်)
အင်္ဂလိပ်စာ ◆ ဦး Mဇော်အောင်
သင်္ချာ ◆ ဦးတင်ငွေး သင်္ချာ ၏ သင်္ချာ
ဓာတုဗေဒ ◆ ဦးအောင်ငွေး(Myanmar Exam)
◆ Tr ဒေါ်တိတ (M.Sc (Chem), D.Pharm)
ရူပဗေဒ ◆ ဦးဇော်လှိုင်
ဇီဝဗေဒ ◆ ဒေါ်ဖိုးဖိုး
ဘောဂဗေဒ ◆ ဆရာကျော် (ချွန်/ရှုပ)
ကျောင်းအပ်လက်ခံနေပါပြီ
ဧပြီ(၂၇) ဖွင့်မည်။
အမှတ် (၂၄)၊ အေးရိပ်မွန်လမ်းမကြီး၊ (၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၅ ၃၅၁၀၅ ၂၂၊ ၀၉-၂၅ ၃၅ ၁၀၅ ၂၃ Hot Line : 09-250 174 839



## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်တင်ရွှေ
### အသက် (၉၉)နှစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဇနီး ဒေါ်မြင့်မြင့်ရီ တို့၏ မိခင် ဒေါ်တင်ရွှေသည် ၁၉-၃-၂၀၁၇ ရက်နေ့ ညနေ ၅း၃၀ နာရီတွင် ကျောက်ပန်းတောင်းမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို-ဒေါ်မြင့်မြင့်ရီ တို့၏ မိခင် ဒေါ်တင်ရွှေ အသက် (၉၉)နှစ်သည် ၁၉-၃-၂၀၁၇ ရက် (တနင်္ဂနွေနေ့) ညနေ ၅း၃၀ နာရီတွင် ကျောက်ပန်းတောင်းမြို့၊ မြို့မရပ်ကွက်၊ ဈေးတန်းလမ်း၊ အမှတ်(၅၉)နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ဆူးလေစေတီတော်၊ ဂေါပကအဖွဲ့နှင့်ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်တင်ရွှေ
### အသက်(၉၉)နှစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဇနီး ဒေါ်မြင့်မြင့်ရီတို့၏မိခင် ဒေါ်တင်ရွှေသည် ၁၉-၃-၂၀၁၇ရက် ညနေ ၅း၃၀ နာရီတွင် ကျောက်ပန်းတောင်းမြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သမိုင်းဝင်ကျိုက္ကစံစေတီတော်ဂေါပကအဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်တင်ရွှေ
### အသက်(၉၉)နှစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဇနီး ဒေါ်မြင့်မြင့်ရီတို့၏ မိခင် ဒေါ်တင်ရွှေသည် ၁၉-၃-၂၀၁၇ရက်နေ့ ညနေ ၅း၃၀နာရီတွင် ကျောက်ပန်းတောင်းမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**မဟာမြမုနိရံသီအိမ်တော်ရာစေတီတော်ဂေါပကအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

သူရဦးအောင်ကို(ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)-ဒေါ်မြင့်မြင့်ရီတို့၏မိခင် ဒေါ်တင်ရွှေ အသက် (၉၉) နှစ်သည် ၁၉-၃-၂၀၁၇ ရက် (တနင်္ဂနွေနေ့) ညနေ ၅း၃၀ နာရီတွင် ကျောက်ပန်းတောင်းမြို့၊ မြို့မရပ်ကွက်၊ ဈေးတန်းလမ်း၊ အမှတ်(၅၉)နေအိမ်၌ ကွယ်လွန်သွား ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းအကျိုးတော်ဆောင်**
**ခေမာသီဝံစာသင်တိုက်(ရန်ကုန်)၊ မြောက်ဥက္ကလာပမြို့နယ်**
**ကုဏ္ဍာသယရန်ကင်းကျောင်းတိုက်၊ လှည်းကူးမြို့နယ်**

## ဝမ်းနည်းကြေကွဲခြင်း

သူရဦးအောင်ကို(ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)-ဒေါ်မြင့်မြင့်ရီတို့၏မိခင် ဒေါ်တင်ရွှေ အသက် (၉၉)နှစ်သည် ၁၉-၃-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၅း၃၀ နာရီတွင် ကျောက်ပန်းတောင်းမြို့၊ မြို့မရပ်ကွက်၊ ဈေးတန်း လမ်း၊ အမှတ်(၅၉)နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်တင်ရွှေ (၉၉)နှစ်

သူရဦးအောင်ကို(ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန) - ဒေါ်မြင့်မြင့်ရီ တို့၏မိခင် ဒေါ်တင်ရွှေ အသက်(၉၉)နှစ်သည် ၁၉-၃-၂၀၁၇ရက်နေ့တွင် ကွယ်လွန် သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ (အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဝဏ္ဏကျော်ထင်)**
**ဒေါက်တာခင်ရွှေ**
**(ဇေကမ္ဘာကုမ္ပဏီလီမိတက်)**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်ညွှန့်ရီ (ကျွန်းလှ)
### အသက် (၇၂)နှစ်

ဒေါ်ယုယုဝင်း လက်ထောက်ညွှန်ကြားရေးမှူး (ငွေစာရင်း)၊ ဆည်မြောင်းဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်၏ မိခင်ဒေါ်ညွှန့်ရီ (ကျွန်းလှ) အသက် (၇၂)နှစ်သည် ၂၂-၃-၂၀၁၇ ရက်နေ့ နံနက် ၃း၃၀ နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူအထူးဝမ်းနည်း ကြေကွဲရပါသည်။ **ညွှန်ကြားရေးမှူး(ငွေစာရင်း)နှင့် ငွေစာရင်းဝန်ထမ်းများ ဆည်မြောင်းဦးစီးဌာန**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဆရာမ ဒေါ်အမာကြည်(ကျောက်ပန်းတောင်းမြို့) (၇၄)နှစ်
**အ. ထ. က(၁)၊ သဃ်န်းကျွန်း၊ အထက(၁) တောင်ဥက္ကလာ(ငြိမ်း)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ဘောက်ထော်၊ ပြည်သာယာ၊ စွန်းလွန်းဂူကျောင်းလမ်း၊ လမ်းသွယ် (၂)၊ အမှတ် (၁၈-ဘီ)နေ (ဦးချစ်မောင်-ဒေါ်မမလေး)တို့၏သမီး၊ ဒေါ်အမာစိန်၏ ညီမ၊ ဒေါ်အမာရီ၊ ဒေါ်အမာနီ၊ ဒေါ်အမာစီ၊ ဒေါ်ခင်မာသီ၊ ဒေါက်တာမြတ်နုခိုင်၊ ဦးမြင့်ဇော်၊ ဦးတင့်ကျော်၊ ဦးဝင်းစိုး၊ ဦးဝင်းဖြိုးတို့၏အစ်မ၊ တူ/တူမ ၂၁ ယောက်တို့၏အဒေါ်သည် ၂၁-၃-၂၀၁၇(အင်္ဂါနေ့) နံနက် ၆း၁၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၃-၂၀၁၇ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**
### ဒေါ်တင်ရွှေ
### အသက်(၉၉)နှစ်

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို-ဒေါ်မြင့်မြင့်ရီ တို့၏ မိခင် ဒေါ်တင်ရွှေ အသက် (၉၉)နှစ်သည် ၁၉-၃-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၅း၃၀ နာရီတွင် ကျောက်ပန်းတောင်းမြို့၊ မြို့မရပ်ကွက်၊ ဈေးတန်းလမ်း၊ အမှတ်(၅၉) နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်မောင်မြင့်အေး-ဒေါက်တာစောယုနွယ်**
**ရောင်ပြန်မဂ္ဂဇင်း၊ ဘုန်းရောင်ဂျာနယ်**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်လှသိန်း
### အသက်(၈၀)

ဘုတ်ပြင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်၏မိခင် ဒေါ်လှသိန်း အသက်(၈၀)သည် ၂၁-၃-၂၀၁၇ရက်နေ့ ည ၈နာရီတွင် ကောလင်းမြို့၊ ပြင်ဦးလွင်ရပ်ကွက်၊ အမှတ်(၃)လမ်းနေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ထွေ/အုပ် အပတ်စဉ်(၁၅)သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်နွဲ့
### အသက် (၇၈)နှစ်

(ဗိုလ်မှူးရဲကျော်)၏မိခင်ဖြစ်သူ ဒေါ်ခင်နွဲ့ အသက် (၇၈)နှစ်သည် ၂၂-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၇) ကျောင်းဆင်းသူငယ်ချင်းများနှင့်**
**မိသားစုဝင်များ**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးမြင့်ရွှေ(ခ) Jimmy (၇၄)နှစ်
**(65 Intake RIT)**
**BE.(E.C)**

သူငယ်ချင်း ဦးမြင့်ရွှေ(ခ)Jimmy အသက်(၇၄)နှစ်သည် ၂၂-၃-၂၀၁၇ ရက်နေ့ နံနက် ၆ နာရီတွင် ကွယ်လွန်သွားသောကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရန်ကုန်စက်မှုတက္ကသိုလ်**
**၁၉၆၄ နှင့် ၁၉၆၅ ပထမနှစ်ကျောင်းသား**
**ကျောင်းသူဟောင်းသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ရယ်ဂျီနာမြ
### အသက်(၇၀)

ဦးဇော်မျိုး၊ ဒုတိယအမြဲတမ်းအတွင်းဝန်(ငြိမ်း)၏ မိခင်ဖြစ်သူ လှိုင်ကော်မြို့နေ ဒေါ်ရယ်ဂျီနာမြ အသက်(၇၀) သည် ၂၃-၃-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၁း၅၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၇)ကျောင်းဆင်းသူငယ်ချင်းများနှင့်**
**မိသားစုဝင်များ**

## အနိစ္စ

### ခရစ်တော်၌အိပ်ပျော်ခြင်း
### အဖီးနော်ဖလောရင့်(စ်)
### (Naw Florence)
### (ပုသိမ်မြို့)
### အသက်(၉၄)နှစ်

ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ ဦးကျော်ဒွန်းဇံ(၁)လမ်း၊ အမှတ်(၅)နေ (စောဖိုးကျား-ဖီးနော်ရွှေ)တို့၏သမီး၊ (ဆရာစောလင်ကွန်း)၏ ညီမ၊(စောစံဖေ)၊(စောယိုရှုး)၊ နော်အေးမေတို့၏အစ်မ၊ စောရောဂျာ-နော်လုဒီး၊ နော်ဆာအယ်-Rev:Dr.စောမူးရာပေါလ်၊ (စောဖလေးထို)-နော်ဂရီးထာ၊ နော်ခဲလေ-စောဂျီသိန်းမောင်၊ စောဖရန်းလေ-နန့်မေဝါပိုးတို့၏ မွေးသမိခင်၊ မြေး ၁၇ ယောက်၊ မြစ် ၁၃ ယောက်တို့၏အဘွား၊ (ဆရာစောတာမလာရင်)၏ ချစ်ဇနီး၊ အဖီးနော်ဖလောရင့်(စ်)သည် ၂၂-၃-၂၀၁၇ရက် ညနေ ၆း၃၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၄-၃-၂၀၁၇ (သောကြာနေ့) နံနက် ၉ နာရီတွင် ရန်ကုန်ကရင်နှစ်ခြင်းအသင်းတော် (သူဌေးကုန်း) ဘုရားကျောင်း၌ ဆုတောင်းဝတ်ပြုပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

### လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)
### ဒေါ်မိမိ(ခ)ဒေါ်ကျင်အေး
### အသက်(၈၀)
### (လပွတ္တာ)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ်(၃၂/၅၄)၊ စိန်ပန်းမြိုင်လမ်း၊ ပုလဲလမ်းသွယ်၊ (က)ရပ်ကွက်၊ သုဝဏ္ဏနေ သံအမတ်ကြီး၊ ဦးအောင်အောင်(ငြိမ်း)၏ဇနီး၊ ဦးအောင်မျိုး-ဒေါ်အိအိဝင်း၊ ဦးအောင်မိုး-ဒေါ်ဆွေဆွေဝင်း၊ ဦးအောင်လင်း-ဒေါ်ဥမ္မာအောင်၊ ဦးအောင်သူ-ဒေါ်သက်သက်အောင်၊ ဦးအောင်ဝင်းထွေး တို့၏ မိခင်သည် ၂၂-၃-၂၀၁၇(ဗုဒ္ဓဟူးနေ့) နံနက် ၅း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ၊ အသင်းသားများ သိစေရန်အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

### ဒေါ်ဖြူဖြူဝင်း
### အသက်(၅၂)နှစ်

မန္တလေးမြို့နေ (ဦးကျော်ဌေး)-ဒေါ်နုနုတို့၏ သမီး၊ အမှတ်(၈၅၇)၊ အောင်သစ္စာ(၃)လမ်း၊ (၂၉)ရပ်ကွက်၊ မြောက်ဒဂုံနေ ဦးထိပ်တင်မျိုး (EX:CE) ၏ ဇနီး၊ ဦးသန်းအေး-ဒေါ်မာလာ တို့၏ အစ်မ၊ မရွှေရည်သင်း၊ မအိမြတ်ပန်တို့၏ အဒေါ် ဒေါ်ဖြူဖြူဝင်းသည် ၂၂-၃-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ည ၇း၃၀ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၇ (သောကြာနေ့) တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အလ္လာဟ်သျှင်မြတ် အမိန့်ခံယူခြင်း
## ဟာဂျီမိုဟာမွဒ်ယူစွတ်ဖ်(ခ)ဟာဂျီဦးခင်မောင်မြင့်
**Royal City Hotel Mandalay**
**(Royal Guest House Mandalay)**
**(Royal Green Hotel Pyin Oo Lwin)**
### အသက် (၆၆)နှစ်

မန္တလေးမြို့၊ ၇၇လမ်း၊၂၇×၂၈လမ်းကြား၊ အမှတ်(၁၀၇၊B)နေ ဟာဂျီဦးခင်မောင်-[ဒေါ်တီ(ကသာ)]တို့၏သားကြီး၊ ဟာဂျီမ ဒေါ်မို့မို့ခင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ပြည့်ဖြိုးမောင်၊ မောင်သော်ဇင်ထွန်း၊ မောင်လင်းထက်အောင်တို့၏မွေး သဖခင်၊ ဦးခင်မောင်တင့်-ဒေါ်မြင့်ဝင်း၊ ဟာဂျီဦးခင်မောင်ဝင်း-(ဒေါ်မြင့်မြင့်)၊ ဦးခင်မောင်သင်း-ဟာဂျီမဒေါ်ခင်ခင်ညွှန့်(ဒေါ်တီနှင့်သားများဖိနပ်ဆိုင်)တို့၏အစ်ကိုကြီးသည် ၂၁-၃-၂၀၁၇(အင်္ဂါနေ့) နံနက် ၃း၁၃ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့တွင်ပင် အေးရိပ်ငြိမ်ကဘာရ်စတာန်၌ ဒါဖွာနာပြီးစီးပါကြောင်း အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဟုတ်စိန်(မြိတ်)
### အသက်(၉၇)နှစ်

မြိတ်မြို့၊ ထားဝယ်စုရပ်၊ အမှတ်(၃၁)၊ B လမ်းနေ (ဦးစိန်ရ-ဒေါ်ကြည်)တို့၏သား၊ (ဦးပေယာ-ဒေါ်အင်ကြည်)တို့၏သားသမက်၊ (ဒေါ်ကျင်ရှု)၏ခင်ပွန်း၊ မထိုက်ထိုက်ယု၊ မခိုင်ဇင်ယု၊ မောင်ဗိုလ်ဗိုလ်ဟိန်း၊ စိုင်းညီညီညို-မချစ်ချစ်ခိုင်၊ မောင်စိုးသီဟနိုင်-မခင်သန္တာပိုင်၊ မောင်မျိုးသူဟိန်း-မဟေမာဇင်၊ မောင်ညဏ်လင်းအောင်၊မောင်အာကာလင်း၊ မငြိမ်းကံ့ကော်တို့၏ဘိုးဘိုး၊ မဧပရယ်တန်ခူးမေ၊ မနိုဝင်ဘာရတု၊ မသံစဉ်သူတို့၏ဘိုးဘိုးကြီး ဦးဟုတ်စိန်သည် ၂၂-၃-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဦးဟုတ်စိန်(မြိတ်)
### အသက်(၉၇)နှစ်

မြိတ်မြို့၊ ထားဝယ်စုရပ်၊ အမှတ်(၃၁)၊ B လမ်းနှင့် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ အမှတ်(၆၂၊B) နေ (ဦးစိန်ရ-ဒေါ်ကြည်)တို့၏သား၊ (ဦးပေယာ-ဒေါ်အင်ကြည်)တို့၏သားသမက်၊ (ဒေါ်ကျင်ရှု)၏ခင်ပွန်း၊ (ဦးအောင်ကြိုင်-ဒေါ်စန်းရီ)၊ ရန်ကုန်မြို့နေ (ဦးထွန်းဦး)-ဒေါ်အင်ကြူတို့၏အစ်ကိုကြီး၊ ဒေါ်အင်မူ၊ ဦးယုရှိန်-ဒေါ်အိအိသော်၊ ဦးရှိန်ဘီး-ဒေါ်သန်းသန်းစီ၊ ဦးအင်ဘီး-ဒေါ်တင်တင်လတ်၊ ဦးသန်းဌေး-ဒေါ်မြင့်ရီ၊ ဒေါ်ခင်စန်းယု၊ ဒေါ်သင်းထွေးဝေ၊ ဒေါ်အေးအေးသွယ်၊ ဦးကျော်ခိုင်၊ ဦးမျိုးမင်း-ဒေါ်လေးယုခိုင်တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီး ဦးဟုတ်စိန်သည် ၂၂-၃-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးသောင်းလွင် (ဟိုပင်) (၇၅)နှစ်
**(အင်/ယာ-ငြိမ်း၊ ဆောက်လုပ်ရေး)**

ကချင်ပြည်နယ်၊ ဟိုပင်မြို့၊ ဘုရားကြီးတန်းနေ (ဦးချစ်ထွေး-ဒေါ်ရွှေ)တို့၏သားသမက်၊ ဟိုပင်နန့်ရင်းနေ (ဦးဘိုးသိုင်း-ဒေါ်လှထူး)တို့၏သား၊ ဒေါ်လင်းသီတာလွင်(ကထိက၊ ဥပဒေပညာဌာန၊ ရတနာပုံတက္ကသိုလ်)၊ ဒေါ်လင်းချိုမာလွင် (ရန်ကုန်)၊ ဒေါ်လင်းငယ်သစ်လွင်(ခေတ္တ S'pore)၊ ကိုသဲထွေးလွင် (EL Shipping) တို့၏မွေးသဖခင် ကျေးဇူးရှင်၊ ရန်ကုန်မြို့၊ အမှတ် ၆၉/၉၊ စမ်းချောင်းလမ်းနေ ဒေါ်တင်မြိုင် (ပညာရေး၊ ငြိမ်း)၏ ခင်ပွန်း၊ ဦးသောင်းလွင်သည် ၂၂-၃-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ည ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအသင်းများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ကျောင်း ဒါယကာကြီး**
## ဦးမြင့်ရွှေ(ခ) Jimmy (၇၄)နှစ်
**သင်္ဘောသား(ငြိမ်း)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၂၄၀)နေ (ဦးစံလင်း-ဒေါ်အုန်းကြိုင်)တို့၏ဒုတိယသား၊ ရန်ကုန်မြို့၊ လသာမြို့နယ်နေ (ဦးအောင်ညွှန့်)- ဒေါ်ရင်ရင်လှတို့၏သားသမက်၊ ဦးစိန်မြင့်-ဒေါက်တာဒေါ်မေကြည်တို့၏ညီ၊ ဦးလှဝင်း-ဒေါ်ခင်ဝင်းကြည်၊ ဦးလှသိန်း-ဒေါ်သန်းသန်းထွေး၊ ဦးဝင်းအောင်-ဒေါ်သင်းသင်းဆွေ၊ (ဦးအောင်နိုင်)၊ ဦးမျိုးလွင်-ဒေါ်သန်းသန်းမြင့်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ (၇)ရပ်ကွက်၊ မဟာဇေယျလမ်း၊ အမှတ်(၂၂/ခ)နေ ဒေါ်တင်တင်လင်း၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်စန်းဦးလှိုင်(ဆန်းသီတာ ယခင်ဗိုလ်ချုပ်ဈေး)-ဦးညီညီသိန်း၊ ဦးထွန်းတင့်ဇော်-ဒေါ်နွယ်နွယ်အောင်၊ ဦးထွန်းဝင်းဟန်၊ မနန္ဒာလင်းတို့၏ချစ်လှစွာသောဖခင်၊ မအိချောစု၏ အဘိုး ဦးမြင့်ရွှေသည် ၂၂-၃-၂၀၁၇ရက် နံနက်၇း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၇ရက် နံနက်၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း။ (နေအိမ်မှကားများ နံနက်၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### မြိတ်မြို့နယ်အသင်း(ရန်ကုန်)
### ဦးဟုတ်စိန်(မြိတ်)
### အသက်(၉၇)နှစ်

မြိတ်မြို့၊ ထားဝယ်စုရပ်၊ (ဘီ)လမ်း၊ အမှတ်(၃၁)နေ (ဒေါ်ကျင်ရှု)၏ခင်ပွန်း၊ ဦးယုရှိန်(မြိတ်အသင်းဘဏ္ဍာရေးမှူး)-ဒေါ်အိအိသော်၊ ဦးရှိန်ဘီး-ဒေါ်သန်းသန်းစီ(မြိတ်အသင်းအတွင်းရေးမှူး) တို့၏ဖခင် ဦးဟုတ်စိန်သည် ၂၂-၃-၂၀၁၇ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီ၌ ကလွင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

### ဦးတင်မောင်ဦး
**စာရင်းစစ်မှူး (ငြိမ်း)**
**B.Sc (Maths)**
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ဇ)မြောက်ရပ်ကွက်၊ ရွာလယ်လမ်း၊ အမှတ်(S/၄၄၇)နေ (ဦးကျော်စိန်-ဒေါ်ကြည်)တို့၏ သား၊ ဒေါ်တင်တင်ဝင်း၊ ဒေါ်ခင်ခင်ဝင်း တို့၏ မောင်၊ ဦးသန်းဝင်း၊ ဒေါ်လှလှဦး၊ ဦးစိန်လင်း တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ (၃)လမ်း၊ အခန်း(B-5/6)နေ ဒေါ်အုန်းကြွယ် ၏ ခင်ပွန်း၊ ဦးစည်သူကိုကိုဦး၊ ဦးလွင်သူကိုကိုဦး တို့၏ဖခင်သည် ၂၃-၃-၂၀၁၇ ရက် နံနက်၅နာရီတွင်ကွယ်လွန် သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၃-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ ဗဟန်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဦးမောင်မောင်
### အသက်(၆၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့၊ အမှတ်(၄၅၈/က)၊ (၃)ရပ်ကွက်၊ သရက်တောလမ်းနေ (ဦးအေးသောင်)-ဒေါ်ရင်မြ တို့၏ သားကြီး၊ ဦးလှကြည်-ဒေါ်နီနီဝင်း၊ ဦးကြည်မြင့်-ဒေါ်စန်းစန်းမြင့်၊ ဒေါ်အေးအေးတင့်၊ ဦးသက်လွင်-ဒေါ်စုစုမြင့်၊ ဦးသန့်ဇင်-ဒေါ်အေးအေးလေး၊ ဦးလှစိုး-ဒေါ်အေးအေးမော်တို့၏ အစ်ကိုကြီး၊ မောင်ဇော်မင်းထွန်း-မသွယ်သွယ်ဝေ၊ မောင်နေလင်းထွန်း၊ မောင်စိုင်းမင်းထွေး(ခ)သောင်းထွေးတို့၏ မွေးသဖခင်၊ မြေးလေးယောက်တို့၏ အဘိုး၊ (ဒေါ်ခင်စန်းဝေ)၏ ခင်ပွန်း ဦးမောင်မောင်သည် ၂၃-၃-၂၀၁၇ ရက် နံနက် ၈း၅၁ နာရီတွင် ရန်ကုန် ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်ကြပ်မတ်ဆောင်၌ ကွယ်လွန် သွားပါသဖြင့် ၂၅-၃-၂၀၁၇ ရက် မွန်းတည့် ၁၂ နာရီတွင် မှော်ဘီသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

### ဦးစိန်ဝင်း
### အသက်(၆၁)နှစ်
**(နေအလင်းကွန်ပျူတာ)**
**မြင်းကကုန်း**

ဘိုကလေးမြို့နယ်၊ မြင်းကကုန်း ဓမ္မပါလရပ်ကွက်နေ ဆရာကြီး ဦးမောင်မောင်-ဒေါ်ကြည်တို့၏သား၊ ဒေါ်ခင်အေး၏ခင်ပွန်း၊ မောင်သက်လွင်မောင်၊ မောင်ဖြိုးဝေအောင်၊ မောင်ညဏ်ဝင်းအောင်တို့၏ဖခင်ကြီး ဦးစိန်ဝင်းသည် ၂၃-၃-၂၀၁၇ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၁၇ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် မြင်းကကုန်းသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

# မောင်တောခရိုင်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှု ပြုလုပ်ရန် ထပ်မံကြံစည်မှု ဖော်ထုတ်တားဆီးနိုင်ခဲ့

**နေပြည်တော် မတ် ၂၃**

မောင်တောခရိုင်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုပြုလုပ်ရန် ထပ်မံကြံစည်မှုအား ဖော်ထုတ်တားဆီးနိုင်ခဲ့ကြောင်း သိရသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့**



ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်းကျေးရွာရှိ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်ဝင်းအတွင်း၌ မတ် ၂၃ ရက်တွင် ဖွင့်လှစ်လိုက်သည့် စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

# စပါးခွံလျှပ်စစ်ဓာတ်အားပေးစက်ရုံများကို ဆန်စက်ရှိရာဒေသများတွင် တည်ဆောက်နိုင်ပါက ကျေးလက်လျှပ်စစ်မီးရရှိလာနိုင်

## ဧရာဝတီ၊ ပဲခူး၊ စစ်ကိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင်လည်း စပါးခွံလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တိုးချဲ့ရေးစီစဉ်

သတင်း စာမျက်နှာ » ၉



မြန်မာ့လက်ရွေးစင်အသင်း မတ် ၂၃ ရက်က လေ့ကျင့်စဉ်။

# အာရှဖလားခြေစစ်ပွဲအတွက် မြန်မာအသင်း ပြန်လည်လေ့ကျင့်

**ရန်ကုန် မတ် ၂၃**

အာရှဖလားပြိုင်ပွဲတွင် တစ်ကျော့ပြန် ယှဉ်ပြိုင်ခွင့်ရရန် ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲအပြီး မတ် ၂၃ ရက် ညနေပိုင်းမှစ၍ ပြန်လည်လေ့ကျင့်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အိန္ဒိယအသင်းနှင့် အာရှဖလားခြေစစ်ပွဲအတွက် ပြင်ဆင်ချိန် ငါးရက်ရရှိမည်ဖြစ်သည်။ **စာမျက်နှာ ၈ ကော်လံ ၅ သို့**

# အာရှအမျိုးသား ဘော်လီဘောပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် မတ် ၂၃**

(၁၁) ကြိမ်မြောက် အာရှအမျိုးသားအသက်(၁၉)နှစ်အောက် ဘော်လီဘောပြိုင်ပွဲကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ၌ မတ် ၂၈ ရက်မှ စတင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် မြန်မာအပါအဝင် ဟောင်ကောင်၊ ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ အီရန်၊ တောင်ကိုရီးယား၊ ဂျပန်၊ သီရိလင်္ကာ၊ ထိုင်း၊ ဥဇဘတ်ကစ္စတန်၊ တရုတ်၊ တရုတ်(တိုင်ပေ)နှင့် ကာဂျစ်စတန်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲများကို မတ် ၂၈ ရက်မှ ဧပြီ ၅ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံတွင် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အားကစားဝါသနာရှင်များ အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သန်းဦး (လေးမျက်နှာ)**

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် မွန်ပြည်နယ်အစိုးရအဖွဲ့၏ တစ်နှစ်တာ ဆောင်ရွက်ချက်များ မတ် ၂၅ ရက် သတင်းစာတွင် ပါရှိမည်**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် မွန်ပြည်နယ်အစိုးရအဖွဲ့၏ တစ်နှစ်တာ ဆောင်ရွက်ချက်များ မတ် ၂၅ ရက် သတင်းစာတွင် ဖော်ပြပါရှိပါမည်။

(ကြေးမုံ)



# လယ်ယာကဏ္ဍ တစ်ခေတ်ဆန်းသစ်အောင် ဝိုင်းဝန်းဖော်ဆောင်မည်

ဇူလိုင်မိုး(မြန်မာ့အလင်း)

ကျေးလက်နေ ပြည်သူများနှင့် လယ်ယာစီးပွားရေးလုပ်ငန်းများအား ခေတ်မီဆန်းသစ်၍ ရေရှည်တည်တံ့သော ထုတ်လုပ်မှုနည်းပညာများ၊ ပြုပြင်ထုပ်ပိုးနည်းလမ်းများ၊ ထောက်ပံ့ပို့ဆောင်ရေးနည်းလမ်းများနှင့် ဈေးကွက်ဆိုင်ရာ နည်းဗျူဟာများကိုအသုံးပြု၍ ပြည်တွင်း၊ ပြည်ပဈေးကွက်ဝယ်လိုအားနှင့်အညီ ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့်ဝသည့် အမယ်စုံလင်သော စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ

**သင်ခန်းစာယူ**

စိုက်ပျိုးရေးကဏ္ဍသည် ပြည်သူများ စားဝတ်နေရေးအတွက် အားထားရသော လုပ်ငန်းကြီးတစ်ရပ်ဖြစ်သည်။ လက်ရှိအစိုးရသည် ယခင်ခေတ်အဆက်ဆက်၏ အားသာချက်၊ အားနည်းချက်များကို သင်ခန်းစာယူပြီး ပြည်သူများရေရှည်အကျိုးရှိမည့် စီမံကိန်း၊ စီမံချက်များကို အထူးအလေးပေးဆောင်ရွက်လျက်ရှိသည်။ အဆိုပါ စီမံချက်၊ စီမံကိန်းများသည် လတ်တလောတွင် မသိသာသေးသော်လည်း ရေရှည်တွင် အကျိုးပြုလာနိုင်လိမ့်မည်ဟု ယုံကြည်ရသည်။

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်လျက်ရှိပြီး အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်းပင်ဖြစ်သည်။ စိုက်ပျိုးရေးကို အခြေပြုသည့် မြန်မာနိုင်ငံတွင် မိုးခေါင်၊ ရေကြီးမှုများကြောင့် ကျေးလက်နေတောင်သူလယ်သမားများမှာ ထိခိုက်ဆုံးရှုံးမှုများနှင့် ကြုံတွေ့နေရသည်။ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ၏ ၃၀ ရာခိုင်နှုန်းခန့်ကို လယ်ယာကဏ္ဍမှ ရရှိသော်လည်း အကျိုးခံစားခွင့် အလွန်နည်းပါးလှုပြီး လူမှုစီးပွားဘဝသည် နိမ့်ကျလျက်ရှိကြောင်း သိရသည်။

တစ်နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် တစ်ခုအပါအဝင်ဖြစ်သည့် လယ်ယာကဏ္ဍ မူဝါဒအသစ်ရေးဆွဲခြင်းကိုလည်း ဝန်ကြီးဌာနက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရရှိခံစားနိုင်စေရေး**

မူဝါဒအသစ်တွင် စိုက်ပျိုး၊ မွေးမြူရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်လာစေခြင်း၊ လုပ်ကွက်ငယ်တောင်သူလယ်သမား၏ ဝင်ငွေတိုးတက်လာစေခြင်း၊ စားသုံးသူများ ဘေးအန္တရာယ်ကင်း၍ အာဟာရပြည့်ဝသော စားနပ်ရိက္ခာများ ထုတ်လုပ်နိုင်ခြင်း၊ နိုင်ငံတကာ ဈေးကွက်နှင့်ချိတ်ဆက်၍ လယ်ယာထုတ်ကုန်များကို ပြည်ပသို့ပိုမိုတင်ပို့နိုင်ခြင်း၊ ကျေးလက်ဒေသ လူမှုစီးပွားဘဝတိုးတက်လာခြင်း၊ ဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့ခြင်းစသော အကျိုးကျေးဇူးများ ရရှိခံစားနိုင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းမျှော်မှန်းချက်တွင် နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်မှုစနစ် ထွန်းကားကာ စားနပ်ရိက္ခာဖူလုံကြွယ်ဝ၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားသည်ထက် မြင့်မားပြီး နိုင်ငံ့စီးပွားတိုးပွားစည်ပင်လာရေးပင်ဖြစ်သည်။

အစိုးရသစ်လက်ထက်တွင် ပန်းတိုင်(၉)ရပ်ဖြင့် လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ ရည်မှန်းချက် ၁၁ ရပ်ထားရှိပြီး ပန်းတိုင်မပျောက်စေရန် ထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ကြောင်း၊ မူဝါဒ ၁၀ ရပ် ချမှတ်ထားရှိလျက် ရည်မှန်းချက်အောင်မြင်စေရန် ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေ( မူကြမ်း ) ရေးဆွဲခြင်းနှင့် ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ရေးဆွဲခြင်း၊ လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)များ စိစစ်နိုင်ရန် ဒုတိယအကြိမ်အဖြစ် ပြည်ထောင်စုရွှေ့နေချုပ်ရုံးသို့ ပေးပို့ခဲ့ပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)ကိုလည်း နိုင်ငံတော်သမ္မတရုံးသို့ တင်ပြဆောင်ရွက်ထားခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇)ကို ၃၁-၃-၂၀၁၆ ရက်နေ့အထိ တောင်သူပေါင်း ၅၃၉၄၁ ဦး၊ ဦးပိုင်ပေါင်း ၁၀၉၅၇၂ ခု၊ ဧရိယာ ၂၄၁၇၅၈ ဧကအတွက် ပုံစံ (၇) ထုတ်ပေးထားရှိခဲ့ပြီး စုစုပေါင်းလျာထားချက်၏ ၉၁ ဒသမ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

**ဒစ်ဂျစ်တယ်မြေပုံ**

မြေကြီး၊ မြေပုံမှန်ကန်ရေးအတွက် မြေတိုင်းတာခြင်း၊ ပိုမိုတိကျမှန်ကန်သည့် ဒစ်ဂျစ်တယ်မြေပုံများ တိုင်းတာထုတ်လုပ်နိုင်ရန် ခေတ်မီမြေတိုင်းကိရိယာများဝယ်ယူပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၇၂၂၉ ကွင်း တိုင်းတာဆောင်ရွက်နိုင်ခဲ့သည်။

ပြင်ဆင်ပြောင်းလဲသတ်မှတ်သည့် ကြေးတိုင် စိုက်သည့်လုပ်ငန်းကို အဓိကတာဝန်ယူထားသည့် အရာထမ်း၊ အမှုထမ်းများအား ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များကို ကျွမ်းကျင်ပိုင်နိုင်စွာ သိရှိနားလည်ပြီး ဆောင်ရွက်နိုင်ရန် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများဖွင့်လှစ်၍ သင်ကြားပို့ချပေးခဲ့သည်။

ဒေသအချို့ရှိ လယ်ယာစိုက်ခင်းများတွင် အကြောင်းအမျိုးမျိုးကြောင့် မြေဆီလွှာများ တစ်နေ့တခြား ဆုတ်လျော့လာလျက်ရှိသည်ကို တွေ့မြင်နေရသည်။ မြန်မာနိုင်ငံ

**အထူးကဏ္ဍ (ခ) သို့ »»**



လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအထောက်အကူပြု ရိတ်သိမ်းခြွေလှေ့စက်များကို တွေ့ရစဉ်။



သမားရိုးကျ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရောက်ရှိရေး ဆောင်ရွက်လျက်ရှိသည်။

**အထူးကဏ္ဍ (က) မှ »»**

အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် မြေဆီလွှာ ဆုံးရှုံးရခြင်း၏ အဓိကအကြောင်းရင်းမှာ ရေနှင့် ရေတိုက်စားမှုကြောင့် အများဆုံးဖြစ်နိုင်ကြောင်း ပညာရှင်များက မှတ်ချက်ပြုကြသည်။ တချို့ဒေသများတွင်လည်း သီးနှံများ စိုက်ပျိုးရန် ရေအခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည်။

**ဖြေရှင်းဆောင်ရွက်**

အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် စိုက်ပျိုးရေရရှိရေးအတွက် ဆည်ရေသောက်လုပ်ငန်း ၄၁၉၆ ခု ကို ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် စိုက်ပျိုးမြေဧရိယာဧက ၁၁ သိန်းခန့်၊ ယခုနှစ်မိုးစပါးဧက ၁၂ ဒသမ ၃၄ သိန်း၊ နွေစပါးစိုက်ဧက ၉ ဒသမ ၅ သိန်းခန့်နှင့် အခြားသီးနှံ ဧကလေးသိန်းခန့်ကိုလည်း ရေပေးဝေစိုက်ပျိုးနိုင်ရန် လျာထားစီမံဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ရင်ဆိုင်ခြင်းလုပ်ငန်းပေါင်း ၁၁၂၆ ခုကို စီမံဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် လယ်ယာမြေဧရိယာဧက ၂၆ သိန်းခန့်အပြင် မြို့ရွာအချို့ ရေကြီးနစ်မြုပ်မှု ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်နိုင်ခဲ့သည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ မုန်းချောင်း၊ မန်းချောင်း၊ ကြီးအုံကြီးဝရေလှောင်တမံများတွင် ၂၀၁၅ ခုနှစ်က ရေကြီး၍ထိခိုက်ပျက်စီးခဲ့သော ပင်မရေပိုလွှဲများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို စီမံနိုင်ခဲ့သဖြင့် လယ်ယာမြေဆီသို့ စိုက်ပျိုးရေပေးဝေနိုင်ခဲ့သည်။

**ဂျပန်နိုင်ငံ ODA ချေးငွေ**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြောက်နဝင်း၊ တောင်နဝင်း၊ ဝဲကြီး၊ တောင်ညိုဆည်ရေသောက်စနစ်များကို ဂျပန်နိုင်ငံ ODA ချေးငွေဖြင့် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ယခု ဆည်ရေသောက်ဧရိယာ ဧက ၉၇၁၆၀ ခန့်ကို စိုက်ပျိုးရေ ပြန်လည်ပေးဝေနိုင်ပြီဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အရာတော် (၂) နှင့် မြစ်ပေါက်မြစ်ရေတင်စီမံကိန်းများနှင့် တပ်ရွာမြစ်ရေတင်စီမံကိန်းလုပ်ငန်းကို ဒီဇယ်ဆီဖြင့် မြစ်ရေတင်ခြင်းစနစ်မှ လျှပ်စစ်မြစ်ရေတင်စနစ်သို့ အဆင့်မြှင့်တင်ခြင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ထီးတော်မိုးမြစ်ရေတင်စီမံကိန်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ နုံးပို့နှင့် ဆိပ်ဖြူအောက်ဆိပ် မြစ်ရေတင်စီမံကိန်း၊ မွန်ပြည်နယ်ရှိ ဓမ္မသမြစ်ရေတင်စီမံကိန်း စသည်တို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

**ရွှေ့ပြေးစီမံကိန်း**

တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၁ ခုတွင် စိုက်ပျိုးရေစက်ရေတွင်း ၁၀၆၉ တွင်းနှင့် သောက်သုံးရေ စက်ရေတွင်း ၁၃၉ တွင်းတို့အား တူးဖော်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၊ အနောက် ပုလင်းကျေးရွာတွင် 8"Ø စိုက်ပျိုးရေ စက်ရေတွင်းမှအစက်ချရေပေးစနစ် (Drip Irrigation System) အသုံးပြု၍ စိုက်ပျိုးရေပေးဝေခြင်းလုပ်ငန်းကို ရွှေ့ပြေးစီမံကိန်းအဖြစ် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ရာသီဥတုပြောင်းလဲမှုများကြောင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် သီးနှံများ ပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့ရလျက်ရှိသည်ကို တွေ့မြင်နေရသည်။ ထိုနေရာများကို တောင်သူများအတွက် သီးနှံများအထွက်တိုးလာစေရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်များကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ လျာထားဧက စိုက်ပျိုးဧက ၁၅ ဒသမ ၂၄ သန်း၊ ရိတ်သိမ်းပြီး ဧက ၁၅ သန်းကျော်၊ အထွက်နှုန်းတစ်ဧက ၇၃ ဒသမ ၃၂ တင်းနှင့် စုစုပေါင်း အထွက်တင်းပေါင်း ၁၀၉၉ သန်းကျော် ထွက်ရှိခဲ့သည်။ နွေစပါးစိုက်ပျိုးဧက ၁ ဒသမ ၈၉ သန်း၊ ရိတ်သိမ်းပြီး ဧက ၂၆၃၆၉ ဧက၊ အထွက်နှုန်းတစ်ဧက ၇၄ ဒသမ ၉၀ တင်း နှင့် စုစုပေါင်း အထွက်တင်းသန်းပေါင်း ၁ ဒသမ ၉၆ သန်းကျော် ထွက်ရှိခဲ့သည်။

**ရှာဖွေတွေ့ရှိ**

သုတေသနပြုချက်များအရ စပါးသီးနှံမျိုးသစ်နှစ်မျိုး (ရေမြုပ်ခံ-၃နှင့် ရက်-၉၀)၊ ဂျုံသီးနှံမျိုးသစ်တစ်မျိုး (ရေဆင်းဂျုံ-၁၁)နှင့် မတ်ပဲသီးနှံမျိုးသစ်တစ်မျိုး(ရေဆင်းမတ်ပဲ-၇) တို့ကို ရှာဖွေတွေ့ရှိခဲ့၍ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသို့ တင်ပြထားပြီးဖြစ်ကြောင်း သိရသည်။

မျိုးစေ့ထုတ်လုပ်သူများအသင်းအဖွဲ့များကို မြို့နယ် ၂၀၆ မြို့နယ်မှ တောင်သူ ၃၁၈ ဦးဖြင့် မျိုးစေ့ထုတ်လုပ်မှုဧက ၁၀၅၆၁ ဧက ဆောင်ရွက်နိုင်ခဲ့ပြီး ချင်းပြည်နယ် ဖလမ်းမြို့နယ်၌ စိုက်ပျိုးရေးသိပ္ပံ(လုံပီး)ကို ဖွင့်လှစ်နိုင်ခဲ့ကာ ကျောင်းသား ကျောင်းသူ ၁၇၆ ဦးကို လက်ခံသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ရွှေဘိုပေါ်ဆန်းဒေသန္တရမူပိုင်ခွင့် (Geographical Indication-GI)အတွက် ဆွေးနွေးပွဲ သုံးကြိမ်၊ မူပိုင်ကာကွယ်ခွင့်ဆောင်ရွက်ရေးအတွက် ကော်မတီတစ်ရပ်ဖွဲ့စည်းခဲ့သည်။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စီမံကိန်း ၁၉ ခုဖြင့် သုတေသန

**အထူးကဏ္ဍ (ဂ) သို့ »»**



လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို စိုက်ပျိုးရေးဆိုင်ရာနည်းစနစ်ကောင်းများ (GAP)နည်းစနစ်များဖြင့် စိုက်ပျိုးလာကြသည်။

**စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အရာတော် (၂) နှင့် မြစ်ပေါက်မြစ်ရေတင်စီမံကိန်းများနှင့် တပ်ရွာမြစ်ရေတင်စီမံကိန်းလုပ်ငန်းကို ဒီဇယ်ဆီဖြင့် မြစ်ရေတင်ခြင်းစနစ်မှ လျှပ်စစ်မြစ်ရေတင်စနစ်သို့ အဆင့်မြှင့်တင်ခြင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ထီးတော်မိုးမြစ်ရေတင်စီမံကိန်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ နုံးပို့နှင့် ဆိပ်ဖြူအောက်ဆိပ်မြစ်ရေတင်စီမံကိန်း၊ မွန်ပြည်နယ်ရှိ ဓမ္မသမြစ်ရေတင်စီမံကိန်း စသည်တို့ကို ဆောင်ရွက်နိုင်ခဲ့**

အထူးကဏ္ဍ (ခ) မှ »»

လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ စပါးသီးနှံ ၃၃၄ ဒသမ ၂၂ ဧက၊ ပြောင်းနှင့် အခြားနှံစားသီးနှံ ၇၉ ဒသမ ၈၁ ဧက၊ ဆီထွက်သီးနှံ ၂၃၆ ဒသမ ၁၁ ဧကနှင့် ပဲမျိုးစုံသီးနှံ ၂၅၆ ဒသမ ၆၄ ဧက အသီးသီးစိုက်ပျိုးဆောင်ရွက်နိုင်ခဲ့သည်။

ပြည်တွင်း၊ ပြည်ပတက္ကသိုလ်များ၌ Ph.D ၁၆ ဦး၊ M.Agr.Sc ၃၀၊ B.Agr.Sc ၂၀၊ PGD ၁၄ ဦး၊ အငယ်တန်းသုတေသနပညာရှင် ၄၉ ဦးကို တိုးမြှင့်ခန့်ထားနိုင်ခဲ့ကြောင်း၊ ပြည်ပအလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းများစေလွှတ်ပြီး ပြည်တွင်း၌ အလုပ်ရုံဆွေးနွေးပွဲ ၁၆ ခု ပြုလုပ်ကာ ဝန်ထမ်း၊ တောင်သူနှင့် ကုမ္ပဏီဝန်ထမ်းဦးရေ ၄၂၇ ဦးအား မျိုးစေ့ထုတ်လုပ်ခြင်းသင်တန်းများ ဖွင့်လှစ်၍ပို့ချနိုင်ခဲ့သည်။

**မသန့်ရှင်းသည့် အစားအသောက်များ**

ပြည်သူအများစုသည် မသန့်ရှင်းသည့် အစားအသောက်များ စားသုံးခြင်းကြောင့် ရောဂါအမျိုးမျိုးရနေကြသည်။ စိုက်ပျိုးမည့် အခြေအနေမှ ရောင်းချသည်အထိ ပါဝင်သည့် ကွင်းဆက်အသီးသီးတွင် စနစ်တကျစီမံခန့်ခွဲဆောင်ရွက်သွားမှသာ အန္တရာယ်ကင်းသည့်၊ အာမခံချက်ပေးနိုင်သည့်သီးနှံများကို စားသုံးသူများ စားသုံးရမည်ဖြစ်သည်။

တောင်သူများအတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်ကောင်းများ(GAP)ကို ကျေးရွာများအရောက် သင်တန်းများပေးကာ ပညာပေး ဟောပြောဆွေးနွေးပြီး လက်လှမ်းမီသလောက် လက်ကမ်းစာစောင်များ ဖြန့်ဝေပေး၍ ပညာပေးအစီအစဉ်များ အလေးပေး ဆောင်ရွက်ပေးလျက်ရှိသည်။

GAP နည်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သီးနှံအမျိုးအစားပေါင်း ၃၀ ကို GAP နည်းစနစ်များနှင့်အညီ စိုက်ပျိုးထားရှိခြင်း၊ တောင်သူလယ်သမားများအား ပြန်လည်ပညာပေး ပြန့်ပွားနိုင်ရန်အတွက် လေ့ကျင့်သင်ကြားပေးခြင်း၊ တောင်သူများကိုယ်တိုင်လာရောက်လေ့လာနိုင်အောင် စီစဉ်ပေးခြင်း စသည့်ပညာပေးမှုအစီအစဉ်တို့ကို အစိုးရသစ်တစ်နှစ်တာအတွင်း ဆောင်ရွက်နိုင်ခဲ့သည်။

**GAP အသိအမှတ်ပြုလက်မှတ်**

သရက်သီးနှံအပြင် အခြားသီးနှံ ၁၄ မျိုးကိုလည်း GAP အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။



စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ခေတ်မီဓာတ်ခွဲခန်းများအသုံးပြု၍ ဆောင်ရွက်လျက်ရှိသည်။

တိုင်းဒေသကြီး/ပြည်နယ် ကိုးခုရှိ ကျေးရွာ ၁၀၀ ကို ရွှေ့ပြောင်းစံပြကျေးရွာများအဖြစ်ရွေးချယ်ကာ ကိုရီးယားနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအတိုင်း မြန်မာဆယ်မားအူးလ်အွန်ဒုန် ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကို KOICA ၏ အထောက်အပံ့ငွေ အမေရိကန်ဒေါ်လာ ၂၂ သန်းဖြင့် ငါးနှစ် ဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်နိုင်ငံလုံးရှိ တောင်သူလယ်သမားများ သီးနှံစိုက်ပျိုးရေးပြဿနာများနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်ဖြေကြားပေးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန ရုံးအမှတ် (၄၃) ၌ Call Center ကို ၁-၃-၂၀၁၇ ရက်နေ့တွင် စတင်ဖွင့်လှစ်နိုင်ခဲ့၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အပံ့ဖြစ်စေသည်။

- **တောင်သူများအတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်ကောင်းများ(GAP)ကို ကျေးရွာများအရောက် သင်တန်းများပေးကာ ပညာပေးဟောပြောဆွေးနွေးပြီး လက်လှမ်းမီသလောက် လက်ကမ်းစာစောင်များဖြန့်ဝေပေး၍ ပညာပေးအစီအစဉ်များ အလေးပေးဆောင်ရွက်ပေးလျက်ရှိ**
- **GAP နည်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သီးနှံအမျိုးအစားပေါင်း ၃၀ ကို GAP နည်းစနစ်များနှင့်အညီ စိုက်ပျိုးထားရှိခြင်း၊ တောင်သူလယ်သမားများအား ပြန်လည်ပညာပေးပြန့်ပွားနိုင်ရန်အတွက် လေ့ကျင့်သင်ကြားပေးခြင်း၊ တောင်သူများကိုယ်တိုင်လာရောက်လေ့လာနိုင်အောင် စီစဉ်ပေးခြင်း စသည့် ပညာပေးမှုအစီအစဉ်တို့ကို အစိုးရသစ်တစ်နှစ်တာအတွင်း ဆောင်ရွက်နိုင်ခဲ့**



စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် တောင်သူများအား အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

**စိတ်ကြိုက်ရွေးချယ် ဝယ်ယူခွင့်**

လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းနိုင်စေရန် နည်းဗျူဟာများ ချမှတ်ဆောင်ရွက်နေပြီဖြစ်သည်။ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရောက်ရှိရန်အတွက် ဘဏ်ချေးငွေစနစ်တစ်ခုဖြင့် အရင်းအနှီး အများအပြားစိုက်ထုတ်ရန်မလိုဘဲ စက်တန်ဖိုး ၁၀ ရာခိုင်နှုန်းပေးသွင်းနိုင်ရုံမျှဖြင့် ခေတ်မီလယ်ယာသုံး စက်ကိရိယာများကို စိတ်ကြိုက်ရွေးချယ်ဝယ်ယူခွင့်ရရှိမည့် အထူးဆောင်ရွက်မှုတစ်ခုကိုလည်း ကျင့်သုံးလျက်ရှိသည်။ ဝယ်ယူသူတောင်သူက ခြောက်လတစ်ကြိမ် စက်တန်ဖိုး၏ ၁၅ ရာခိုင်နှုန်းစီကို ခြောက်ကြိမ်ခွဲပေးဆပ်ရမည်ဖြစ်ရာ သုံးနှစ်ကာလအတွင်း ခုနစ်ရစ်ခွဲ၍ အကြေပေးဆပ်သည့်စနစ်ဖြစ်သည်။

လယ်ယာလုပ်ငန်းအတွက် လုပ်သားရှားပါးမှုကို ကုစားနိုင်ပြီး လယ်ယာသုံးစက်ပစ္စည်းများ တောင်သူတို့လက်ဝယ်ပိုင်ဆိုင်နိုင်ခြင်းပင်ဖြစ်သည်။ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ထွန်စက်ကြီး ၁၈၂ စီးကို စတင်ထုတ်ပေးနိုင်ခဲ့ရာ စက်မှုလယ်ယာဦးစီးဌာနမှ ကြားပေါင်းလိုက်စက်များကို မြန်မာ့လယ်ယာမြေသဘာဝနှင့်အညီ တောင်သူလယ်သမားများ တွင်တွင်ကျယ်ကျယ် သုံးစွဲနိုင်အောင် ထုတ်လုပ်တပ်ဆင်ပေးလျက်ရှိသည်။

ကလေးဒေသရှိ ရေဘေးသင့်လယ်မြေများကို ဌာနရှိထွန်စက်အဖွဲ့များဖြင့် ဧက ၁၀၂၀၀ ကျော် ကန်သင်းဖော်ခြင်းနှင့် ဧက ၃၈၀၀ မြေညှိပြုပြင်ခြင်းပြီးစီးအောင် ပြန်လည်ဖော်ထုတ်ပေးခဲ့သည်။

ကလေးမြို့နယ်ရှိ ကျေးရွာ ခုနစ်ရွာတွင် ရွှံ့ညွန်ဖုံးလွှမ်းခံရသည့် လယ်မြေ ၄၀၄၂ ဧကအပြင် ၂၀၁၆ ခုနှစ်တွင် လယ်မြေ ၃၈၅၅ ဧကကို ဖော်ထုတ်ပေးနိုင်ခဲ့သည်။ ယခုနှစ်ဦးပိုင်းတွင် ဆောင်းသီးနှံ၊ နေကြာ၊ မြေပဲနှင့် အခြားသီးနှံမျိုးစုံ ၂၈၁၇ ဧကကို အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့သဖြင့် ဒေသခံတောင်သူများ လယ်ယာလုပ်ကိုင်နိုင်ရန် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**စက်အငှားစနစ်**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ထွန်ယက်ရေးလုပ်ငန်း၌ ဧက ၈၈၅၀၀၀၊ ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းတွင် ဧက ၄၂၀၀၀၊

အထူးကဏ္ဍ (ဃ) သို့ »»

## တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း၊ မြေသားရေကန်၊ စိမ့်စမ်းရေသွယ်ခြင်းနှင့် အခြားရေရရှိရေးလုပ်ငန်းစသည့် ရေရရှိရေးလုပ်ငန်း ၂၁၂၉ ခုကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ကျေးရွာပေါင်း ၂၇၀၇ ရွာအတွက် အိမ်ခြေ ၁၄၁၄၆၅ အိမ် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှုတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၂၁၀၇ ရွာ၌ တိုးချဲ့ဆောင်ရွက်ခဲ့


ကျေးလက်ရေရရှိရေးလုပ်ငန်းများအဖြစ် အဝီစိတွင်းများကိုလည်း တူးဖော်ပေးလျက်ရှိသည်။

အထူးကဏ္ဍ (၈) မှ »»
ကောက်စိုက်စက်လုပ်ငန်းတွင် ဧက ၇၀၀၀ စုစုပေါင်း ဧက ၉၃၄၀၀၀ ကို စက်အငှားစနစ်ဖြင့် စက်မှုလယ်ယာဦးစီးဌာနမှ လျာထားဆောင်ရွက်ပေးလျက်ရှိသည်။

ကောင်းမွန်သောမွေးမြူနည်းကျင့်စဉ် (Good Animal Husbandry Practices -GAHP) များကို အပြည်ပြည်ဆိုင်ရာနှင့် အာဆီယံနိုင်ငံများ၏ ကျင့်စဉ်များအပေါ် မူတည်၍ ရေးဆွဲနိုင်ခဲ့ပြီး ကျောက်ဆည်ခရိုင်မှ လေးမြို့နယ်၊ မိတ္ထီလာခရိုင်မှ သုံးမြို့နယ်နှင့် မြင်းခြံခရိုင်မှ တစ်မြို့နယ် စုစုပေါင်းမြို့နယ် ရှစ်မြို့နယ်ကိုရွေးချယ်ပြီး ရှေ့ပြေးကောင်ရေစာရင်းများကောက်ယူရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။

ရေချိုရေငန် သယံဇာတထိန်းသိမ်းရေးဆောင်ရွက်မှုတွင် SEAFDEC၊ FFI နှင့် FAO စသည့် အဖွဲ့အစည်းတို့နှင့်ပူးပေါင်း၍ ထိန်းသိမ်းလျက်ရှိပြီး ဧရာဝတီလင်းပိုင် ၆၉ ကောင် တွေ့ရှိမှတ်တမ်းတင်အတည်ပြုနိုင်ခဲ့ကာ သမီးလှကျွန်းအတွက် ပင်လယ်လိပ်မျိုးထိန်းသိမ်းခြင်းဆိုင်ရာ အသိအမှတ်ပြု Site Network Certificate ရရှိခဲ့သည်။

တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း၊ မြေသားရေကန်၊ စိမ့်စမ်းရေသွယ်ခြင်းနှင့် အခြားရေရရှိရေးလုပ်ငန်းစသည့် ရေရရှိရေးလုပ်ငန်း ၂၁၂၉ ခုကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ကျေးရွာပေါင်း ၂၇၀၇ ရွာအတွက် အိမ်ခြေ ၁၄၁၄၆၅ အိမ်လျာထား ဆောင်ရွက်လျက်ရှိကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှုတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၂၁၀၇ ရွာ၌ တိုးချဲ့ဆောင်ရွက်ခဲ့ကြောင်း၊ တစ်နိုင်ငံလုံးကျေးရွာပေါင်း ၈၇၁၅၆ ရွာကို အကျိုးပြုလျက်ရှိပြီး နိုင်ငံအလိုက် လွှမ်းခြုံမှုမှာ ၁၂ ဒသမ ၂၈ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ထောက်ပံ့ခွင့်ပြုငွေကျပ်သန်း ၂၁၅၃၄၀၊ အတိုးရရှိငွေကျပ်သန်း ၃၃၉၁၀ ကျော်၊ အကျိုးပြုလူဦးရေ ၅၈၂၀၀၀ ကျော်ဖြစ်ကြောင်း သိရသည်။

### လူထုဗဟိုပြု စီမံကိန်း

ကမ္ဘာ့ဘဏ်အထောက်အပံ့နှင့် ချေးငွေအကူအညီ အမေရိကန်ဒေါ်လာသန်း ၄၈၀ ဖြင့် မြို့နယ် ၆၃ မြို့နယ် လျာထားခဲ့ရာ ယခင်ကာလ ၂၇ မြို့နယ်၊ ယခုအစိုးရသစ်ကာလ မြို့နယ်၂၀ စုစုပေါင်း ၄၇ မြို့နယ်တို့တွင် လူထုဗဟိုပြုစီမံကိန်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သမဝါယမအသင်းသစ် ၃၃၅ သင်း တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီး သမဝါယမအသင်း ၁၁၇ သင်းရှိ သမဝါယမအသင်းသား ၁၀၆၀ ၏ လယ်ယာမြေဧက စုစုပေါင်း ၅၃၄၅ ဧကကို အကောင်အထည်ဖော်ခဲ့ပြီးဖြစ်သည်။

ဝန်ဆောင်မှုသမဝါယမအသင်း ၂၀၊ ဝန်ဆောင်မှုလုပ်ငန်းခွဲ ၂၉ ခု၊ ရိတ်သိမ်းခြွေလှေ့စက် (Combine Harvester) ၂၁ စီးနှင့် ထွန်စက်ကြီး ၁၀၇ စီး စသည့် လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း အစိုးရသစ်လက်ထက်တစ်နှစ်တာအတွင်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းများ မှတ်ပုံတင်ခြင်းတွင် မှတ်ပုံတင်ခြင်း ၁၈၁၆ ခု၊ ခါတ်ခွဲစမ်းသပ်ခြင်းလုပ်ငန်းများ ၁၅၈၆ ကြိမ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။ တောင်သူများထံသို့ လယ်တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀နှုန်း၊ ယာတစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀နှုန်းဖြင့် ထုတ်ချေးပေးသည်။

### အများအကျိုးမျှော်ကိုး

လက်ရှိပြဋ္ဌာန်းထားသော ဥပဒေ ၂၅ ခု ရှိပြီး ၁၆ ခုကို ပြင်ဆင်ရေးဆွဲဆောင်ရွက်လျက်ရှိသည်။ ဥပဒေတစ်ခုရေးဆွဲရာတွင် အချိန်ယူရေးဆွဲရပြီး အများအကျိုးမျှော်ကိုးကာ ဘက်ပေါင်းစုံ၊ ထောင့်ပေါင်းစုံမှစိစစ်ပြီး ရေးဆွဲရသည်။

ရေးဆွဲပြီးဥပဒေများကိုလည်း တိတိကျကျ သိရှိလိုက်နာဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။ ပြဋ္ဌာန်းထားသောဥပဒေများကို အတိအကျ လိုက်နာဆောင်ရွက်နိုင်ရန်၊ awareness ရှိရန်၊ လက်ရှိဥပဒေများကို အသိပညာပေးရန်အတွက်လည်း ဝန်ကြီးဌာနမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းပြည်ပ စားနပ်ရိက္ခာဖူလုံကြွယ်ဝစေရေးအတွက် တောင်သူဦးကြီးများ၏ လိုအပ်ချက်ကို မျက်ခြည်မပြတ်စောင့်ကြည့်ပြီး နည်းပညာအား၊ စက်မှုအား၊ ဉာဏအား၊ ငွေအားတို့ဖြင့် ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိရာ တောင်သူဦးကြီးတို့ကလည်း ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် လာမည့်အနာဂတ်တွင် လယ်ယာကဏ္ဍ တစ်ခေတ်ဆန်းသစ်လာတော့မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။


ကျေးရွာများဖွံ့ဖြိုးရေးအတွက် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ခေတ်မီမြေတိုင်းကိရိယာ RTK GPS ဖြင့် မြေတိုင်းတာနေသည်ကို တွေ့ရစဉ်။



# ပဲခူးမြစ်ဝှမ်းဒေသနှင့် စစ်တောင်းမြစ်ဝှမ်းဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တစ်နှစ်တာ

မောင်မောင်မြတ်သူ



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း။

**ပဲခူးတိုင်းဒေသကြီးအတွင်း တည်ဆောက်နေသည့် ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်သည် နိုင်ငံတော် စီမံကိန်းတစ်ခုဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးအတွက်သာမက တစ်နိုင်ငံလုံးအတွက် အကျိုးရှိစေမည့်စီမံကိန်းကြီး ဖြစ်သည်။ လက်ရှိလေယာဉ်ကွင်းပတ်လမ်းထိုးခြင်း လုပ်ငန်းမှာ ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အပြီးသတ်စာချုပ်ချုပ်ဆိုခြင်းနှင့် လေဆိပ်အဆောက်အအုံ များကို စတင်ဆောက်လုပ်မည်ဖြစ်**

ပဲခူးတိုင်းဒေသကြီးအတွင်း တည်ဆောက်နေသည့် ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်သည် နိုင်ငံတော်စီမံကိန်းတစ်ခုဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးအတွက်သာမက တစ်နိုင်ငံလုံးအတွက် အကျိုးရှိစေမည့် စီမံကိန်းကြီးဖြစ်သည်။

လက်ရှိလေယာဉ်ကွင်းပတ်လမ်းထိုးခြင်း လုပ်ငန်းမှာ ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် ဆောက်လုပ်ရေး လုပ်ငန်းများအတွက် အပြီးသတ်စာချုပ်ချုပ်ဆိုခြင်းနှင့် လေဆိပ်အဆောက်အအုံများကိုစတင် ဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

**အလုပ်အကိုင်အခွင့်အလမ်း**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက "ဒေသအတွင်း အလုပ်အကိုင် အခွင့်အလမ်း တိုးပွားနိုင်ဖို့ ခရိုင်မြို့ကြီးဖြစ်တဲ့ ပဲခူးနဲ့ ပြည်ခရိုင်တို့အတွင်းမှာရှိတဲ့ စက်မှုဇုန်တွေမှာ ပြည်တွင်းနဲ့ နိုင်ငံတကာလုပ်ငန်းရှင်တွေအနေနဲ့ ရင်းနှီးမြှုပ်နှံရေးလုပ်ငန်းတွေ လည်ပတ်နိုင်ဖို့ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်းကို ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ပူးပေါင်းပြီး စနစ်တကျစီမံခန့်ခွဲလျက်ရှိပါတယ်။ အဲဒီလေဆိပ်ကြီးပြီးစီးသွားရင် ပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိလာမှာဖြစ်ပါတယ်"ဟု ပြောသည်။

ပဲခူးတိုင်းဒေသကြီးတွင် လူမှုစီးပွားရေး နယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှချမှတ်ထားသော စီးပွားရေးမူဝါဒများနှင့်အညီ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်အတွက် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍနှင့် စက်မှုကဏ္ဍတို့ ဘက်ညီမျှတစွာတိုးတက်လာစေရေး၊ လျှပ်စစ်ဓာတ်အားနှင့် လမ်းများ စသည့် အခြေခံစီးပွားရေး အဆောက်အအုံများ လျင်မြန်စွာတိုးတက်လာစေရန် ဦးစားပေးဆောင်ရွက်ရေး၊ စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ သဘာဝပတ်ဝန်းကျင်များကို ရေရှည်ထိန်းသိမ်းနိုင်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

တိုင်းဒေသကြီးအတွင်း ကမ္ဘာ့ဘဏ်၊ UNDP၊ UKAID တို့နှင့်ပူးပေါင်းပြီး ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ပြည်သူနှင့် အစိုးရအကြား ဆက်သွယ်ပေါင်းကူးနိုင်သည့် စနစ်များ၊ ဘဏ္ဍာငွေသုံးစွဲနိုင်မှုစနစ်များကို နိုင်ငံတကာစံချိန်မီဖြစ်စေရေး စတင်ဆောင်ရွက်နေပြီဖြစ်သည်။

**ပိုလျှံငွေ ကျပ် ၃၃၁၃၉ သန်း**

လုပ်ကွက်ငယ်တောင်သူများအား နိုင်ငံတကာအဖွဲ့အစည်းများမှ စိုက်ပျိုးရေးစနစ် ဘဏ္ဍာငွေနှင့် ဈေးကွက်ခိုင်မာရေးကိစ္စများ ဆက်သွယ်ဆောင်ရွက်နေပြီဖြစ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးအနေဖြင့် အသုံးစရိတ်များကို

အထူးကဏ္ဍ (စ) သို့ »»



ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် ပုံစံငယ်ကို တွေ့ရစဉ်။



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်စဉ်။

**အုပ်ချုပ်ရေးမဏ္ဍိုင်၏ ပြုပြင်ပြောင်းလဲရေးအတွက် အခြေခံကျသော ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအား စွမ်းဆောင်ရည်မြှင့်သင်တန်းများကို မြို့နယ်အသီးသီးတွင် ပို့ချနိုင်ခဲ့သည်။ ဒီမိုကရေစီနှင့်ပတ်သက်သော အလေ့အကျင့်များလိုက်နာကျင့်သုံးရန် ဒေသဖွံ့ဖြိုးရေးခရီးစဉ်များတွင်လည်းကောင်း၊ ဌာနဆိုင်ရာ အစည်းအဝေးများတွင်လည်းကောင်း ဆွေးနွေးပြောကြားနိုင်ခဲ့**

**အထူးကဏ္ဍ (င) မှ »»**

စနစ်တကျစိစစ်ဆောင်ရွက်နိုင်ခဲ့သောကြောင့် ပိုလျှံငွေ ကျပ် ၃၃၁၃၉ သန်းကို လုပ်ငန်း ၉၀ အတွက် ပိုမိုဆောင်ရွက်ပေးနိုင်ခဲ့သည်။

"လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲဖို့အတွက် လူထုဗဟိုပြုလေ့လာရေးဌာနတွေ တစ်မြို့နယ်တစ်ခုစီနဲ့ စုစုပေါင်း ၂၈ ခု ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ တောင်သူလယ်သမားတွေ မျိုးလိုအပ်ချက်ကို ဖြေရှင်းပေးနိုင်မယ့် မျိုးစေ့ထုတ် စိုက်ကွက်တွေကို တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနကတစ်ဆင့် ဖော်ထုတ်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ စက်မှုလယ်ယာဦးစီးဌာနကနေ အဆင့်မြင့်လယ်ယာဧက ၃၅၀ ကို ရာသီအချိန်မီ စိုက်ပျိုးနိုင်ရေး ဖော်ထုတ်ပေးနိုင်ခဲ့ပါတယ်။ နိုင်ငံတော်အတွက် ထိရောက်မှုမရှိတဲ့ လျှပ်စစ်မြစ်ရေတင် စီမံကိန်း ၃၈ ခုကိုလည်း ဖျက်သိမ်းနိုင်ခဲ့ပါတယ်"ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ပြောသည်။

**လိုက်နာကျင့်သုံး**

အုပ်ချုပ်ရေးမဏ္ဍိုင်၏ ပြုပြင်ပြောင်းလဲရေးအတွက် အခြေခံကျသော ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအား စွမ်းဆောင်ရည်မြှင့်သင်တန်းများကို မြို့နယ်အသီးသီးတွင် ပို့ချနိုင်ခဲ့သည်။ ဒီမိုကရေစီနှင့်ပတ်သက်သော အလေ့အကျင့်များလိုက်နာကျင့်သုံးရန် ဒေသဖွံ့ဖြိုးရေးခရီးစဉ်များတွင်လည်းကောင်း၊ ဌာနဆိုင်ရာအစည်းအဝေးများတွင်လည်းကောင်း ဆွေးနွေးပြောကြားနိုင်ခဲ့သည်။

တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍ ၂၀၁၆ ခုနှစ် ဇွန် ၂၃ ရက်က ဝေါမြို့နယ် သရဲသမိန်ကျေးရွာတွင် ဖြစ်ပေါ်ခဲ့သော ဘာသာရေးပဋိပက္ခကို တိုင်းဒေသကြီးအစိုးရအဖွဲ့က စနစ်တကျဖြေရှင်းပေးနိုင်ခဲ့သည်။

၂၀၁၆ ခုနှစ် ပဲခူးတိုင်းဒေသကြီးအတွင်း ဆေးခြောက်၊ စိတ်ကြွရူးသွပ်ဆေးပြား၊ အရည်ပျော်၊ အခဲစိတ်ကြွရူးသွပ်ဆေး၊ ဘိန်းမည်းများစသည့် မူးယစ်ဆေးဝါးများကို ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်တရားခံ စုစုပေါင်း ၁၇၃ ဦးအား ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။

ဥပဒေပြုရေးနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး၏ စည်ပင်သာယာရေးဥပဒေကို လွှတ်တော်ဥပဒေအမှတ် (၄) ဖြင့် ပြဋ္ဌာန်းပေးနိုင်ခဲ့ပြီး နည်းဥပဒေထုတ်ပြန်နိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ပဲခူးတိုင်းဒေသကြီး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဥပဒေမူကြမ်းကို တိုင်းဒေသကြီးလွှတ်တော်တွင် စီစစ်ဆောင်ရွက်လျက်ရှိသည်။

**စံချိန်စံညွှန်းပြည့်မီအိမ်ရာ**

ဝန်ထမ်းများအတွက် စံချိန်စံညွှန်းပြည့်မီသော အိမ်ရာများကို တည်ဆောက်ပေးနေသည်။ ပြည်သူလူထုအတွက်လည်း အိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

"ပဲခူးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ လမ်း၊ တံတား၊ အဆောက်အအုံတွေ စနစ်တကျရှိစေဖို့အတွက် ပဲခူးတိုင်းဒေသကြီး ဆောက်လုပ်ရေးလုပ်ငန်းတွေ၊ ကြီးကြပ်ရေးဥပဒေ ပြဋ္ဌာန်းနိုင်ဖို့ နိုင်ငံတကာပညာရှင်တွေနဲ့ ညှိနှိုင်းရေးဆွဲလျက်ရှိပါတယ်"ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး၏ လမ်းလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်အနေဖြင့် အမာခံလမ်း၊ ကျောက်လမ်းမှ ကတ္တရာလမ်းသို့ အဆင့်မြှင့်တင်ခြင်း၊ ၁၂ ပေအကျယ်မှ ၁၈ ပေအကျယ်ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်း၊ ၁၂ ပေအကျယ် ကတ္တရာလမ်း ထပ်ပိုးလွှာခင်းခြင်းဆောင်ရွက်နိုင်ခဲ့ပြီး သံကူကွန်ကရစ်တံတား ၄၉ စင်း၊ ပိုက်ရေပြွန်တံတား ၅၄ စင်း တိုးတက်ဆောင်ရွက်နိုင်ခဲ့သည်။ ဌာနဆိုင်ရာဝန်ထမ်းများနေထိုင်ရေး အဆင်ပြေစေရန်အတွက် တိုက်ခန်း ၂၄၀ ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ **အထူးကဏ္ဍ (ဆ) သို့ »»**





ပဲခူးတိုင်းဒေသကြီးအတွင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

## တောင်သူများအတွက် တရားမဝင် ပိုးသတ်ဆေး၊ မြေဆီမြေသြဇာများ ဖမ်းဆီးတားမြစ်ခြင်း၊ တောင်သူများအကျိုးအမြတ် ပေါ်လာရေးရည်မျှော်၍ ကိုယ်ပိုင်စိုက်ခင်းများအား မျိုးစေ့အဖြစ် သန့်စင်ပေးနိုင်ရေးအတွက် နည်းပညာ အထောက်အကူပြု ပစ္စည်းများဖြင့် တောင်သူများကို အသိပညာပေး လုပ်ငန်းများ ထောက်ပံ့ပေးခဲ့ပြီးဖြစ်

**အထူးကဏ္ဍ (စ) မှ »»**

ယခင်နှစ်ရေကြီးမှုကြောင့် ကျိုးပေါက်ခဲ့သော တာတမံနှစ်ခုကို မိုးမကျမီ ငွေကျပ် ၅၄၅ သန်းကျော် အကုန်အကျခံကာ အချိန်မီ ပြုပြင်ပေးနိုင်ခဲ့သည်။ ၂၀၁၆-၂၀၁၇ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်ပျက်စီးသွားခဲ့သည့် လယ်ယာမြေများအတွက် ကျပ်သန်း ၁၀၁၆ သန်းကျော်နှင့် အရန်မျိုးစပါးတင်း ၁၆၀၀၀ ကို ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့ တင်ပြတိုင်ကြားသည့် အမှုတွဲပေါင်း ၁၂၀၇ မှုမှ ခရိုင်/မြို့နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးအဖွဲ့များသို့ အမှုတွဲပေါင်း ၈၈၁ မှုကို စိစစ်တင်ပြရာ စိစစ်ပြီးသော အမှုတွဲပေါင်း ၁၁၇ မှုတွင် ဆုံးဖြတ်ပြီး အမှုတွဲပေါင်း ၇၁ မှုနှင့် ဆုံးဖြတ်ရန်ကျန်သော အမှုတွဲပေါင်း ၄၆ မှု ရှိသည်။

### ကူးပြောင်းဆောင်ရွက်

စိုက်ပျိုးရေးကဏ္ဍတွင် ဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံနိုင်ရန် Conventional Agriculture မှ Commercial Agriculture ဆီသို့ ကူးပြောင်းဆောင်ရွက်နိုင်ရန် နည်းဥပဒေပြုစုခြင်းများ ဆောင်ရွက်လျက်ရှိသည်။

တောင်သူများအတွက် တရားမဝင် ပိုးသတ်ဆေး၊ မြေဆီမြေသြဇာများ ဖမ်းဆီးတားမြစ်ခြင်း၊ တောင်သူများ အကျိုးအမြတ် ပေါ်လာရေးရည်မျှော်၍ ကိုယ်ပိုင်စိုက်ခင်းများအား မျိုးစေ့အဖြစ် သန့်စင်ပေးနိုင်ရေးအတွက် နည်းပညာ အထောက်အကူပြုပစ္စည်းများဖြင့် တောင်သူများကို အသိပညာပေးလုပ်ငန်းများ ထောက်ပံ့ပေးခဲ့ပြီးဖြစ်သည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများတွင် တိုင်းဒေသကြီး မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းသုံး ပစ္စည်းများဖြစ်သည့် ထရန်စဖော်မာများ၊ Cable ကြိုးများနှင့် အခြားဆက်စပ်ပစ္စည်းများအား တင်ဒါခေါ်ဝယ်ယူလုပ်ဆောင်ခဲ့ရာ အရည်အသွေးပြည့်မီသည့် ပစ္စည်းများရရှိခဲ့ပြီး ပိုလျှံငွေအား တိုင်းဒေသကြီးအတွင်းရှိ လိုအပ်ချက်ရှိသော ဒေသများအတွက် ဓာတ်အားလိုင်း အဆင့်မြှင့်တင်ခြင်း၊ အသစ်သွယ်တန်းတပ်ဆင်ခြင်းများတွင် အသုံးပြုသွားမည်ဖြစ်သည်။

### တင်ဒါပိုလျှံငွေကျပ် ၂ ဒသမ ၉ ဘီလီယံ

တိုင်းဒေသကြီး ဝန်ကြီးချုပ်က "လျှပ်စစ်ကဏ္ဍအနေနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း တင်ဒါပိုလျှံငွေကျပ် ၂ ဒသမ ၉ ဘီလီယံကို ဒေသအတွင်းမှာ လိုအပ်တဲ့ဓာတ်အားလိုင်း အဆင့်မြှင့်တင်ဖို့၊ အသင့်သွယ်တန်းတပ်ဆင်ဖို့နဲ့ ကျေးရွာမီးလင်းနိုင်ဖို့အတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ပြောသည်။

သယံဇာတ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း တရားမဝင်သစ်တန် ၆၀၀၀ နီးပါးသိမ်းဆည်းရမိခဲ့ပြီး ယင်းသစ်များကို ဒေသဖွံ့ဖြိုးရေးအတွက်လိုအပ်သော စာသင်ကျောင်း၊ ဆေးရုံ၊ လမ်း၊ တံတား၊ ဌာနဆိုင်ရာ အဆောက်အအုံနှင့် ပြည်သူများသုံးစွဲရန်အတွက် စနစ်တကျစီမံခန့်မှန်းပေးနိုင်ခဲ့သည်။

### ဆင်စခန်းများ

မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ပဲခူးရိုးမအတွင်း ၁၀ နှစ်တာ သစ်ထုတ်လုပ်မှုကို ရပ်ဆိုင်းထားနိုင်ခဲ့ပြီး ပြည်သူများအပန်းဖြေလေ့လာနိုင်ရန် ပဲခူးမြို့နယ် ဘုရားကြီးမြို့အနီးတွင် ဝဂ်ဘောဆင်စခန်း၊ တောင်ငူမြို့အနီးရှိ ဖိုးကျားဆင်စခန်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေး မိုင်တိုင် (၁၀၅)တွင် မော်ရောကြီး ဆင်စခန်းနှင့် မြိုင်ဟေဝန်ဆင်စခန်းများအား ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

"နိုင်ငံတော်က သစ်ထုတ်လုပ်ခြင်းကို ၁၀ နှစ်ရပ်ဆိုင်းထားတဲ့အတွက် သစ်ထုတ်လုပ်ငန်းမှ ဆင်တွေကို ဆင်စခန်းလေးခုဖွင့်လှစ်ပြီး ပြည်သူတွေအပန်းဖြေနိုင်ဖို့ စီစဉ်ထားရှိပြီးဖြစ်ပါတယ်။ တောဆင်ရိုင်းတွေ ဖမ်းဆီးသတ်ဖြတ်ခြင်းမှ ကာကွယ်ရေးအစီအစဉ်အရ ဆင်မှုဆိုးအဖွဲ့ နှစ်ဖွဲ့ကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပါတယ်"ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြို့နယ် ၂၈ မြို့နယ်မှ ကျေးရွာ ၂၈ ရွာကို မြေငှားဂရန် ၁၈၀၄ ခု ထုတ်ပေးနိုင်ခဲ့သည်။ လူအများသောက်သုံးနေသော ကန်တော်ကြီးရေကန်အား စနစ်တကျစီမံခန့်ခွဲနိုင်ရန် ကန်တော်ကြီးကန်နှင့်အနီးတစ်ဝိုက် ရေဝေရေလဲဒေသအား အစိုးရ၏စီမံခန့်ခွဲမှုအောက်ရောက်ရှိစေရန် စီမံဆောင်ရွက်နိုင်ခဲ့သည်။

**အထူးကဏ္ဍ (ဇ) သို့ »»**






**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံသို့ တင်ပြနိုင်ရန် ဒေသအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကို ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် ကျင်းပနိုင်ခဲ့သည်။**

**အထူးကဏ္ဍ (ဆ) မှ »»**

**သဘာဝအခြေခံခရီးသွား**

မိုးယွန်းကြီး သဘာဝထိန်းသိမ်းရေး ရေတိမ်ဒေသကိုအခြေခံ၍ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပဲခူးမြစ်ဝှမ်းဒေသနှင့် စစ်တောင်းမြစ်ဝှမ်းဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ပဲခူးတိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းနိုင်ရေးအတွက် ယာဉ်မောင်းသင်တန်းကျောင်း ငါးကျောင်းကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ခရိုင်မြို့နယ်များအတွင်းရှိ ပြည်သူလူထုနှင့် အခြေခံပညာ ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်း အကြိမ်ပေါင်း (၄၃၈) ကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း အစားအသောက်နှင့် ဆေးဝါးကြီးကြပ်စိစစ်ရေးဌာနမှ ပြည်သူများ သက်ရှည်ကျန်းမာစွာ နေထိုင်အလုပ်လုပ်နိုင်ရေးအတွက် အစားအစာ ဆေးဝါးများကို ခရိုင်၊ မြို့နယ်များအလိုက် ဈေးများ၊ အခြေခံပညာကျောင်းများသို့ (၃၂) ကြိမ် ကွင်းဆင်းစစ်ဆေးခြင်း၊ အစားအသောက်များနှင့်ပတ်သက်၍ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ကျပ်သိန်း ၃၀၀ နှင့်အောက် လေလံလမ်း၊ တံတားဂိတ် ကိုးဂိတ်ကို လမ်း၊ တံတားအသုံးပြုခကောက်ခံခွင့် ရုပ်သိမ်းခြင်းများကို ဖြေလျှော့ဆောင်ရွက်ပေးခဲ့သည်။

"ပညာရေးကဏ္ဍအနေနဲ့ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွင်းမှာ အထက်တန်းကျောင်း (ခွဲ) ၁၉ ကျောင်း၊ အလယ်တန်းကျောင်း သုံးကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) လေးကျောင်း၊ မူလတန်းလွန်ကျောင်း ၄၄ ကျောင်း၊ မူလတန်းကျောင်း ၃၀၊ မူလတန်းကျောင်း(ခွဲ) ၃၅ ကျောင်း စုစုပေါင်း ၁၇၂ ကျောင်း အဆင့်တိုးမြှင့်ခွင့်ရခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း စာစစ်ဌာနဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကုသရေး၊ ကျန်းမာရေးဌာနများအနေနဲ့ စံကိုက်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးလုပ်ငန်းများ၊ ဌာနများ၊ ဌာနခွဲများဆောက်လုပ်ပေးနိုင်ခဲ့ပါတယ်"ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။

**ဒေသအလိုက်အမျိုးသားအဆင့်
နိုင်ငံရေးဆွေးနွေး**

ငြိမ်းချမ်းရေးနှင့် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီစနစ်ထူထောင်ရာ၌ တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားအဖွဲ့အစည်းများအလိုက် တူညီသည့်ခံယူချက်၊ ယုံကြည်ချက်များဖြင့် လက်တွဲဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံသို့ တင်ပြနိုင်ရန် ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ အောင်မြင်စွာပြုလုပ်နိုင်ခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က "ဒုတိယအကြိမ် (၂၁)ရာစု ပင်လုံညီလာခံအကြို ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက်ကနေ ၂၈ ရက်အထိ တောင်ငူမြို့ ပညာရေးကောလိပ်မှာ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်"ဟု ပြောသည်။

"ကျွန်တော်တို့တိုင်းဒေသကြီးအစိုးရအနေနဲ့ ပြည်သူ့အတွက် ပထမတစ်နှစ်တာကာလအတွင်းမှာ အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ဥပဒေပြုရေးနဲ့ လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးတာ၊ လူမှုစီးပွားဘဝဖြေလျှော့ပေးတာတွေကို အကောင်းဆုံးဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် တွေ့ကြုံခဲ့ရတဲ့အခက်အခဲ၊ အားနည်းချက်တွေကို သင်ခန်းစာယူပြီး လာမယ့်နှစ်တွေမှာ ပြည်သူ့အတွက် ပိုမိုအကျိုးပြုနိုင်ဖို့ ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ပဲခူးတိုင်းဒေသ ကြီးဝန်ကြီးချုပ်က ပြောကြားခဲ့ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများအတွက် ထရန်စဖော်မာများ တပ်ဆင်ပေးခဲ့သည်။**

**ငြိမ်းချမ်းရေးနှင့် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီစနစ် ထူထောင်ရာ၌ တိုင်းဒေသကြီး အတွင်းရှိ တိုင်းရင်းသား အဖွဲ့အစည်းများအလိုက် တူညီသည့်ခံယူချက်၊ ယုံကြည်ချက်များဖြင့် လက်တွဲဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစု ပင်လုံသို့ တင်ပြနိုင်ရန် ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့**


GRAND OPENING
SALES EVENT
25-3-2017 (Saturday)
SALE
50% OFF
@
JUNCTION CITY YANGON
(ဗိုလ်ချုပ်စျေးသစ်)
ကမ္ဘာ့အဆင့်
3D- CAD/CAM ၊ နည်းပညာကိုသုံး၍
Invisible and Micro Setting တို့ဖြင့် ပြုလုပ်ထားသည့်
စိန်နှင့် ကျောက်မျက် ရတနာများကို မြန်မာ့ရတနာလောကတွင်
ပထမဦးဆုံး အစမှ အဆုံးတိုင် ကိုယ်တိုင်ဒီဇိုင်းရေးဆွဲထုတ်လုပ်ပြီး
ဂုဏ်ယူဝင့်ကြွားစွာဖြင့် စတင်မိတ်ဆက်လိုက်ပါပြီ။
No.201, Level(1), Junction City Yangon, Bogyoke Market Opposite, Yangon, Myanmar.
Ph: 09451888836/09451888837/09451888839


ForEver
by Gems
ရွှေနန်းတော်
(2016 ASEAN BUSINESS INNOVATION AWARD)
၂၀၁၇ မတ်လ (၂၅)ရက်နေ့မှ ဧပြီလ (၃၀)ရက်နေ့အထိ
သိန်းပေါင်း (1800) ကျော် ချီးမြှင့်ပေးမည့်
Lucky Draw Program
(၁) Nissan brand new ကား (၂) စီး
(၂) ၅ ကျပ်သား ရွှေဆွဲကြိုး (၃) ကုံး
(၃) ၂ ကျပ်သား ရွှေဆွဲကြိုး (၃) ကုံး
(၄) ၁ ကျပ်သား ရွှေဆွဲကြိုး (၅) ကုံး
(၅) ၈ပဲ သား ရွှေဆွဲကြိုး (၁၀) ကုံး
The Most
EXCITING
Opening Sales
Up to
SALE 50% OFF
25-3-2017
(စနေနေ့) စတင်ဖွင့်လှစ်ပါပြီ
@
JUNCTION
CITY
YANGON
(မိုလ်ချုပ်ဈေးသစ်)
ချက်ခြင်းပေါက်
ချက်ချင်းယူ
ဗလာမပါကံစမ်းမဲ
(၂၅-၃-၂၀၁၇ မှ ၃၀-၄-၂၀၁၇ ထိ)
(၁) ၁ ကျပ်သား ရွှေဆွဲကြိုး (၅) ကုံး
(၂) ၈ ပဲသား ရွှေဆွဲကြိုး (၁၀) ကုံး
(၃) ၄ ပဲသား ရွှေဆွဲကြိုး (၃၀) ကုံး
(၄) ၃ ပဲသား၊ ၂ ပဲသား၊ ၁ ပဲသား၊
ရွှေလက်စွပ် (၃၀၀)ကွင်း စုစုပေါင်း
ရွှေသားကံစမ်းမဲ (၄၀၀) ဝန်းကျင်နှင့်
တခြားအဖိုးတန် ပစ္စည်းများ
ကမ္ဘာ့အဆင့်
3D- CAD/CAM ၊
Invisible and Micro Setting
စိန်နှင့် ကျောက်မျက် ရတနာများ
GIA/HRD Certificate စိန်ပွင့်ကြီးများ
ပွဲတက်ရွှေထည်လက်ဝတ်ရတနာများ
အများဆုံးဝယ်ယူသူ
(၁၀) ဦးအတွက်
ထပ်ဆင့်အထူးလက်ဆောင်မွန်
(၂၅-၃-၂၀၁၇ မှ ၃၀-၄-၂၀၁၇ ထိ)
ရွှေ (၃) ကျပ်သား (၁) ဆု
ရွှေ (၂) ကျပ်သား (၁) ဆု
ရွှေ (၁) ကျပ်သား (၅) ဆု
ရွှေ (၅) မူးသား (၅) ဆု
25-3-2017 : နံနက် (၉ : ၃၀) အခမ်းအနား ဖွင့်လှစ်ခြင်း၊
နေတိုး၊ ပြေတီဦး၊ ဟိန်းဝေယံ၊ ကောင်းပြည့်၊ ကျော်ထက်အောင်၊ ထွန်းအိန္ဒြာဗို၊ အိန္ဒြာကျော်ဇင်၊ ခိုင်သင်းကြည်၊
ဝတ်မှုံရွှေရည်၊ ဖွေးဖွေး၊ အေးမြတ်သူ၊ ယွန်းယွန်း၊ Miss မြတ်ပုဏ္ဏမီနိုင်၊ ဟန်သီ၊ Bella ၊ ယမင်းမေဦး၊
နန်းစန္ဒာလှထွန်း၊ မြတ်သီရိမွန်
25-3-2017 - 28-3-2017 : နိုင်ငံကျော်အနုပညာရှင်များမှ အမှတ်တရဓါတ်ပုံရိုက်ကူးခြင်း၊ လက်မှတ်ရေးထိုးခြင်း
ပထမဦးဆုံးဝယ်ယူသူ(၁၅၀)ကို (1gm) White Gold ဆွဲသီးလက်ဆောင်ပေးမည်၊
(ကံစမ်းရန်မလို)
MPU/Visa/Master/Debit Cards
Silver/ Gold/ Platinum card
အကျိုးခံစားခွင့်များ
စင်ကာပူနိုင်ငံမှ Manderville Conservatory (Electric String Instruments)
Hit it Productions (DJ Console LED Barrels ) တို့၏ဖျော်ဖြေမှု
နိုင်ငံကျော်တေးသံရှင်များ - ဖြိုးပြည့်စုံ၊ စောလားထော်ဝါး၊ ထွန်းနောင်ဆင့်၊ M ဇော်ရိန်၊ ဇွဲပြည့်၊ ထွန်းအိန္ဒြာဗို၊ ပြုံးပြုံးကျော်သိန်း၊ ဝိုင်းစုခိုင်သိန်း၊ ချမ်းချမ်း၊ အိမ့်ချစ်၊ နင်ဇီမေ

